# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ်(၀၉၆)


# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးတို့အတွက် အဓိကလိုအပ်ချက်မှာ ယုံကြည်မှုပင်ဖြစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူများ ခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည့် ဤနေ့ထူးနေ့မြတ်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

သမိုင်းကြောင်းတစ်လျှောက် ကိုယ့်ထီးကိုယ့်နန်းနှင့် နေထိုင်ခဲ့သည့် မြန်မာနိုင်ငံအား အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့က ၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်များတွင် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲခဲ့ရာ ၁၈၈၅ ခုနှစ် နိုဝင်ဘာလတွင် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။ လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် လမ်းစရှာကြံ လမ်းစဉ်ညွှန်ပြခဲ့ပြီး သတ္တိဗျတ္တိနှင့်ပြည့်စုံသော အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်လျက် ထက်မြက်သောမျိုးချစ်ခေါင်းဆောင်ကြီးများနှင့်တကွ တောင်တန်းမြေပြန့်မကျန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး မဆုတ်မနစ်သော ဇွဲ လုံ့လ ဝီရိယတို့ဖြင့် အသက်သွေးချွေးမြောက်မြားစွာ ရင်းနှီးပြီး တိုက်ပွဲဝင်ခဲ့ကြရပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအင်အားစွမ်းပကားကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပေါ်ထွန်းလာကာ လွတ်လပ်ရေးကို ပြန်လည် ရယူနိုင်ခဲ့ပါသည်။ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက "× × × ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့်ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြား



**နေပြည်တော် ဇန်နဝါရီ ၃**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဒုတိယသမ္မတက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ပြန်လည်ဖွဲ့စည်းပြီးနောက် ယခုအကြိမ်အပါအဝင် အစည်းအဝေး(၉)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ရေနှင့်ဆက်နွှယ်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲရေးနှင့် အကျိုးရှိစွာအသုံးချနိုင်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ် ကဏ္ဍဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး အခက်အခဲများရှိပါက ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးများကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းအများစုကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊


*စာမျက်နှာ ၄ ကော်လံ ၁* ✽



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# လွတ်လပ်ရေးမှ ငြိမ်းချမ်းရေးသို့

ယနေ့သည် ကျက်သရေမင်္ဂလာရှိလှသော မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ ဖြစ်ပါသည်။ ကျွန်ဘဝက လွတ်မြောက်ကာ လွတ်လပ်ရေးရခဲ့သည်မှာ ၇၁ နှစ်ရှိပြီ။

၄ ဇန်နဝါရီ ၁၉၄၈ နံနက် ၄ နာရီ မိနစ် ၂၀ တွင် အတွင်းဝန်ရုံးအတွင်းရှိ တိုင်းပြု ပြည်ပြုလွှတ်တော်ရှေ့ အလံတိုင်ပေါ်က ဗြိတိသျှတို့၏ ယူနီယံဂျက် အလံကို ဖြုတ်ချကာ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်လိုက်ခြင်းဖြင့် မြန်မာ့လွတ်လပ်ရေးကာလ စတင်လိုက်သည်။

သည်လို လွတ်လပ်ရေးရခဲ့ဖို့အတွက် အမျိုးသားလွတ်မြောက်ရေး ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတို့တွင် အသက် စွန့်လွှတ်ခဲ့ကြရ၊ နည်းမျိုးစုံဖြင့် စွန့်စားခဲ့ကြရ၊ ပေးဆပ်ခဲ့ကြရသော နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားလူမျိုးစုအသီးသီးတို့၏ ကျေးဇူးဖြင့် ကိုယ့်နိုင်ငံ တော်၏ အလံကို ကိုယ်တိုင် မြင့်မြင့်မားမား လွှင့်ထူကာ ဂုဏ်ယူနိုင်ခဲ့ကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတော်တွင်းရှိ ပြည်သူတို့၏ လွတ်လပ်ရေးတိုက်ပွဲ အရှိန် အဟုန်ကို အမြင့်ဆုံးရောက်အောင် မြှင့်တင်ပေးလိုက်သည့် တို့ဗမာအစည်း အရုံးကြီးက မွေးထုတ်လိုက်သော လူငယ်သခင်တို့၏ လွတ်လပ်ရေးကို မရအရယူမည်ဟူသည့် သန္နိဋ္ဌာန် စိတ်ဓာတ်နှင့် သတ္တိတို့က မြန်မာ တစ်မျိုးသားလုံး၏ လွတ်လပ်ရေးပန်းတိုင်ဆီသို့ သယ်ဆောင်သွားခဲ့ လေသည်။

တို့ဗမာအစည်းအရုံးကြီး၏ တို့ဗမာသီချင်းကို အခြေခံကာ ရေးဖွဲ့ထား သည့် လွတ်လပ်သော နိုင်ငံတော်သီချင်းလာ 'တရားမျှတ လွတ်လပ်ခြင်းနဲ့ မသွေ တို့ပြည် တို့မြေ၊ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒ ဖြူစင်တဲ့မြေ တို့ပြည်တို့မြေ၊ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန် ပြုပေ ထိန်းသိမ်းစို့လေ' ဟူသည့် လွတ်လပ်ရေးရည်မှန်းချက်မှာ အဓိပ္ပာယ် ပြည့်ဝ လေးနက်လှပေသည်။

လွတ်လပ်ရေးအတွက် အသက်စွန့်သွားခဲ့ကြသည့် အာဇာနည်များနှင့် တကွ တိုင်းရင်းသားပြည်သူအပေါင်းကို ဦးညွှတ်ရင်း သူ့ကျွန်ဘဝက လွတ်မြောက်ရသောဂုဏ်ကို အတိုင်းမသိ ကျေးဇူးတင်မိရပါသည်။

အခြားတစ်ဖက်တွင်မူ လွတ်လပ်ရေးရခဲ့သည်မှာ ၇၁ နှစ် ရှိခဲ့ပြီ ဆိုသော်လည်း ယနေ့ထက်တိုင် လွတ်လပ်ရေး၏ အရသာစစ်စစ်ကို ပြည့်ပြည့်ဝဝ မခံစားနိုင်ကြသေးသည့် ပြည်သူတို့ အနယ်နယ်အရပ်ရပ်တွင် ရှိနေဆဲ။

ပြည်သူလူထု၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ မြင့်မားခိုင်မာရေး၊ စစ်ပွဲများလုံးဝရပ်စဲပြီး တိုင်းပြည်နှင့်အဝန်း နယ်စွန်နယ်ဖျားမကျန် ငြိမ်းချမ်းရေးရပြီဆိုသည်ကို ဟစ်ကြွေးနိုင်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ထောင်နိုင်ရေးတို့ကို ဆက်လက်ကြိုးပမ်းနေရဆဲ ဖြစ်နေ ရသည်ကို နက်နက်နဲနဲ စဉ်းစားကြည့်ကြဖို့လိုပြီဟု ယူဆပါသည်။

မြန်မာပြည်သူလူထုမှာ လွတ်လပ်ရေးရပြီးခါစ ကာလတိုလေးတစ်ခု တွင်သာ လွတ်လပ်ရေးဟူသည့် ပွဲလမ်းသဘင်တစ်ခုကို ဆင်နွှဲလိုက်ရသလို ရှိခဲ့ပြီး စစ်ပွဲများအောက်တွင်၊ စစ်အင်အားစုများ၏အောက်တွင် ဒုက္ခ ပင်လယ်ထဲ လက်ပစ်ကူးရင်း မသက်မသာနေကြရ၊ ဆင်းရဲမွဲတေမှုတွင်းထဲ နှစ်သထက်နှစ်နေကြရ၊ စားဝတ်နေရေး ပညာရေး ကျန်းမာရေး စသည့် အခြေခံလေးမျှကိုပင် မပြည့်မစုံရှိရသည်မှာ ကြာလှပြီ။

တိုင်းပြည်ကို အမှန်တကယ် ချစ်မြတ်နိုးသည့်၊ ပြည်သူလူထု၏ အကျိုးစီးပွားကို အမှန်တကယ်လိုလားသည့် နိုင်ငံရေးအင်အားစုများ၏ ညီညွတ်ရေးကို ပြည်သူတို့က မြင်ချင်လှပြီဖြစ်ပါသည်။

(၇၁)နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနှင့်အတူ ငြိမ်းချမ်းရေးသည် ထက်ကြပ်မကွာ လိုက်ပါအောင်မြင်ပါစေသား။ ။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

**၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံ၊ သမ္မတ ဒေါ်နယ်ထရမ့်ထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၄-၁-၂၀၁၉ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် နိုင်ငံတော်သမ္မတနှင့် မြန်မာပြည်သူများထံသို့ အမေရိကန်ပြည်သူများမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ မိတ်ဖက်ဆက်ဆံရေး တိုးတက် လာစေရန်အတွက်လည်းကောင်း၊ မြန်မာပြည်သူပြည်သား၊ တိုင်းရင်းသားလူမျိုးစု အားလုံး ခံစားနိုင်မည့် ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း တည်ဆောက်ရေးအတွက်လည်းကောင်း အမေရိကန်ပြည်ထောင်စုအနေဖြင့် ဆက်လက်အားပေး ထောက်ခံသွားရန် ထပ်လောင်းကတိပြုပါသည်။

အတွက် ဆက်လက်၍ အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သား များ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ ဗလာဒီမီယာ ပူတင်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးအပေါ် အားရကျေနပ်မိပါကြောင်း၊ နှစ်နိုင်ငံပြည်သူများအကျိုးအတွက် အာရှ-ပစိဖိတ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ ခိုင်မာစေရန် ရည်သန်လျက် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြင့်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်ကျန်းမာ၍ အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ ငြိမ်းချမ်း၍ ကြွယ်ဝချမ်းသာပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ ရှီကျင့်ဖျင်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ၇၁ နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် တရုတ်နိုင်ငံအစိုးရနှင့် တရုတ်ပြည်သူလူထုကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရ၊ မြန်မာပြည်သူ လူထုအား လှိုက်လှဲစွာ ထောမနာဂုဏ်ပြုပြီး ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြအပ်ပါသည်။

လွန်ခဲ့သော ၁ နှစ်အတွင်းတွင် အဆွေတော်နှင့် မြန်မာအစိုးရ၏ ဦးဆောင်မှု အောက်၌ မြန်မာနိုင်ငံသည် စီးပွားရေးတည်ဆောက်မှု၊ ပြည်သူ့လူမှုဘဝတိုးတက်မှု၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပြည်ပဆက်ဆံရေး အစရှိသောကဏ္ဍများတွင် အရေးကြီး သည့် အောင်မြင်မှုများရရှိခဲ့ပြီး ချစ်ခင်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံနှင့် ဆွေမျိုးပေါက် ဖော်အနေနှင့် တရုတ်နိုင်ငံက ချီးကျူးဂုဏ်ပြုပါကြောင်း ဖော်ပြလိုပါသည်။ လက်ရှိ အချိန်တွင် တရုတ်-မြန်မာ ဆက်ဆံရေးသည် စဉ်ဆက်မပြတ် နက်နဲလာနေပြီး ကဏ္ဍ ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတွင်လည်း တိုးတက်မှုများ စဉ်ဆက်မပြတ် ရရှိနေ သည်ကို ဝမ်းမြောက်စွာ တွေ့မြင်ရပါသည်။ မိမိအနေဖြင့် တရုတ်- မြန်မာ ဆက်ဆံရေး ကို မြင့်မားစွာအလေးထားပြီး တရုတ်-မြန်မာဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်း ဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးတွင် အခန်းကဏ္ဍသစ်တစ်ခုပြီးတစ်ခု ဝင်ရောက် နိုင်အောင် အဆွေတော်နှင့်အတူ တွန်းအားပေးကာ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူလူထု အတွက် အကျိုးစီးပွားပိုမိုဖြစ်ထွန်းစေရေး ဆောင်ရွက်သွားရန် ဆန္ဒပြုအပ်ပါသည်။

မြန်မာနိုင်ငံ စည်ပင်သာယာဝပြောပါစေကြောင်း၊ ပြည်သူလူထု ချမ်းမြေ့ ရွှင်လန်းပါစေကြောင်း ဆုတောင်းပါသည်။

အဆွေတော် ကျန်းမာချမ်းသာပါစေကြောင်းနှင့် အစစအရာရာအဆင်ပြေ ချောမွေ့ပါစေကြောင်း ဆုတောင်းပါသည်။

## နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ မွန်ဂျေအင်းမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအားလုံးထံသို့ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နှစ်ပေါင်းများစွာကတည်းကပင် မိမိတို့နှစ်နိုင်ငံသည် ကဏ္ဍမျိုးစုံတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်၍ ချစ်ခင်ရင်းနှီးသော ဆက်ဆံရေး ရှိခဲ့ပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံအကြား အနာဂတ်တွင် ပိုမိုခိုင်မြဲပြီး နီးကပ်သော ဆက်ဆံရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ကို တိုးမြှင့်သွားရန်လည်း မျှော်လင့်ပါသည်။ ထို့ပြင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ခင်ရင်းနှီးမှုဖြင့် လုပ်ငန်းကိစ္စများတွင် ပိုမိုလုပ်ဆောင်သွားနိုင်မည်ဟု မိမိအနေ ဖြင့် အခိုင်အမာယုံကြည်ပါသည်။

အဆွေတော်ကျန်းမာပါစေကြောင်းနှင့် အဆွေတော်၏ ကြိုးပမ်းအားထုတ်မှုများ အတွက် ဆက်လက်၍ အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သား များ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဗြိတိန်နိုင်ငံ၊ ဒုတိယမြောက် အယ်လဇဘက် ဘုရင်မကြီးထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လာမည့်နှစ်တွင် အဆွေတော်နှင့် မြန်မာ ပြည်သူ ပြည်သားများ ပျော်ရွှင်ပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ၊ သမ္မတ ရှရီရမ် နက်သ်ကိုဗင့်ဒ် ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း အဆွေတော်နှင့်အတူ နိုင်ငံတော်အစိုးရနှင့် ပြည်သူများအား အိန္ဒိယနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား နှုတ်ခွန်းဆက်သအပ်ပါသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း သာယာလှပသော မြန်မာနိုင်ငံသို့ မိမိအနေဖြင့် ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်ကို နှစ်ခြိုက်စွာ ပြန်ပြောင်း သတိတရဖြစ်ရပါသည်။ ထိုခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်သူလူထုချင်း ဆက်သွယ်ချိတ်ဆက်မှုများ တိုးမြှင့်ရန်အတွက် အဆွေတော်နှင့် မိမိတို့ သဘောတူညီခဲ့ကြပါသည်။

ယဉ်ကျေးမှု၊ ဘာသာတရား၊ ဘာသာစကားနှင့် လူမျိုးစုဆက်နွှယ်မှုများက အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အား စည်းနှောင်ယှက်နွယ်ထားပြီး မိမိတို့၏ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးချဲ့လာနိုင်ခဲ့ကြ ပါသည်။ လာမည့်ကာလများတွင် ဤသို့ မိတ်သဟာယပြုမှုကို မိမိတို့ ဆက်လက်ပြီး ခိုင်မြဲရန် ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာနိုင်ငံတော်နှင့် ပြည်သူ ပြည်သား များ ဆက်လက်ဖွံ့ဖြိုးတိုးတက် သာယာဝပြောပါကြောင်း ဆုမွန်တောင်းအပ်ပါသည်။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဂျပန်နိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး မှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နှုတ်ခွန်းဆက်သပါသည်။

ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍ များ အပါအဝင် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးချဲ့နိုင်သည့် အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် ဆက်လက်ကူညီထောက်ပံ့သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည်ဖြစ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ စင်ကာပူသမ္မတနိုင်ငံ၊ သမ္မတ မဒမ် ဟာလီမာရာကော့ထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် စင်ကာပူပြည်သူများကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူပါကြောင်း ပြောကြားအပ်ပါသည်။

စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု နှင့် နယ်ပယ်ကဏ္ဍစုံ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် ထူးခြား ကောင်းမွန်သော ဆက်ဆံရေးကို ပိုင်ဆိုင်ထားပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း စင်ကာပူ နိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌ တာဝန်ယူခဲ့စဉ် မြန်မာနိုင်ငံ၏ အားပေးထောက်ခံမှုများ အတွက် ကျေးဇူးတင်ရှိပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံ အကြား ကဏ္ဍစုံဆက်ဆံရေးကို မြှင့်တင်သွားရန်နှင့် အာဆီယံအဖွဲ့ကြီးတွင်လည်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရန် အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက် သွားမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့်ဇနီးဖြစ်သူတို့ ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူ များ ငြိမ်းချမ်းသာယာ၍ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

- ❒ **တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ခါးသီးသည့် သမိုင်းအတွေ့အကြုံများကို သင်ခန်းစာအဖြစ်ရယူကာ ကမ္ဘာ့အလယ်တွင် ငြိမ်းချမ်းသာယာဝပြောသည့် ပြည်ထောင်စုကြီးအဖြစ် ဝံ့ကြွားထည်ဝါစွာ ထာဝစဉ်တည်တံ့နိုင်ရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ စုပေါင်းအင်အားဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်း**
- ❒ **အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုတို့ကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို မလွဲမသွေ တည်ဆောက်နိုင်မည်**

❖ *ရှေ့ဖုံးမှ*

အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ် × × ×”ဟု လမ်းညွှန်ခဲ့ပါသည်။ ထို့အပြင် “× × × ကျွန်တော့်အမြင်အရဆိုရင်တော့ အထက်လူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးတွေကို စည်းကမ်းသတ်မှတ်ပေးပြီးတော့ (Unitary State) လူမျိုးကြီးတစ်မျိုးတည်းဆိုတဲ့ နိုင်ငံမျိုးတော့ထောင်လို့မဖြစ်ဘူး။ ပြည်ထောင်စုသဘောမျိုးပဲဖြစ်ရမှာပဲ × × ×” ဟုလည်း မိန့်ကြားခဲ့ပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်းအကြား ယုံကြည်မှုများ လျော့နည်းလာပြီး သံသယစိတ်များ ကြီးထွားလာကာ ပြည်တွင်းပဋိပက္ခများ မျိုးစုံပေါ်ပေါက်ခဲ့ပါသည်။ ထိုအမွေဆိုးများကို ဆက်လက်ခံယူကျင့်သုံးကြသောကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှု ယိုယွင်းခဲ့ရပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုမှာလည်း နောက်ကျကျန်နေခဲ့ရပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ခါးသီးသည့် သမိုင်းအတွေ့အကြုံများကို သင်ခန်းစာအဖြစ်ရယူကာ ကမ္ဘာ့အလယ်တွင် ငြိမ်းချမ်းသာယာဝပြောသည့် ပြည်ထောင်စုကြီးအဖြစ် ဝံ့ကြွားထည်ဝါစွာ ထာဝစဉ်တည်တံ့နိုင်ရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ စုပေါင်းအင်အားဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။

ယခုအချိန်အခါသည် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ခေါင်းဆောင်များ မျှော်မှန်းခဲ့သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး ရည်မှန်းလျက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုးပမ်းတည်ဆောက်လျက်ရှိသော အချိန်အခါဖြစ်ပါသည်။ ထိုသို့တည်ဆောက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးများကျင်းပလျက်ရှိရာ တတိယအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီကျင့်စဉ်များ၊ ဖက်ဒရယ်အခြေခံမူများ သဘောတူညီမှုရရှိထားပြီးဖြစ်ပါသည်။ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုတို့ကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို မလွဲမသွေ တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးတို့အတွက် အဓိကလိုအပ်ချက်မှာ ယုံကြည်မှုပင် ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ကင်းစင်ကာ ခိုင်မာသည့် ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရမည် ဖြစ်ပါသည်။ ယင်းမှတစ်ဆင့် တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့် ဖက်ဒရယ်မူများနှင့်အညီ မိမိနိုင်ငံတော်နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှအခွင့်အရေးရရှိခြင်းနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့၏ အမျိုးသားရေးဦးတည်ချက် (၅)ရပ် ဖြစ်သည့်-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး “စုပေါင်းအင်အား” ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊
- နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာတားဆီးကာကွယ်ရေး၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး၊

တို့ကို အလေးအနက်ခံယူပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် နှိုးဆော်လိုက်ပါသည်။

နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများအားလုံး အေးချမ်းလုံခြုံစွာ ဥမကွဲသိုက်မပျက် နေထိုင်နိုင်မည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရန် လည်းကောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းဒေသကြီး၊ ပြည်နယ် မခွဲခြားဘဲ ဒီမိုကရေစီအသီးအပွင့်များ ခံစားစံစားနိုင်ကြစေရန် လည်းကောင်း၊ မိမိတို့၏ လိုအင်ဆန္ဒများ ပြည့်ဝစေရေးအတွက် စိတ်ရောကိုယ်ပါ ညီညွတ်ကြလျက် ဖြူစင်သောစိတ်ထား၊ မှန်ကန်သောစေတနာတို့ဖြင့် ကြိုးပမ်းအားထုတ်ကြပါဟု ရင်းနှီးချစ်ခင်စွာ တိုက်တွန်းလျက် သဝဏ်လွှာ ပေးပို့လိုက်ပါသည်။

## ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများ၊ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှု ဓာတ်ပုံပြပွဲနှင့် အားကစားရုံဖွင့်ပွဲအခမ်းအနားများ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၃**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများ၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု ဓာတ်ပုံပြပွဲနှင့် အဆင့်မြင့်အားကစားကွင်း၊ အားကစားရုံဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ ဖြူးမြို့နယ်မှ မနွယ်နီအောင်နှင့် နိုင်ငံတကာ သချာစွမ်းရည်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ မောင်သွေးသွေး ထူးချွန်ကျောင်းသားတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



### ယှဉ်ပြိုင်မည့်ပွဲတိုင်း အောင်မြင်မည်

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဖွင့်ပွဲအခမ်းအနားအဖြစ် ဖြူးမြို့နယ်တွင် မြို့နယ်အင်္ဂါရပ်နှင့်အညီ မြို့တော်ခန်းမ၊ အဆင့်မြင့်အားကစားကွင်း/ အားကစားရုံ၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုဆေးရုံစသည်တို့ အဆင့်မီစွာ ရရှိနိုင်ရေး ကြိုးစားဆောင်ရွက်ရာတွင် ယခုကဲ့သို့ အားကစားကွင်း/အားကစားရုံများ အဆင့်မီမီ အဆင့်မြင့်တင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ အားကစားသည် လူတိုင်းအတွက် အရေးကြီးသလို မြို့နယ်၊ နိုင်ငံတိုင်းတွင်လည်း အရေးကြီးသောအရာပင်ဖြစ်ပါကြောင်း၊ အားကစားပြုလုပ်ခြင်းဖြင့် ရရှိနိုင်သောအရာများမှာ အားကစားစိတ်ဓာတ်ကောင်းမွန်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ စည်းလုံးညီညွတ်ခြင်း စသည်တို့ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အဆင့်မြင့်တင်ပြုပြင်ထားရှိသော အားကစားကွင်း/ အားကစားရုံများကို အသုံးပြု၍ ဖြူးမြို့နယ်သူ/ မြို့နယ်သားများအနေဖြင့် စိတ်ဓာတ်ပိုမိုကြံ့ခိုင်လာအောင်၊ စည်းကမ်းပိုမိုကောင်းမွန်လာအောင် အချင်းချင်းစည်းလုံးညီညွတ်မှု ပိုမိုရရှိလာအောင်၊ အားကစားပြုလုပ်ခြင်းဖြင့် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အားကစားသမားကောင်းတစ်ယောက်သည် အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်ဖြင့် ပြိုင်ပွဲဝင်နိုင်ရန်အတွက် အချိန်မှန်အိပ်၊ အချိန်မှန်လေ့ကျင့်ပြီး ကောင်းမွန်သောစည်းကမ်းဖြင့် နေထိုင်လေ့ကျင့်ထားပြီး အားကစားသမား အသင်းဝင်အချင်းချင်း စည်းလုံးညီညွတ်မှုရှိရှိဖြင့် လေ့ခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ အနိုင်မခံ အရှုံးမပေးသည့်စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားမည့် ထိုပြိုင်ပွဲတိုင်းကို အောင်မြင်မည် ဖြစ်ပါကြောင်း။

ထိုသို့ အားကစားစိတ်ဓာတ်ကို အခြေခံပြီး လူတိုင်းလူတိုင်း လိုက်နာကျင့်သုံးနိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လည်းကောင်း အရာရာအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် မှန်ကန်သောစိတ်ဓာတ်၊ မှန်ကန်သောစည်းကမ်း၊ မှန်ကန်သော စည်းလုံးညီညွတ်မှုကို အားလုံးမွေးမြူရန် လိုအပ်ပြီး အားကစားကို လေ့လာလိုက်စားခြင်းဖြင့် အဆိုပါအခြေခံကောင်းများရရှိပိုင်နိုင်မှာဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဆိုပါ အားကစားမှရရှိသော အခြေခံအချက်များသည် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဖြူးမြို့နယ် အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဖြူးမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ စားပွဲတင် တင်းနစ်ခုံသုံးလုံးနှင့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အားကစားပစ္စည်းများကို ပံ့ပိုးလှူဒါန်းရာ ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက လက်ခံရယူသည်။

### ဂုဏ်ပြုဆုပေးအပ်

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ အေရိုးဗစ်အကများဖြင့် သရုပ်ပြဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူလေးများအား ဂုဏ်ပြုဆုပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများက အားကစားသမားများ လေ့ကျင့်နေမှုများနှင့် အားကစားကွင်း၊ အားကစားရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း



ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်



ပြည်ထောင်စုဝန်ကြီး
ဦးစိုးဝင်း

✽ *ရှေ့စုံးမှ*

ကျန်ရှိနေသေးသည့် လုပ်ငန်းများကိုလည်း ဆက်လက်ပြီး ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ဆုံးဖြတ်ချက်များ ချမှတ်**

၂၀၁၈ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရပြီးနောက် ဩဂုတ် ၃၁ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားအဆင့်ရေအရင်းအမြစ် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈)တွင် မြို့များ၌ ရေကြီးရေလျှံမှုများ မဖြစ်စေရေးအတွက် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရန်နှင့် ပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ်စေရေးအတွက် စည်းကမ်းချမှတ် ဆောင်ရွက်ရန်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်၊ ဘီးလင်းမြစ်၊ တနင်္သာရီမြစ်နှင့် ဒေါင်းမြူးချောင်းတို့တွင် ရေကြီးရေလျှံမှု လျော့ပါးရေး အစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဆည်များ၏ကြံ့ခိုင်မှုနှင့် ပတ်သက်ပြီး စစ်ဆေးရန်၊ ဆည်များ၏အောက်ဘက်တွင်နေထိုင်သည့် ပြည်သူများကို အသိပညာပေးရန်နှင့် လိုအပ်သည့် သတိပေးချက်များ ထုတ်ပြန်ရန်၊ တနင်္သာရီမြို့နှင့် ဘားအံမြို့တွင်ရှိသည့် တာပေါင်များကို စစ်ဆေးဆောင်ရွက်ရန်၊ ကားလမ်း၊ ရထားလမ်းများနှင့် ဆက်စပ်နေရာများတွင် ရေထွက်ပေါက်များနှင့် ရေတံခါးများတပ်ဆင်ရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါကြောင်း၊ ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး အများစုကိုကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

မိမိတို့နိုင်ငံအနေဖြင့် အခြားအရှေ့တောင်အာရှ နိုင်ငံများနည်းတူ မိုးရာသီတွင် ဆိုင်ကလုန်းမုန်တိုင်းများ၊ ရေကြီးရေလျှံမှုများနှင့် ကမ်းပြိုကမ်းစားမှုများ ကြုံတွေ့ရလေ့ရှိပြီး နွေရာသီတွင် ရေရှားပါးမှုပြဿနာများကို ကြုံတွေ့ရလေ့ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေနှင့်ပတ်သက်သည့် သဘာဝဘေးအန္တရာယ်ခံစားရသူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဆိုင်ကလုန်း Shelter များ အပါအဝင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် နှစ်စဉ်ဘဏ္ဍာငွေများစွာကို ကျခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မကြာမီပူပြင်းခြောက်သွေ့သည့် နွေရာသီကာလကို ရောက်ရှိတော့မည်ဖြစ်သည့်အတွက် နွေရာသီတွင် ကြုံတွေ့ရတတ်သည့် ရေရှားပါးမှုနှင့် ရေပြတ်လပ်မှု ပြဿနာများ လျော့နည်းသက်သာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ အလားတူ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေမှု၊ ရေကြောင်းသွားလာရေး လုံခြုံချောမွေ့စေမှု၊ ကမ်းပြိုကမ်းစားကာကွယ်မှု၊ ရေထုညစ်ညမ်းမှုထိန်းချုပ်မှုတို့အပြင် ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များအကြား ဆက်လက်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းပြီးနောက် နှစ်စဉ် မတ်လ ၂၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ရေနေ့(World Water Day) အထိမ်းအမှတ် အခမ်းအနားများကို ကော်မတီကကြီးမှူးပြီး ရေနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုနှင့် ကျင်းပလျက်ရှိပါကြောင်း၊ ကမ္ဘာ့ရေနေ့ ၂၀၁၉ အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနား၊ ရေဆိုင်ရာ ဆွေးနွေးပွဲများနှင့် ပြပွဲအခမ်းအနားများကို လာမည့်မတ်လ ပထမပတ်အတွင်း နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယခုနှစ်အတွက် ကမ္ဘာ့ရေနေ့ အကြောင်းအရာမှာ လူသားအခွင့်အရေးအတွက် ဒုက္ခသည်များအပါအဝင်မည်သူကိုမျှ နောက်တွင် ချန်မထားခဲ့ရေး "Leaving No One Behind" ဖြစ်ပါကြောင်း၊ ကမ္ဘာ့ရေနေ့ ၂၀၁၉ အထိမ်းအမှတ် အခမ်းအနား ကျင်းပရေးအတွက် ယခင်နှစ်များကဲ့သို့ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း။

**များစွာအထောက်အကူပြု**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် ရေဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့် ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ နော်ဝေ၊ ပြင်သစ်အပါအဝင် နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် စီမံကိန်းများ၊ လေ့လာမှုများအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ASEAN ပူးပေါင်းဆောင်ရွက်မှု၊ Mekong River Commission, Lancang-Mekong Cooperation စသည်တို့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရေနှင့်ဆက်နွှယ်သည့် အချက်အလက်များ စုဆောင်းခြင်းနှင့် လေ့လာမှုများ၊ စီမံကိန်းလုပ်ငန်းများကိုဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများအကြား အချက်အလက်များ မျှဝေကာ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အချက်အလက်များ ပိုမိုပြည့်စုံစွာဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

**တက်တက်ကြွကြွ ဝိုင်းဝန်းဆွေးနွေး**

ကော်မတီနှင့် ဆက်နွှယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ရေနှင့်ဆက်နွှယ်သည့် လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အခြားဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အကြံပြုချက်များနှင့်ပတ်သက်ပြီး ကော်မတီဝင်များအနေဖြင့် တက်တက်ကြွကြွ ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန်လိုပါကြောင်း၊ ဝန်ကြီးဌာနအဖွဲ့အစည်းများအကြား ရေဆိုင်ရာအချက်အလက်များကိုလည်း စနစ်တကျ မျှဝေပေးကြရန်လိုပါကြောင်း၊ နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရှိ ထိရောက်စေသည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများမှလည်း ဆက်လက်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က နွေရာသီတွင် ရေရှားပါးမှုပြဿနာကြုံတွေ့လာနိုင်မှု၊ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မှု၊ မြစ်ချောင်းများ ရေထုညစ်ညမ်းမှုနှင့် မြစ်ချောင်းများအတွင်း အမှိုက်စွန့်ပစ်မှုများ ကာကွယ်ရေး၊ မြစ်ကြောင်းထိန်းသိမ်းရေး၊ ကောင်းမွန်သည့် ရေဥပဒေထွက်ရှိရေးနှင့် ရေကြီးရေလျှံမှု လျော့ပါးရေးအတွက် ရေတို၊ ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈)ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ပြီး ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ဆဲ ဆုံးဖြတ်ချက်များ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း၊ ရေဆိုင်ရာအချက်အလက်များမျှဝေခြင်း၊ ရေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် ဆောင်ရွက်သွားရမည့်လုပ်ငန်းများ၊ ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ပြင်ဆင်လျာထားမှု၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ထည့်သွင်းလျာထား**

ဆက်လက်၍ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အကြံပေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆည်၊ တမံများ တည်ဆောက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ၊ ရေကြီးရေလျှံမှု လျော့နည်းစေရန် ဆောင်ရွက်သင့်သည့် အစီအမံများ၊ ရေဥပဒေရေးဆွဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ရွှေခရုမှတစ်ဆင့် ကူးစက်နိုင်သောရောဂါအား ကြိုတင်ကာကွယ်ရေးနှင့် အကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဝန်ကြီးဌာနအလိုက် သဘာဝဘေးအတွက် ရန်ပုံငွေများ ထည့်သွင်းလျာထားရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက မိုးရေစုဆောင်းခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းစသည့် ရေရရှိရေးဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုနှင့် ရေကြီးရေလျှံမှုများ သက်သာစေရန် ကနဦးဆောင်ရွက်ရမည့် လုပ်ငန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သဘာဝရေထွက်များ ထိန်းသိမ်းထားရှိမှု၊ ရေသယံဇာတအရင်းအမြစ်များ စီမံအုပ်ချုပ်လုပ်ကိုင်နေမှု၊ ပြည်တွင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး ရေအားလျှပ်စစ်ထုတ်လုပ်မှုအခြေအနေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နှစ်စဉ် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ ကမ်းပြိုမှု၊ မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ရေဥပဒေထွက်ရှိရေး၊ ရေကြီးရေလျှံမှုနှင့် ရေရှားပါးမှု လျော့နည်းသက်သာစေရေး လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရေဝေရေလဲထိန်းသိမ်းရေး လုပ်ငန်းများ၊ ဝန်ကြီးဌာန အဖွဲ့အစည်းအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ စီမံကိန်းလျာထားချက်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသောလုပ်ငန်းများနှင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

**အားကြိုးမာန်တက် ပူးပေါင်း**

ထို့နောက် ဒုတိယသမ္မတက ပြန်လည်သုံးသပ် ဆွေးနွေးရာတွင် ယနေ့အစည်းအဝေးတွင် ဆွေးနွေးတင်ပြသည့် အချက်များသည် အလေးထားဆောင်ရွက်ရန်နှင့် သတိပြုရန် အချက်များဖြစ်၍ ဆွေးနွေးတင်ပြသူများအားလုံးကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ၊ ကမ္ဘာ့ရေနေ့ (World Water Day) အထိမ်းအမှတ် logo ၌ မိမိတို့နိုင်ငံ၏ အင်းလေးကန်ပုံကို ဖော်ပြခြင်းသည် ကမ္ဘာက မိမိတို့နိုင်ငံ၏ရေအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုများအား တန်ဖိုးထားအသိအမှတ်ပြုခြင်းဖြစ်၍ မိမိတို့အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူရမည် ဖြစ်ပါကြောင်း၊ ရေနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် ဆက်စပ်ဌာနအဖွဲ့အစည်းများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုရလဒ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရှေ့လျှောက် ရေနှင့်ပတ်သက်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်လက်ပြီး တက်ညီလက်ညီ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၃

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးရွာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ သီပေါမြို့၊ ပင်လောင်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ရမ်ကလောင်းတို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အီဂျစ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဇန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Khaled Mohamed Abdelrahman Abdelsalam အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် အီဂျစ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန် စင်ကာပူသံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဆောင်၊ မြေညီထပ်၊ ဒုတိယနာယက နားနေခန်း၌ စင်ကာပူသံအမတ်ကြီး Ms. Vanessa Chan အား တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား၊ နှစ်နိုင်ငံပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံမှုအပြီးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်ထံ စင်ကာပူသံအမတ်ကြီးက ပြည်ထောင်စုလွှတ်တော် စာကြည့်တိုက်အတွက် စင်ကာပူနိုင်ငံဆိုင်ရာ စာအုပ်စာတမ်းများနှင့် Multimedia အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H. E. Mr. Bhim K.Udas အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I- 11) ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ ကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြန်မာနိုင်ငံဆိုင်ရာ UNFPA ကိုယ်စားလှယ်အဖြစ် စတင်တာဝန်ထမ်းဆောင်မည့် Mr.Ramanathan Balakrishnan အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



ထိုသို့ တွေ့ဆုံစဉ် Mr.Ramanathan Balakrishnan က ၎င်း၏ ခန့်အပ်လွှာကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်သည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးစဉ် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး၊ ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အမျိုးသမီးအကြမ်းဖက်မှု ကာကွယ်ရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် UNFPA တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်၌ UNFPA မှနည်းပညာနှင့် ဘဏ္ဍာရေးအကူအညီများ ဆက်လက်ပံ့ပိုးပေးအပ်ရေးကိစ္စနှင့် UNFPA စတုတ္ထအကြိမ် မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ် (၂၀၁၈-၂၀၂၂) အတွက် သဘောတူညီချက်လက်မှတ်ရေးထိုးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## အပူပိုင်းမုန်တိုင်း ပါဘက် ကော့သောင်းမြို့၏ အရှေ့တောင်ဘက်မိုင် ၄၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေ

**နေပြည်တော် ဇန်နဝါရီ ၃**

ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ပါဘက်" သည် ထိုင်းနိုင်ငံ နခွန်စီသမာရက်မြို့၏ အရှေ့တောင်ဘက် ၂၉၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၄၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းသည် အနောက်- အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး၊ ကုန်းတွင်းသို့ မြန်မာနိုင်ငံ ကော့သောင်းမြို့၏ တောင်ဘက်ရှိ နခွန်စီသမာရက်မြို့(ထိုင်းနိုင်ငံ) အနီးမှ ဖြတ်ကျော်ဝင်ရောက်ကာ ကပ္ပလီပင်လယ်ပြင်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အပူပိုင်းမုန်တိုင်း "ပါဘက်" ၏ အရှိန်ကြောင့် လေးရက်မှ ခုနစ်ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင် (တတိယနေ့) စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူး တရားအလှူတော်ဓမ္မသဘင် **(တတိယနေ့)** အခမ်းအနားကို ယနေ့ ည ၇ နာရီခွဲက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ တရားနာပရိသတ် နှစ်သိန်းကျော် ရိုသေစွာ နာယူကြည်ညိုကြသည်။

ရှေးဦးစွာ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံမှ တရားနာပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရက "နှလုံးသားမှာ ဘုရားတည်ပါ" တရားတော်အားဟောကြားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တရားနာပရိသတ်များက ရိုသေစွာနာယူကြည်ညိုကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နှစ်သစ်ကူး အလှူတော် ဓမ္မသဘင်အခမ်းအနားကို ၂၀၁၆ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ ယခုနှစ်သည် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ထိုသို့ ကျင်းပရာတွင် တရားနာပရိသတ်များ အဆင်ပြေစေရန်အတွက် ဖိတ်ကြားရေး၊ ကြိုတင်နေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးအစရှိသည့် ဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။



သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ

### လိမ္မာယဉ်ကျေးဖို့ လမ်းကြောင်းပေါ်ရောက်

အလုံမြို့နယ်မှ တရားနာလာရောက်သည့် ဦးတင်ဝင်းက " ဆရာတော်ကြီးတွေရဲ့ ဩဝါဒခံယူလိုက်တဲ့အခါကျတော့ လူတွေရဲ့ စိတ်သဘောထားလေးတွေ ကောင်းလာတယ်။ ကိုယ်မသိတာလေးတွေလည်း သိလာရတယ်။ နှစ်သစ်ကူးတရားပွဲ စတင်ကျင်းပကတည်းက ဒီနှစ်နဲ့ဆို တရားနာလာတာ သုံးနှစ်ရှိပြီ။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ တရားပွဲတွေက ကင်းလွတ်လို့မရဘူး။ အသက်အရွယ်က ကြီးလာတဲ့အတွက် တရားဓမ္မက လေ့လာလိုက်စားသင့်တယ်။ တရားပွဲကို လူငယ်တွေပါလာတဲ့အတွက် ဝမ်းသာစရာကောင်းပါတယ်။ အချိန်ကို အလဟဿ ဖြုန်းတီးမယ့်အစား ဆရာတော်ကြီးတွေရဲ့ ဩဝါဒတရားဓမ္မတွေ နာယူမယ်ဆိုရင် လိမ္မာယဉ်ကျေးဖို့ လမ်းကြောင်းပေါ်ရောက်သွားလိမ့်မယ်လို့မြင်ပါတယ်"ဟု ပြောသည်။

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ တရားနာလာရောက်သည့် ဒေါ်ခင်မြတ်ထွေးက ယခုကဲ့သို့ နှစ်ဦးဓမ္မသဘင် ကျင်းပသည့်အတွက် မြန်မာနိုင်ငံသူ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေဖြင့် ဝမ်းသာကြည်နူးဝမ်းမြောက်မိကြောင်း၊ ဆရာတော်ကြီးများထံမှ တရားတော်များကို နာကြားခွင့်ရရှိသည့်အတွက် တရားအသိများကိုလည်း ပိုမိုသိရှိလာမည်ဖြစ်ကြောင်း၊ များစွာအကျိုးရှိကြောင်း ဆိုသည်။

ကျန်းမာရေးစောင့်ရှောက်မှု လုပ်အားဒါနပြုနေသည့် ဗဟိုစည်ဆေးရုံ လက်ထောက်ဆေးရုံအုပ် ဒေါက်တာလှထွေးက " နှစ်ဦးဓမ္မသဘင် တတိယနေ့မှာ ဗဟိုစည်ဆေးရုံကနေ ဆရာဝန်ရှစ်ယောက်၊ ကျန်းမာရေးဝန်ထမ်းလေးဆယ်ကျော်နဲ့ တရားနာပရိသတ်တွေကို ကျန်းမာရေးစောင့်ရှောက်မှု ကူညီဆောင်ရွက်ပေးပါတယ်။ နှစ်တိုင်းလည်းလာပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးပါတယ်။ ဒီနေ့ကတော့ တရားပွဲလာတဲ့သူတွေထဲက ခေါင်းမူးတာ၊ သွေးတိုး၊ သွေးတက်တာ လာပြကြတယ် " ဟု ပြောသည်။

တရားနာပရိသတ်များ သွားလာမှုအဆင်ပြေလွယ်ကူစေရန်အတွက် ခရိုင်လေးခုရှိ မြို့နယ်များအလိုက် အခမဲ့အကြိုအပို့ယာဉ်များကို စီစဉ်ပေးထားကြောင်း၊ စေတနာရှင်များကလည်း အခမဲ့အငှားယာဉ်များနှင့် အတူ မီနီဘတ်စ်များဖြင့်လည်း ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

နှစ်ဦးဓမ္မသဘင် တရားပွဲသို့ တရားနာလာရောက်သည့်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များဖြင့် အသွားအပြန်ပို့ဆောင်ပေးနေသည့် Driving Myanmar Group မှ ဦးဒေးဗစ်က " ကျွန်တော်တို့ အဖွဲ့က နှစ်ဦးဓမ္မသဘင်တရားပွဲမှာ ပထမရက်ကနေ နောက်ဆုံးရက်ထိ ကားကြိုပို့ တာဝန်ယူထားပါတယ်။ စုစုပေါင်းယာဉ်အစီးရေ ၉၀၀ ကျော်ပါပါတယ်။ မြို့နယ်တိုင်းမှာ ကျွန်တော်တို့ အသင်းဝင်ကားတွေရှိတယ်။ အဲဒီကားတွေကနေ တရားပွဲကို စုရပ်ကနေ ခေါ်လာပေးတယ်။ မြို့နယ်စုံကို ခေါက်တုံ့ခေါက်ပြန် အိမ်စီးကားရော၊ တက္ကစီယာဉ်ရော အစီးရေ ၉၀၀ကျော်နဲ့ အခမဲ့ ကြိုပို့ပေးပါတယ်။ သန်လျင်၊ လှည်းကူး၊ မှော်ဘီ၊ ထောက်ကြန့်နဲ့ ညောင်တုန်းမြို့နယ်အဝေးကနေ တရားနာလာတဲ့သူတွေကိုလည်း ကြိုပို့ပေးပါတယ်" ဟု ပြောသည်။

### ပြည်သူအားလုံးကဝမ်းသာနေ

အလားတူ နှစ်ဦးဓမ္မသဘင် တတိယနေ့တွင် ရေသန့်နှင့် အချိုရည်ဘူးများ အလှူဒါနပြုနေသည့် လက်ကီးရတနာကုမ္ပဏီ CEO ဦးစံရွှေက "နှစ်ဦးဓမ္မသဘင် တတိယနေ့မှာ လက်ကီးရတနာကုမ္ပဏီအနေနဲ့ သီတဂူဆရာတော်ကြီးပုံတော်တွေ တရားနာလာ ပရိသတ်တွေကို လှူဒါန်းပါတယ်။ ရေသန့်ဘူးတွေ လှူဒါန်းပါတယ်။ ခြောက်ဆယ့်ခြောက်သိန်းဖိုးရှိတဲ့ အချိုရည်ဘူးတွေကို လက်ကီးရတနာကုမ္ပဏီနဲ့ အာရှကုမ္ပဏီ ပူးပေါင်းပြီး လှူဒါန်းပါတယ်။ မြန်မာ့နှစ်ကူး မဟုတ်ပေမယ့် နိုင်ငံတကာနှစ်ကူးမှာ တရားဓမ္မသဘင်ကို ရွှေတိဂုံခြေတော်ရင်းမှာ ကျင်းပပေးတဲ့အတွက် ပြည်သူအားလုံးက ဝမ်းသာနေပါတယ်"ဟု ပြောသည်။

နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်အခမ်းအနားကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ည ၇ နာရီခွဲမှစ၍ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပရာ ပထမနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက လည်းကောင်း၊ ဒုတိယနေ့တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက လည်းကောင်း တရားတော်များကို ဟောကြားခဲ့ပြီး ယနေ့သည် တတိယနေ့အဖြစ် ကျင်းပခြင်းဖြစ်သည်။

**ဇော်ကြီး၊ မင်းသစ်(MNA)၊ ဓာတ်ပုံ-လှမိုး**

# (၁၀၁) ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင်ပွဲတွင် စာအောင်သံဃာတော် ၁၂ ပါး ပေါ်ထွန်းလာ

**ရန်ကုန် ဇန်နဝါရီ ၃**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၁၀၁) ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင် ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတီယင်္ဂဏနာယက ဆရာတော်ကြီးများ၊ စေတီယင်္ဂဏ စာလျှောက်မေးပွဲ အောင်မြင်တော်မူခဲ့ကြသော ဝင်္ဂသကာ ဆရာတော်ကြီးများ၊ စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။ **(ယာပုံ)**

### ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နိုင်ငံတော် ဩဝါဒါ စရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်း ဆရာတော် ဘဒ္ဒန္တဂုဏောသနထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေး ဆိုင်ရာများ လျှောက်ထားရာတွင် မြန်မာနိုင်ငံတွင် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီး နှစ်စဉ် အလေးထားကျင်းပလျက်ရှိရာ (၇၁)ကြိမ်တိုင် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးအပါအဝင် နိုင်ငံတော်အစိုးရက ကျင်းပသည့် ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲနှင့် စေတီယင်္ဂဏ၊ သကျသီဟစာမေးပွဲ တို့ကဲ့သို့သော ပရိယတ္တိစာမေးပွဲများ တည်ရှိနေသမျှကာလပတ်လုံး ပရိယတ္တိသာသနာတော် ထွန်းလင်းနေမည်ဖြစ်ကြောင်းကိုလည်း အလေးအနက်ခံယူပါကြောင်း၊ ပရိယတ္တိသာသနာတော် ထွန်းလင်းနေသမျှ ပဋိပတ္တိသာသနာတော်နှင့် ပဋိဝေဒသာသနာတော်တို့ သည်လည်း ဆိတ်သုဉ်းနိုင်မည်မဟုတ်ဟု ယုံကြည်ပါကြောင်း။

### တွေ့မြင်ကြည်ညိုသဒ္ဓါပွားရ

ယနေ့ကျင်းပသည့် စေတီယင်္ဂဏစာလျှောက်မေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့သည့် သံဃာတော် ၁၂ ပါး အပါအဝင် (၁၀၁) ကြိမ်မြောက်သည်အထိ အောင်မြင်မှု မှတ်တမ်းဝင်ခဲ့သော ဆရာတော်များနှင့် စေတီယင်္ဂဏပွဲကြီးကို စဉ်ဆက်မပြတ် ကြီးကြပ်ပေးတော်မူခဲ့ကြသော ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ စေတီယင်္ဂဏ ဩဝါဒါစရိယ၊ နာယကဆရာတော်ကြီးများအား ပူဇော်သည့် အာမိသစက်ကို ဟန်ချက်ညီညီလည်ပတ်အောင် ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ကြည်ညို သဒ္ဓါပွားရပါကြောင်း။



စုပေါင်းအားဖြင့် သဒ္ဓါထက်သန်စွာ အားထုတ်ကုသိုလ်ယူခဲ့ကြသဖြင့် ယခင်နှစ်က ဤစေတီယင်္ဂဏ နှစ်ရာပြည့် အခမ်းအနားသည် သမိုင်းမှတ်တိုင် မော်ကွန်းတစ်ရပ်တွင် ကျန်ရစ်ခဲ့သကဲ့သို့ ယခုနှစ်(၁၀၁)ကြိမ်မြောက် စေတီယင်္ဂဏဓမ္မာနုဂ္ဂဟစာလျှောက် မေးပွဲကြီးသည်လည်း သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့ပြီဖြစ်ပါကြောင်း လျှောက်ထားသည်။

### ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အောင်စဉ် (၁) သီးခြားစာချတန်းအောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်း ဆရာတော် အရှင်ရာဇဓမ္မာလင်္ကာရာဘိဝံသအား လည်းကောင်း၊ ဂေါပကအဖွဲ့ဝင်များက သီးခြားစာချတန်းအောင် သံဃာတော်များနှင့် သီးခြားစာသင်တန်းအောင် သံဃာတော်တို့အား လည်းကောင်း ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များသည် ဩဝါဒါစရိယ ဆရာတော်များ၊ ပင့်သံဃာတော်များ၊ စာအောင်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းပွဲအတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူက လက်ခံရယူသည်။

ယင်းနောက် ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်၊ သ.စ.အ ဓမ္မစရိယ ဝင်္ဂသကာ၊ ပါဠိပါရဂူ၊ တိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စေတယင်္ဂဏပဝရသိရီမဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာ)ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

### စုစုပေါင်း ၁၂ ပါးအောင်မြင်တော်မူခဲ့

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို ၁၃၄၅ ခုနှစ် (၆၇)ကြိမ်မြောက်ကာလမှစ၍ တာဝန်ယူကျင်းပခဲ့ရာယခု (၁၀၁) ကြိမ်မြောက် ရှိပြီဖြစ်သည်။ ယခင်နှစ်က စာအောင် သံဃာတော်ခုနစ်ပါးရှိခဲ့ရာမှ ယခု (၁၀၁) ကြိမ်မြောက်တွင် သီးခြားစာချတန်းမှ သံဃာတော်လေးပါး၊ သီးခြားစာသင်တန်းမှ သံဃာတော်ရှစ်ပါး စုစုပေါင်း ၁၂ ပါး အောင်မြင်တော်မူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိ ဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိ ဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းပေးနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၁၉) ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၁၉)ကိုလည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၃/ ၂၀၁၉) ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်း တံဆိပ်ချီးမြှင့် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၄/ ၂၀၁၉) ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၅/ ၂၀၁၉)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၆/ ၂၀၁၉)ကိုလည်းကောင်း၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၇/ ၂၀၁၉) ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၈/ ၂၀၁၉) ကိုလည်းကောင်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ (၄) ရက်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိ ဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကဝိန္ဒာစာရ၊ ဓမ္မာလင်္ကာရရေအေးလျှပ်စစ်စာသင်တိုက်၊ အမှတ်(၁) ရပ်ကွက်၊ သာစည်မြို့ မန္တလေးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တစန္ဒ၊ ဒက္ခိဏာရာမစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့ ရခိုင်ပြည်နယ်
၃။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ စစ်ကိုင်းစာသင်တိုက်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသဒ္ဓိယ၊ ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက်၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ၊ မိုင်းသောက်ပထမစာသင်တိုက်၊ မိုင်းသောက်ကျေးရွာ အုပ်စု၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်
၆။ ဘဒ္ဒန္တကန္တဝံသာဘိဝံသ၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ညောင်တုန်းမြို့ ဧရာဝတီတိုင်းဒေသကြီး

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တရေဝတာဘိဝံသ၊ ပရိယတ္တိသဒ္ဓမ္မဝါစီမင်းကျောင်းစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီးမြို့ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တပညာဝံသ၊ ရန်ကင်းကျောင်းတိုက်၊ ရန်ကင်းရပ်ကွက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တနန္ဒဝံသ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသောမာစာရ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ မူယာပင်ရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တလက္ခဏ၊ မဟာပညာဗိမာန်စာသင်တိုက်၊ ရှမ်းကုန်း / ကြေးနန်းတန်း ရပ်ကွက်၊ ရွှေကျင်မြို့ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တဥက္ကံသ၊ မဟာစေတီကန်ကျောင်းစာသင်တိုက်၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တကုဏ္ဍလ၊ ဖျောက်ဆိပ်ပင်စာသင်တိုက်၊ လက်ပန်တုန်းကျေးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တအရိယဝံသ၊ မဟာဝိသုတာရာမ(အလယ်)တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဃောသိတ၊ တူးမောင်းကျောင်းတိုက်၊ ရွှေဂွမ်းထုပ်ရပ်ကွက်၊ အမရပူရ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တနန္ဒိယ၊ နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင် ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တကုသလ၊ မင်္ဂလာရာမရွှေဘိုကျောင်းတိုက်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တအကုံရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တသုမနာဘိဝံသ၊ သဒ္ဓမ္မဇောတိကာရာမစာသင်တိုက်၊ နန်းခဲရပ်ကွက်၊ သထုံမြို့ မွန်ပြည်နယ်
၁၄။ ဘဒ္ဒန္တစက္ကိန္ဒ၊ ရတနာသိင်္ဂီခရမ်းစာသင်တိုက်၊ သုဝဏ္ဏ(၅၄)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တအရိယဓမ္မ၊ ဂန္ထဝါစကစာသင်တိုက်၊ အမှတ်(၇)ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တပဝရာဘိဝံသ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြားတောရ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဇဝနာဘိဝံသ၊ အင်းလျားကန်ဖျားတိုက်သစ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တပညာနန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဝေရောစန၊ ဇေယျသိဒ္ဓိစာသင်တိုက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တသုစိတ္တ၊ နေနတ်သားစာသင်တိုက်၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တပညာဝံသ၊ အောင်ချမ်းသာစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ အောင်ပန်း မြို့ ရှမ်းပြည်နယ်
၂၂။ ဘဒ္ဒန္တသူရိယ၊ ဓမ္မဝိနယပထမပြန်တိုက်သစ်ကျောင်းစာသင်တိုက်၊ အမှတ်(၉) ရပ်ကွက်၊ ဖျာပုံမြို့ ဧရာဝတီတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တကောမလ၊ တောင်ညိုစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ညောင်တုန်းမြို့ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၂၄။ ဘဒ္ဒန္တဝိမလ (Ven. Makulewe Wimala Nayaka Thero), Minioluwa, Mirigama, ကိုလံဘိုမြို့ သီရိလင်္ကာနိုင်ငံ

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသေဋ္ဌဉာဏ၊ သူရိယာရာမကျောင်းသစ်စာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တကုန္ဒက၊ အောင်မင်္ဂလာစာသင်တိုက်၊ အုန်းတောရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တမာနိတ၊ အုတ်ကန်တောရစာသင်တိုက်၊ ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တနာရဒ၊ မော်တောင်စာသင်တိုက်၊ တပ်ပြင်ရပ်ကွက်၊ မြိတ်မြို့ တနင်္သာရီ တိုင်းဒေသကြီး
၅။ ဘဒ္ဒန္တပဏ္ဍဝ၊ မာရ်အောင်စာသင်တိုက်၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနား မြို့နယ်၊ နေပြည်တော်
၆။ ဘဒ္ဒန္တဝိစက္ခဏ၊ အောင်စည်သာစာသင်တိုက်၊ အောင်စည်သာရပ်ကွက်၊ ပုဗ္ဗသီရိ မြို့နယ်၊ နေပြည်တော်
၇။ ဘဒ္ဒန္တဝိမလာစာရ၊ ပန်းတောကျောင်းတိုက်၊ ပန်းတောရွာ၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တပညာဓိကသိရီ၊ ဇွဲမစိုးရိမ်စာသင်တိုက်၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ဝေါမြို့ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တပညာဝံသ၊ ပြည်တော်သာစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့ မကွေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တစိတ္တရ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့ မကွေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တဇနိန္ဒ၊ စိန်ရတနာကျောင်း၊ ဓမ္မိကာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဂန္ဓမာလာ၊ မဟာကုသိုလ်တော်ကျောင်းတိုက်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တပညာဝရ၊ ကံသာကျောင်း၊ အသောကာရာမတိုက်၊ ကျွန်းလုံးဥသျှောင် ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဓမ္မာဝုဓ၊ မြတ်ရွှေဂူစာသင်တိုက်၊ လယ်ယား(တောင်)ရွာ၊ ကျောက်ပန်း တောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ၊ ဓမ္မဂါရဝကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်း(သပြုံး) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဒေါက်တာဘဒ္ဒန္တဓမ္မသီလိတာဘိဝံသ၊ ဓမ္မပါလကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်း(သပြုံး)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တစန္ဒာသိရီ၊ ဘုရားကျောင်းစာသင်တိုက်၊ နိုင်းပြိုင်ကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၁၈။ ဒေါက်တာဘဒ္ဒန္တပညာသာမိ၊ အောင်မင်္ဂလာကျောင်းတိုက်၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့ ရခိုင်ပြည်နယ်
၁၉။ ဘဒ္ဒန္တရေဝတာနန္ဒ၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တခေမိန္ဒာစာရ၊ စတုဘုမ္မိကကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တအာစိဏ္ဏ၊ အောင်မော်စံစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တပညာသာမိ၊ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ်(၁၁) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တနန္ဒက၊ မဟာဗောဓိစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တသောဘိတ၊ မရမ်းချိုကျောင်းစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တခေမိန္ဒာစာရ၊ စတုဘုမ္မိကစာသင်တိုက်၊ ညောင်တပင်ကျေးရွာ၊ ဒေးဒရဲ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တပညာဓိက၊ မောင်းထောင်ကျောင်းစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီး**

၂၇။ ဒေါ်ထေရီ၊ ခေမာရာမသီလရှင်စာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသာသနသိရီ၊ ရတနာဇေယျာစာသင်တိုက်၊ ဈေးရုံဗိုလ်တဲရပ်ကွက်၊ ကောလင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရာဘိဝံသ၊ သီရိမင်္ဂလာဟံသာဝတီကြို့ပင်စာသင် တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ဝက်လက်မြို့ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဓမ္မဝံသ၊ အောင်မင်္ဂလာစာသင်တိုက်၊ အင်းလေးမြိုင်ရပ်ကွက်၊ မြိတ်မြို့ တနင်္သာရီတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တပဏ္ဍဝ၊ မြို့ဦးစာသင်တိုက်၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၅။ ဘဒ္ဒန္တသီတလာစာရ၊ ဝိသုဒ္ဓါရုံဗာရာဏသီစာသင်တိုက်၊ နဝင်းရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တတိသ၊ မြို့ဦးစာသင်တိုက်၊ အမှတ်(၃)ဝါဆိုရပ်ကွက်၊ ဒိုက်ဦးမြို့ ပဲခူးတိုင်း ဒေသကြီး
၇။ ဘဒ္ဒန္တသုန္ဒရ၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြို့တွင်းကြီး ရပ်ကွက်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တပညာဝုဓ၊ ဝေဇယန္တာစာသင်တိုက်၊ ရွှေဥဒေါင်းရပ်ကွက်၊ မိုးညိုမြို့ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဥတ္တရ၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ မြို့မအိုးဘိုရပ်ကွက်၊ မကွေးမြို့ မကွေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တသုမနသာရာလင်္ကာရ၊ ဂန္ဓာရုံဘုံကျော်စာသင်တိုက်၊ ဆတ်သွားကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တစိတြဉာဏာလင်္ကာရ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တပညာသိရီဘိဝံသ၊ ရွှေဝါဝင်းကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိ အနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဝဏ္ဏိတ၊ မိုးကုတ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံး ဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဝါသဝသိရီ၊ သာသနာ့ဇောတိကာရုံအုဋ်ကျောင်း၊ ဒက္ခိဏာရာမဘုရား ကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း ဒေသကြီး
၁၅။ ဘဒ္ဒန္တသုဇနာလင်္ကာရာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ် ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တသောဘိတာလင်္ကာရ၊ မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တသြဘာသာဘိဝံသ၊ ဇောတိကာရုံစာသင်တိုက်၊ တောင်ကြားရပ်ကွက်၊ သုဝဏ္ဏဝတီမြို့ သထုံမြို့နယ်၊ မွန်ပြည်နယ်
၁၈။ ဘဒ္ဒန္တကုန္ဒာဝုဓ၊ ပညာမဏ္ဍိုင်စာသင်တိုက်၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ စစ်တွေမြို့ ရခိုင်ပြည်နယ်
၁၉။ ဒေါက်တာဘဒ္ဒန္တနန္ဒသိရီ၊ ကျောင်းကြီးစာသင်တိုက်၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တသုဒဿန၊ မဟာဗောဓိစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တပညာစာရ၊ ဘုရားကြီးကျောင်းစာသင်တိုက်၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တစန္ဒာသိရီဘိဝံသ၊ မင်္ဂလသိရီစာသင်တိုက်၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

၂၄။ ဘဒ္ဒန္တနရိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တဉာဏဝံသ၊ မဟာဗောဓာရုံစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၂၆။ ဘဒ္ဒန္တအဂ္ဂဝံသ၊ မိုးညိုစာသင်တိုက်၊ မြို့မ(၁၂)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီး**

၂၇။ ဒေါ်ဂုဏဝတီ၊ ဇေယျသိင်္ဂီချောင်သီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဝါသဝ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တသီလာစာရ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တသြသဓ၊ အောင်မြေကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဇောတိဝရ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ ထုံးဘိုရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တနရသီဟ၊ ဘုရားငါးဆူစာသင်တိုက်၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တဉာဏဝံသ၊ စံကျောင်းတိုက်၊ တပ်ပြင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၇။ ဒေါက်တာဘဒ္ဒန္တဥက္ကံသ၊ ပေါက်မြိုင်စာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်
၈။ ဘဒ္ဒန္တတေဇောဘာသ၊ ရာဇဓာနီသာမဏေကျော်စာသင်တိုက်၊ ဇလောင်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
၉။ ဘဒ္ဒန္တအာသဘ၊ အုန်းတောစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၁၀။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ရတနာစံစာသင်တိုက်၊ ပြည်စံအောင်ရပ်ကွက်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
၁၁။ ဘဒ္ဒန္တသူရိယ၊ မြစည်းခုံစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဥတ္တမ၊ ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တအာလောက၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ သွန်းဘုရားရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တကောသိယာဘိဝံသ၊ သံဃာရာမနိကာယ်စာသင်တိုက်၊ စိုးကောမင်းရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဓမ္မိက၊ မဟာဝိသုတာရာမစာသင်တိုက်၊ ဆုံကုန်းကျေးရွာအုပ်စု၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တသိရိန္ဒ၊ ဖျောက်ဆိပ်ပင်စာသင်တိုက်၊ လက်ပန်တုန်းကျေးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တသုမန၊ ဒီပင်္ကရာစာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့၊ မကွေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဝဏ္ဏိတ၊ ရေပန်းကျောင်းတိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဇောတိက၊ ပတ္တမြားကျောင်းတိုက်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တဝါယမ၊ ဖားအောက်တောရရိပ်သာကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တကုဏ္ဍလ၊ မြို့ရှေ့တိုက်၊ အရှေ့ပြင်ဈေးရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တဝိဇယာနန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တစန္ဒိမာ၊ ရတနာမြိုင်ကျောင်းသစ်စာသင်တိုက်၊ ပလိပ်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တဉာဏိဿရ၊ ဂုဏဝတီတိုက်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တကေသရ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တဉာဏိဿရာဘိဝံသ၊ ရွှေမြိုင်ထေရာဝါသ ဝါးခယ်မကျောင်းတိုက်၊ ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၂၇။ ဘဒ္ဒန္တကောလိယာနန္ဒ၊ ခေမာသီဝံစာသင်တိုက်၊ ကဒါကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်
၂၈။ ဘဒ္ဒန္တကေသရ၊ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်၊ အောက်ရွာပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်
၂၉။ ဘဒ္ဒန္တကေသရ၊ နန်းမြို့စာသင်တိုက်၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်
၃၀။ ဘဒ္ဒန္တဝိစက္ခဏ၊ ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တဇောတိက၊ ကံဦးဇေတဝန်စာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တမေဓင်္ကရာနန္ဒ၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၃။ ဘဒ္ဒန္တက္ကန္ဒဝံသ၊ အောင်သုခဗိမာန်စာသင်တိုက်၊ အမှတ်(၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တဓမ္မိဿရ၊ ရွာတန်းရှည်စာသင်တိုက်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၅။ ဒေါက်တာဘဒ္ဒန္တထေရာသဘ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၆။ ဘဒ္ဒန္တအဂ္ဂသာရ၊ စစ်ကိုင်းစာသင်တိုက်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၇။ ဒေါက်တာဘဒ္ဒန္တဇောတိက၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၈။ ဒေါက်တာဘဒ္ဒန္တသုတာစာရာလင်္ကာရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အမှတ်(၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၉။ ဘဒ္ဒန္တပညာစက္ကိန္ဒ၊ သာသနဝိပုလမင်္ဂလာရန်အောင်စာသင်တိုက်၊ ဈေးတန်းရပ်ကွက်၊ ရပ်စောက်မြို့၊ ရှမ်းပြည်နယ်
၄၀။ ဘဒ္ဒန္တသိရိဓမ္မာဘိပါလ၊ ဝေဠုဝန်စာသင်တိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၄၁။ ဘဒ္ဒန္တကောဝိဒ၊ မိုးကောင်းစာသင်တိုက်၊ တာကလေးရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၄၂။ ဒေါ်ခေမာသီ၊ ရတနာမာရ်အောင်သီလရှင်စာသင်တိုက်၊ ကရပ်ပြင်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၄၃။ ဒေါ်ဝိမလစာရီ၊ လိပ်ပြာကန်သီလရှင်စာသင်တိုက်၊ လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၄၄။ ဒေါ်သန္တစာရီ၊ မြဝတီသီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၅။ ဒေါ်ဓမ္မနန္ဒီ၊ ဓမ္မဂုဏ်ရည်မြင့်မြင့်ခင် သီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၆။ ဒေါ်တုလဝတီ၊ သမိဒ္ဓါဒယသုခိတာရာမ ဒေါ်ဉာဏစာရီမြန်အောင် သီလရှင်စာသင်တိုက်၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၇။ ဒေါ်ယုသိင်္ဂီ၊ ရတနာကျော်မော်သီလရှင်စာသင်တိုက်၊ အလယ်တောရကျောင်းတိုက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်း(သပြေး)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်**

၁။ ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ၊ ညောင်သုံးပင်သာမဏေကျော်စာသင်တိုက်၊ ညောင်သုံးပင်ရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဝိဇ္ဇောဘာသာလင်္ကာရ၊ ရွာဦးကျောင်းတိုက်၊ ပေါင်းလောင်းလေးကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**အဘိဇ္ဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသောဘဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်
၂။ ဘဒ္ဒန္တတေဇနိယ၊ ခေမာသီဝံကျောင်းတိုက်၊ ရွှေချီရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၃။ ဘဒ္ဒန္တက္ကန္ဒစက္က၊ ကျိုက်ပွန်ဇေတဝန်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ (၁၈)ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဝိဇယ၊ စတုဘုမ္မိကမဂ္ဂင်ရိပ်သာကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တကောဝိဒ၊ ရတနာမာရ်အောင်ကျောင်းတိုက်၊ ဘုရားကြီးကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၆။ Ven. Noi SANGVALO, Siamphone Temple, Sisatthanak District, Vientiane Capital City, Lao PDR.

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တအာစိဏ္ဏ၊ မဟာတိလောကာရာမပရိယတ္တိစာသင်တိုက်၊ နောင်ကိုင်တော်ရပ်ကွက်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တထေရဝံသ၊ တောင်မော့ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကုန်းသာကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်
၃။ ဘဒ္ဒန္တမေဓာဝီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သစ်မော်ကူးကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်
၄။ ဘဒ္ဒန္တဓမ္မပါလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ (၅)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၅။ ဘဒ္ဒန္တအရိယဝံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ဗလိုင်ရပ်ကွက်၊ ဖလမ်းမြို့၊ချင်းပြည်နယ်
၆။ ဘဒ္ဒန္တဇနိယ၊ ပရဟိတလူငယ်ဖွံ့ဖြိုးရေးအင်ကြင်းပင်ကျောင်းတိုက်၊ မရကန်ကျေးရွာ၊ ဒီပဲယင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တက္ကန္ဒာသဘ၊ မူလမင်းကွန်းဇေတဝန်ကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဝရသီရိ၊ ရွှေသိမ်တော်ကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တပုညသေဋ္ဌ၊ မဟာသန္တာရုံကျောင်းတိုက်၊ အောင်သစ္စာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တသုနန္ဒ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တသုဇာတ၊ သံသရာအေးပရဟိတဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ကလွင်ကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဇနိန္ဒ၊ စကြံန်တောင်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တပဏ္ဍိတ၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ်(အရှေ့တိုက်)၊ (၁)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တသောဘန၊ မဟာဝိသုတာရာမ(အလယ်)ကျောင်းတိုက်၊ အမှတ်(၁၀)၊ ဗိုလ်ချုပ်လမ်း၊ ကုက္ကိုတန်းရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဝိမလ၊ ရွှေတောင်ကျောင်းတိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၁၆။ ဘဒ္ဒန္တဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကျောက်စာတိုင်ကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်
၁၇။ ဘဒ္ဒန္တဇောတိက၊ သာသနာ့ဇောတိကာရုံကျောင်းတိုက်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဥဂ္ဂံသ၊ သာခုပရိယတ္တိစာသင်တိုက်၊ နတ်စင်လမ်း၊ သာခုအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တသူရိယ၊ နာယကချုပ်ကျောင်း၊ ကျောင်းကြီးတိုက်၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တဉာဏဗလ၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၊ ကျောက်ကုန်းလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဒေါက်တာဘဒ္ဒန္တနေမိန္ဒ၊ သာသနဇောတိကပရိယတ္တိစာသင်တိုက်၊ ဆရာစံလမ်း၊ ၃၂- တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဇောတိက၊ မိုးကုတ်ဝိပဿနာဇနိတာရာမကျောင်းတိုက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တရေဝတ၊ ကြာနီကန်ကျောင်း၊ လိပ်ပြာကန်တိုက်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တဓမ္မပီယ၊ ဇွဲစုံသာသနာရာမကျောင်းတိုက်၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တဝိရောစန၊ မဟာသုခါရာမပရိယတ္တိစာသင်တိုက်၊ ဓမ္မပါလလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၇။ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာ၊ ၁၀/တောင်၊ (၁၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၈။ ဘဒ္ဒန္တဝိမလာဘိက္ခု၊ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ နားစံကျေးရွာ၊ မိုင်းရှူးမြို့နယ်၊ ရှမ်းပြည်နယ်
၂၉။ ဘဒ္ဒန္တဝိဇယ၊ သာသနာ့ဝေပုလ္လသာသနာပြုပရိယတ္တိစာသင်တိုက်၊ (၃)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်
၃၀။ ဘဒ္ဒန္တစန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စလင်းကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်
၃၁။ ဘဒ္ဒန္တသုဇာတ၊ အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက်၊ ရပ်ကွက်(၉)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၃၂။ ဘဒ္ဒန္တဝိမလ၊ ခတ်စွမ်စိုင့်ဟိုနမ့်တောရဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ မိုင်းလင်းအနောက်ကျေးရွာ၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်
၃၃။ ဘဒ္ဒန္တကောဝိဒ၊ မြို့မဓမ္မရိပ်သာကျောင်းတိုက်၊ ရှင်ပင်ဘုန်းပွင့်လမ်း၊ (၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တပညာဇောတာဘိဝံသ၊ မရမ်းကျောင်းတိုက်၊ (၄)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၃၅။ Ven. Hye Jung, Seongwonsa, Yooli2gil 2-17, Yongsan-myeon, Yeongdong-gun, Choongbuk, South Korea.
၃၆။ Ven. Somboun SIRIPANNO, Wat Sayaphoum, Sayaphoum Village, Kaisonphomvihan City, Savannakhet Province, Lao PDR.
၃၇။ ဒေါက်တာဘဒ္ဒန္တအရိယဓမ္မ၊ သီတဂူဗုဒ္ဓဝိဟာရကျောင်းတိုက်၊ အော်စတင်မြို့၊ တက္ကဆက်ပြည်နယ်၊ အမေရိကန်နိုင်ငံ

**မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တစန္ဒဇောတိ၊ အေးသာယာရွာသစ်ကုန်း ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မောရဝတီရပ်ကွက်၊ မံစီမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တသူရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝီးသဲကူးကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်
၃။ ဘဒ္ဒန္တကေသရ၊ မဟာသုခအောင်မင်္ဂလာဘေးမဲ့ကျောင်းတိုက်၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာ၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်
၄။ ဘဒ္ဒန္တဝရသာမိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကူးဝကျေးရွာ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်
၅။ ဘဒ္ဒန္တသုစိတ္တ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရေဇွာမြို့၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်
၆။ ဘဒ္ဒန္တစိန္တိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သာယာကုန်းကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဒေါက်တာဘဒ္ဒန္တက္ကန္ဒာစရိယ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

*ဆက်လက်ဖော်ပြပါမည်*

# လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းအသုံးပြုသူများ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းနှင့် သက်ဆိုင်သော ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြသည်။

**လက်စွဲစာအုပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်**

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်တွေ့အသုံးပြုမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ၁၉၉၇ ခုနှစ် ကစ၍ စဉ်ဆက်မပြတ်ကျင်းပရာ ယခုအကြိမ်ဆိုလျှင် (၁၉)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်းလည်း စာအုပ်ထုတ်ဝေနိုင်ခဲ့ရာ လူ့စွမ်းအား ဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် ဆက်လက်အကောင်အထည်ဖော် ထုတ်ဝေနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အညွှန်းကိန်းနှင့် သက်ဆိုင်သည့်ဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အညွှန်းကိန်းများပါဝင်သည့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ကို ပြုစုထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ကို ဝန်ကြီးဌာနအားလုံး တစ်ပြေးညီ ရည်ညွှန်းကိုးကားအသုံးပြုရေးနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဤဝန်ကြီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ လူ့စွမ်းအားဆိုင်ရာ စီမံကိန်းများကို စနစ်တကျရေးဆွဲအကောင်အထည်ဖော်ရန် တိကျမှန်ကန်သည့် လူ့စွမ်းအားဆိုင်ရာ စာရင်းအင်းအချက်အလက်များ ရရှိရေးသည် အဓိကကျပါကြောင်း။

ဝန်ကြီးဌာနအားလုံးအနေဖြင့် စာရင်းအင်းကိစ္စများနှင့် လွတ်ကင်းသည့်ဌာန မရှိသကဲ့သို့ စာရင်းအင်းကိစ္စများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာစာရင်းအင်းစနစ်များနှင့် ကိုက်ညီမှုရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာလျှင် အဆင်ပြေမည်ဖြစ်၍ စစ်တမ်းများ၊ သန်းခေါင်စာရင်းများ ကောက်ယူပါက ဝန်ကြီးဌာနများအကြား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်သည် အစိုးရဌာနများ၊ NGO များနှင့် ရင်းနှီးမြှုပ်နှံမှုပြုမည့်သူများအတွက် များစွာအထောက်အကူဖြစ်စေသောကြောင့် အညွှန်းကိန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းအကြံပေး ကြိုးပမ်းအကောင်အထည်ဖော်ကြရန် တိုက်တွန်းပြောကြားလိုပြီး လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတစ်ခုတည်း အားထုတ်ဆောင်ရွက်၍မရဘဲ ဆက်စပ်ဌာနများအားလုံး ပူးပေါင်းပါဝင်မှုသာ အောင်မြင်မည်ဖြစ်၍ ပိုမိုအရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်ဖြစ်မြောက်ရေးနှင့် အချက်အလက်များ ပြည့်စုံမှန်ကန်စေရေးတို့အတွက် တက်ရောက်လာသော ကိုယ်စားလှယ်များအနေနှင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြပါလို့ ပြောကြားသည်။

ဆက်လက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က နှုတ်ခွန်းဆက်စကား ဆက်လက်ပြောကြားခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ယခင်နှစ်က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို သုံးသပ်တင်ပြသည်။

**ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ် ဆွေးနွေး**

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ရေရှည်တည်တံ့ရေးနှင့် စဉ်ဆက်မပြတ်ရရှိနိုင်မည့် အညွှန်းကိန်းများရရှိရေး၊ ပုဂ္ဂလိကကဏ္ဍမှ အညွှန်းကိန်းများရရှိစေရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ပိုမို တိုးတက်ရေးတို့အတွက် အဖွဲ့လိုက်ဆွေးနွေးသုံးသပ်အကြံပြုတင်ပြကြပြီး အဖွဲ့ လိုက်တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ်(၈၀)(၈၁)(၈၂)နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ်(၁၆၇)(၁၆၈)(၁၆၉)(၁၇၀) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ရတနာသိဃ်ခန်းမတွင် အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ်(၈၀)(၈၁)(၈၂)နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ်(၁၆၇)(၁၆၈)(၁၆၉)(၁၇၀)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်၇ နာရီခွဲက ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**(အောက်ပုံ)**ဆက်လက်၍ သင်တန်း အမျိုးအစားများအလိုက် စံပြဆုရရှိသူများကို ဆုများချီးမြှင့်ပြီး သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းသင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ကျောင်းအုပ်ကြီး၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခ(ပညာဌာနမှူး)များ၊ ဌာနမှူး/တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် အရာထမ်းငယ် အခြေခံ သင်တန်းအမှတ်စဉ်(၈၀)(၈၁)(၈၂)နှင့် စာရေးဝန်ထမ်း အခြေခံ သင်တန်းအမှတ်စဉ်(၁၆၇)(၁၆၈)(၁၆၉)(၁၇၀)သို့ တက်ရောက်ကြသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဦးစီးမှူးအဆင့်ရှိ အရာထမ်းငယ် သင်တန်းသား ၁၈၄ ဦး၊ သင်တန်းသူ ၂၃၈ ဦး နှင့် စာရေးအဆင့်ရှိ သင်တန်းသား ၂၁၂ ဦး၊ သင်တန်းသူ ၂၈၆ ဦး စုစုပေါင်း ၉၂၀ တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်း ကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

**ကျေးသီး ဇန်နဝါရီ ၃**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မူလတန်းအဆင့် ကျပန်း စကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနွယ်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမကမြို့မကျောင်းမှ စတုတ္ထတန်းနှင့် တတိယတန်း ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က "လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း"၊ "လွတ်လပ်ရေးအောင်ပွဲ" နှင့်"လွတ်လပ်ရေးနေ့ ဒို့မမေ့"ခေါင်းစဉ် သုံးခုကိုမဲနှိုက်ပြီး ကျရာဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုကို စတုတ္ထတန်းမှ စိုင်းကျော်လှ၊ ဒုတိယဆုကို စတုတ္ထတန်းမှ နန်းဟွန်ဆိုင်၊ တတိယဆုကို စတုတ္ထတန်းမှ စိုင်းလောဝ်ပိန်းနှင့် နှစ်သိမ့်ဆု ရရှိကြသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ၂၀၁၉ ခုနှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ၂၀၁၉ ခုနှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အလုံမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

၂၀၁၉ ခုနှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကိုအ.ထ.က(၄)အလုံ ကျောင်းဝင်းအတွင်း ယနေ့ နံနက်ပိုင်းမှစ၍ ကျင်းပခဲ့ရာ ပညာရေးစုံညီပွဲတော် စစ်ကြောင်းနှင့် ခရိုင်အလိုက်စစ်ကြောင်းများက ကွင်းအတွင်း ချီတက်နေရာယူပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်အား အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် "ခေတ်တစ်ခု စနစ်တစ်ခုကို ပြောင်းလဲမယ်ဆိုရင် အဓိကအကျဆုံးကတော့ ပညာရေးကဏ္ဍပဲဖြစ်ပါတယ်။ ပညာရေးကဏ္ဍကို ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် ၂၀၂၀ ပြည့်နှစ်အထိ ပြင်ဆင်မှုတွေကို ပညာရေးဝန်ကြီးဌာနဘက်က ပြုလုပ်ထားပြီးဖြစ်ပါတယ်။ ဒီအခြေအနေတွေကိုလည်း ကျောင်းတိုင်းကျောင်းတိုင်းမှာ ပညာသင်ကြားရေးစနစ်နဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်နေခဲ့တာ ဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးနှင့် ဧည့်သည်တော်များက ၂၀၁၉ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။**(အပေါ်ပုံ)**

ထို့နောက် အခြေခံပညာ ကျောင်းသား ကျောင်းသူလေးများက ဝူရှူးနှင့် တိုက်ကွမ်ဒိုအားကစားသရုပ်ပြသခြင်း၊ ဘင်ခရာ၊ ပဝါအကတို့ဖြင့် ဖျော်ဖြေခဲ့ကြသည်။ ဆက်လက်၍ ဘင်ခရာ သရုပ်ပြပြိုင်ပွဲကို ကျင်းပရာ အထက(၂)စမ်းချောင်း၊ အထက(၃) မင်္ဂလာတောင်ညွန့်၊ အထက(၂)လသာ၊ အထက(၄)တာမွေ၊ အထက (၁) ဒဂုံ၊ ကောင်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အထက(၁)ဒဂုံမှ ကျောင်းသား ကျောင်းသူများ၊ မိခင်များနှင့် အရှေ့ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်မှ မူလတန်းကျောင်းအုပ်ကြီးများ စုပေါင်းကာ စုံညီပွဲတော် တို့နွဲ့ပျော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို သီရိရတနာခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေက ပညာရေးစုံညီပွဲတော်အကြောင်း ရှင်းလင်းပြောကြားကာ ထူးချွန်ဆုရဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကြသည်။

ယနေ့ ကျင်းပသော ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ကျောင်းသား ကျောင်းသူများ၏ သိပ္ပံပြခန်း၊ ပညာရေးပြခန်း၊ စာပေပြခန်း အစရှိသောပြခန်းများကို ခရိုင်အလိုက် ကျောင်းများ ပါဝင်ပြသထားသည်ကို တွေ့ရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နီပေါနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ နံနက်ပိုင်းက နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Bhim K. Udas နှင့် မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနန၌ သီးခြားစီ တွေ့ဆုံသည်။ **(ယာပုံ)**

နီပေါနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးချဲ့နိုင်ရေးအတွက် အလားအလာရှိသော ပို့ကုန်၊ သွင်းကုန်အမယ်များအား ဖော်ထုတ်သွားရေး၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲများ ဆောလျင်စွာ ကျင်းပသွားနိုင်ရေးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် နီပေါနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် အားပေးသွားရေးတို့ကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် တရုတ်နိုင်ငံသို့ ဖရဲနှင့် သခွားမွှေးများ တင်ပို့ရာတွင် တစ်ဖက်နိုင်ငံ၏ နယ်စပ်ဝင်ထွက်ဂိတ်တွင် ဝင်ထွက်မှုစစ်ဆေးသည့် အစီအစဉ်သစ်အရ သစ်သီးတင်ကားများ နှစ်နိုင်ငံနယ်စပ်ဂိတ်တွင် ယာဉ်ပိတ်ဆို့မှုဖြစ်ပေါ်လာသည့် အခြေအနေ၊ ဂိတ်များမှ ကုန်တင်ယာဉ်များ ဖြန့်ခွဲဝင်ထွက်ခွင့်ရရန် နှစ်ဖက်တာဝန်ရှိသူများ ဆွေးနွေးစီမံဆောင်ရွက်ပေးမှု အခြေအနေ၊ သက်ဆိုင်သည့်ဝန်ကြီး ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ နှစ်နိုင်ငံဝင်ထွက်ဂိတ် အသစ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည့်အခြေအနေတို့ကို ဆွေးနွေးကြသည်။



**သတင်းစဉ်**

# ကျန်းမာရေးစီမံကိန်းများနှင့် ဆေးကုသရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေသော သုတေသနများကို ဦးစားပေးရွေးချယ်သွားမည်

နေပြည်တော် ဇန်နဝါရီ ၃

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ပြုလုပ်သည့် သုတေသနအဆိုပြုလွှာ ကနဦးစိစစ်ရွေးချယ်ရေးအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)



**သုတေသနလုပ်ငန်းများသည် အလွန်အရေးကြီး**

ပြည်ထောင်စုဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာနှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် သုတေသနလုပ်ငန်းများသည် အလွန်အရေးကြီးသဖြင့် ဝန်ကြီးဌာနအနေဖြင့် သုတေသနပြုလုပ်သည့် အလေ့အကျင့်ကောင်းနှင့် သုတေသနယဉ်ကျေးမှု ပိုမိုဖြစ်ထွန်းဖွံ့ဖြိုးစေရေး ရည်ရွယ်လျက် ပြည်သူ့ကျန်းမာရေး၊ ကုသရေးနှင့် အားကစားဆိုင်ရာ လက်တွေ့အသုံးချသုတေသနများနှင့် ကုသရေးဆိုင်ရာ သုတေသနများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဆောင်ရွက်ထားရှိသည့် လက်တွေ့အသုံးချသုတေသနများမှ တွေ့ရှိချက်ရလဒ်များနှင့် အကြံပြုချက်များကိုအခြေခံကာ လိုအပ်ပါက လုပ်ငန်းစဉ်များ၊ မဟာဗျူဟာများနှင့် မူဝါဒများကို မွမ်းမံပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သုတေသနပြုလုပ်သူတစ်ဦးချင်းစီအတွက်လည်း စဉ်းစားတွေးခေါ်ပုံနှင့် အသိပညာများ ပိုမိုတိုးတက်မြင့်မားလာကာ ပညာရပ်အလိုက် ကျွမ်းကျင်နှံ့စပ်မှု ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်း။

**ဦးစားပေးရွေးချယ်**

လက်တွေ့အသုံးချ သုတေသနများကို (၂၀၁၇-၂၀၁၈)ခု ဘဏ္ဍာနှစ်တွင် ခွင့်ပြုဘဏ္ဍာငွေကျပ်သန်း ၁၀၀၀ ဖြင့် ၂၆၃ ခု၊ ၂၀၁၈ ခု ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခွင့်ပြုဘဏ္ဍာငွေကျပ်သန်း ၅၀၀ ဖြင့် ၂၁၄ ခု ဆောင်ရွက်ခဲ့ပြီး (၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာနှစ်တွင် လက်တွေ့အသုံးချ သုတေသနများ ဆောင်ရွက်ရန် ကျပ်သန်း ၁၅၀၀ ကို ခွင့်ပြုချထားပါကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် အကျိုးရှိစေသော၊ သုတေသနပြုလုပ်ရန် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံသော၊ သုတေသနတွေ့ရှိချက်များနှင့်ရလဒ်များကို လက်တွေ့အသုံးချနိုင်သော၊ အမျိုးသားကျန်းမာရေးစီမံကိန်း၊ ကျန်းမာရေးစီမံကိန်းများနှင့် ဆေးကုသရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေသော သုတေသနများကို ဦးစားပေးရွေးချယ်ပေးသွားရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ဆေးသုတေသနမှတ်ပုံတင်မှတ်တမ်းကိုလည်း ဆောင်ရွက်လျက်ရှိပြီး သုတေသနဆောင်ရွက်မှု အားနည်းလျက်ရှိသော အရေးကြီးကဏ္ဍများကို စိစစ်သုံးသပ်ပြီး ဦးစားပေးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လက်ရှိဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များ၏ လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ခြုံငုံသုံးသပ်မှုများပြုလုပ်ကာ အားဖြည့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်) တွင် သုတေသနဆိုင်ရာစွမ်းရည်မြှင့်သင်တန်းများ စတင်ပြုလုပ်လျက်ရှိပြီး နိုင်ငံတကာတက္ကသိုလ်များနှင့်လည်း ချိတ်ဆက်၍ ပညာသင်များ စေလွှတ်သင်ကြားလျက် ရှိပါကြောင်း၊ သုတေသနလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ သုတေသနအဆိုပြုလွှာ ကနဦးစိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ပူးတွဲဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်တို့က အမှာစကားပြောကြားခဲ့ပြီးအစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

**သတင်းစဉ်**

# မိုင်းဖုန်းဆရာတော် ဝိဇာတပူဇာမွေးနေ့၌ မြေ ၃၀ ဧက လှူဒါန်း

**တာချီလိတ် ဇန်နဝါရီ ၃**

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရ၏ ဝိဇာတမွေးနေ့ပွဲ အမှတ်တရအဖြစ် မြေ ၃၀ ဧကကို ယမန်နေ့က တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ပါဆာကျေးရွာရှိ မိုင်းဖုန်းဆရာတော်ကျောင်းတိုက် ဘူတန်ကျောင်းဆောင်သစ်၌ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းပွဲတွင် အလှူရှင် ဦးဖရန်စစ်ထွန်းရီ၊ ဒေါ်နန်းဝိုးကျန်နှင့် ဦးရစ်ချတ်၊ ဒေါ်နန်းပီယာရီ၊ ရန်အောင်မြေရပ်ကွက်၊ တရုတ်ဘုံကျောင်းလမ်းနေ (ပွင့်သစ်စ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း) မိသားစုတို့က မြေ ၃၀ ဧကကို လှူဒါန်းရာ မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရက ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ထို့နောက် အဆိုပါလှူဒါန်းထားသည့် မြေနေရာတွင် မိုင်းဖုန်းဆရာတော် တရားအားထုတ်ရန်အတွက် ဘူတန်လက်ရာဖြင့် ဆောက်လုပ်ထားသည့် ဘူတန်ကျောင်းအဆောက်အအုံတစ်လုံး၊ စေတီတစ်ဆူနှင့် ရေကန်များကို သာယာလှပစွာ တည်ဆောက်ထားရှိကြောင်း၊ မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရ၏ သက်တော် (၅၆နှစ်)ပြည့် မွေးနေ့သည် ဇန်နဝါရီ ၅ ရက်တွင် ကျရောက်မည်ဖြစ်ပြီး ဝိဇာတမွေးနေ့တရားပွဲကို ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ (မိုင်းဖုန်းဆရာတော်ကျောင်းတိုက်) လွမ်းလိန်းကျောင်းတိုက်တွင် ကြွရောက်လာသည့် ဧည့်သည်များအား နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားလျက်ရှိသည်။

**လာရောက်ဖူးမြော်**

မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရ၏ ဝိဇာတမွေးနေ့ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ အောက်စဖို့ဒ်ဆရာတော် ပါမောက္ခဒေါက်တာ ဓမ္မသာမိ၊ ထိုင်း၊ လာအို၊ တရုတ်၊ ကမ္ဘောဒီးယားနှင့် ဘူတန်နိုင်ငံတို့မှ ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများနှင့် မြန်မာနိုင်ငံမှ တောင်ပေါ်၊ မြေပြန့်ဒေသအသီးသီးမှ တပည့် ဒါယကာ၊ ဒါယိကာမများ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရွှေ့လျားစာကြည့်တိုက်ဖြင့် ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအိမ်ရာများသို့ စာအုပ်ငှားရမ်းခြင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ယနေ့နံနက်ပိုင်းက နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ သွားရောက်၍ စာအုပ်များငှားရမ်းပေးခဲ့သည်။ **(ယာပုံ)** ဝန်ထမ်းများ အလွယ်တကူ စာပေဖတ်ရှုနိုင်ရန် ဝန်ကြီးဌာနများကို တစ်ရုံးလျှင် စာအုပ်သုံးစင် သုတ၊ ရသ စာအုပ် ၃၀၀ နှုန်းဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနခြောက်ခု ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။ လတ်တလောဝန်ကြီးဌာနအားလုံးကို မဆောင်ရွက်နိုင်မီကာလအတွင်း သီးခြားအစီအစဉ်တစ်ခု အနေဖြင့် ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်ငှားရမ်းခြင်းကို စာဖတ်သူများထံ အရောက်စနစ်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။



ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်တွင် ကြီးကြပ်သူဖြင့် သုတ၊ ရသ စာအုပ် ၃၅၀၀ ပါရှိမည်ဖြစ်ပြီး ဝန်ကြီးဌာန ၁၈ ရုံးများသို့ ရုံးဖွင့်ရက်များတွင် နေ့ရက်များအလိုက် ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ နေထိုင်ရာ အိမ်ရာများကို ရုံးပိတ်ရက်များတွင် ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Forever Group ၏ CEO ဦးဝင်းမော်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၃

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် Forever Group ၏ CEO ဦးဝင်းမော်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် Forever Group နှင့် ပူးပေါင်း၍ Canal+ မှ ထုတ်လွှင့်လျက်ရှိသည့် ရုပ်သံအစီအစဉ်များ၊ ဇာတ်လမ်းတွဲများ၊ တေးဂီတအစီအစဉ်၊ အားကစားအစီအစဉ်များနှင့် Documentaries များ၊ ရုပ်သံလိုင်းအပြင် တယ်လီဖုန်းမှတစ်ဆင့် ကြည့်ရှုနိုင်မည့် Mobile Application တစ်ခု ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ Telecom Operator များနှင့် ဆွေးနွေးညှိနှိုင်းမှုအခြေအနေ၊ Canal+ အနေဖြင့် ရုပ်သံလွှင့်မီဒီယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရုပ်သံလွှင့်နှင့် ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာမည့် စက်တင်ဘာလတွင် သင်တန်းကျောင်း ဖွင့်လှစ်ရေး၊ အဆိုပါကဏ္ဍနှစ်ရပ်တွင် လက်ရှိ ရင်ဆိုင်နေရသည့် အခက်အခဲ၊ စိန်ခေါ်မှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေပြင်ဆင်ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

လယ်ယာကဏ္ဍနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများသည် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ဆောင်ရွက်သူများကို အားပေးကူညီနိုင်ရေး၊ ယင်းတို့၏ သက်သာပိုင်ခွင့်နှင့် အကာအကွယ် ရပိုင်ခွင့်များ အပြည့်အဝရရှိရေးတို့ကို ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်ရာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေကို ပြောင်းလဲလာသော ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန် လိုအပ်သော ပြင်ဆင်မှုများ ဆောင်ရွက်ပြီး သက်ဆိုင်ရာများမှတစ်ဆင့် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ယနေ့ညနေပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေပြင်ဆင်ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အငြိမ်းစားပညာရှင်ကြီးများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပညာရှင်များ၊ ဖိတ်ကြားထားသူများ စုံညီစွာ တက်ရောက်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံသားတိုင်း လျှောက်ထားနိုင်ကြသကဲ့သို့ နိုင်ငံနှင့်အဝန်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လျှောက်ထားလာမှုများအပေါ် စိစစ်၍ လုပ်ကိုင်ခွင့် ခွင့်ပြုပေးလျက်ရှိကြောင်း၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများ အပါအဝင် အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်လိုသူများကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းလုပ်ကိုင်မှုမှတစ်ဆင့် လယ်ယာမြေအဖြစ် ပြောင်းလဲလျှောက်ထားပြီး လယ်ယာမြေပိုင်ဆိုင်မှုရရှိရေး ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ရေးဆွဲထားသည့် နည်းဥပဒေကြမ်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများမှ ပညာရှင်များ၊ ပြင်ပအဖွဲ့အစည်းများမှပညာရှင်များ၏ အကြံပြုချက်များ၊ သုံးသပ်ချက် အကြံပြုချက်များအရ ထပ်မံပြင်ဆင်ပြီး သက်ဆိုင်ရာမှ တစ်ဆင့် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ပြင်ဆင်ရေးဆွဲရေး လုပ်ငန်းစဉ်များနှင့် နည်းဥပဒေပြင်ဆင်ရေးဆွဲရာတွင် ထည့်သွင်းဆောင်ရွက်လျက်ရှိသော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာအကြံပြုချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှစ်ရပ် အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

**မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာ အကြံပြုချက်များအား အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီနှစ်ရပ်ဖြစ်သော ကျား/မ တန်းတူရည်တူရှိမှု မြှင့်တင်ရေး ထိခိုက်ခံစားလွယ်အုပ်စုများ ကာကွယ်ရေးလုပ်ငန်းကော်မတီနှင့် ခွဲခြားမှုမပြုရေးလုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ (Universal Periodic Review – UPR) အကြံပြုချက် တိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မတီ အစည်းအဝေးကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပခဲ့ပါကြောင်း၊ UPR ဆိုသည်မှာ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် လူ့အခွင့်အရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နောက်ကျကျန်ခဲ့မှု မရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအစည်းအဝေးတွင် လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော်မှုများကို ဆွေးနွေးရာတွင် နိုင်ငံအလိုက် အကောင်အထည်ဖော်ရမည့် အကြံပြုချက်များ လက်ခံရရှိပါကြောင်း။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၉၃ နိုင်ငံမှ အကြံပြုတိုက်တွန်းချက်များအနက် မိမိတို့နိုင်ငံက အကြံပြုချက် ၁၆၆ ရပ်ကို လက်ခံခဲ့ပြီး ကဏ္ဍ ၁၂ ရပ်ခွဲ၍ လုပ်ငန်းကော်မတီ ၁၂ ခု ဖွဲ့စည်းထားရှိပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကျား/မ တန်းတူရည်တူရှိမှု မြှင့်တင်ရေးနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ခွဲခြားမှုမပြုရေးဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်ကို ဦးဆောင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကော်မတီနှစ်ရပ်စလုံးတွင် အကြံပြုချက် ၁၅ ချက်စီ ပါဝင်ပါကြောင်း၊ အဆိုပါ အကြံပြုတိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် တတိယအကြိမ် တင်သွင်းရမည်ဖြစ်ပါကြောင်း။

လူတိုင်း အခြေခံလူ့အခွင့်အရေးများရရှိပြီး တရားဥပဒေစိုးမိုးမှု ခံစားရရှိစေရန် သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသော ဝန်ကြီးဌာန၊ ဌာနဆိုင်ရာများသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ အကြံပြုချက်များ အကောင်အထည်ဖော်မှု မှတ်တမ်းများကို စနစ်တကျ ပြည့်စုံစွာ တင်ပြနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။




ထို့နောက် တက်ရောက်လာသော သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီများဖြစ်သော အမျိုးသမီးများအရေးကို တက်ကြွစွာ လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းခုနစ်ဖွဲ့တို့က မိမိတို့ဌာန အဖွဲ့အစည်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဇန်နဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

❊ ကျောက်ဖြူမှ
ဖိတ်ခေါ်ခဲ့ပါတယ်။ အမျိုးသား ၄၀၀ နဲ့ အမျိုးသမီး ၂၀၀ စုစုပေါင်း ၆၀၀ ပါဝင်ယှဉ်ပြိုင်ကြပါတယ်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ဖို့၊ ပြည်သူလူထုအနေနဲ့ အားကစားလုပ်ခြင်းအားဖြင့် ကျန်းမာရေးကို အထောက်အကူပြုတယ်ဆိုတဲ့ အသိပညာတွေ ရရှိစေဖို့၊ အားကစားကို အားပေးချီးမြှောက်ကြဖို့ဆိုပြီး ဒီနေ့စစ်တွေမှာ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲတွေ ပြုလုပ်ရခြင်းပဲဖြစ်ပါတယ်'' ဟု ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက ပြောသည်။

ထို့နောက် အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမျိုးသားမီနီမာရသွန်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မောင်သန်းထွန်းနိုင်အား ငွေကျပ် ၁၀၀၀၀၀ (**အပေါ်ယာပုံ**)၊ ဒုတိယဆုရရှိခဲ့သည့် မောင်ဇော်ပိုင်အား ငွေကျပ် ၇၀၀၀၀ နှင့် တတိယဆုရရှိခဲ့သည့် မောင်မြင့်လင်းအား ငွေကျပ် ၅၀၀၀၀ ပေးအပ်ချီးမြှင့်သည်။

အမျိုးသား မီနီမာရသွန်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မောင်သန်းထွန်းနိုင်က ''ဒီနေ့ပြိုင်ပွဲမှာ ပထမဆုရရှိခဲ့လို့ ပျော်ပါတယ်။ အရင်တုန်းကတော့ မင်းပြားမြို့မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပေမယ့် ဒုတိယတို့၊ တတိယတို့ရရှိခဲ့ပါတယ်။ အခု စစ်တွေမြို့မှာ ကျင်းပတဲ့ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မီနီမာရသွန်ပြိုင်ပွဲမှာ ပထမဆုရရှိခဲ့ပါတယ်'' ဟု ပြောသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့သည့် မဖြူဖြူခိုင်အား ငွေကျပ် ၁၀၀၀၀၀ ၊ ဒုတိယဆုရရှိခဲ့သည့် မသူဇာခင်အား ငွေကျပ် ၇၀၀၀၀ နှင့် တတိယဆုရရှိခဲ့သည့် မဖြိုးအေးလှိုင်းအား ငွေကျပ် ၅၀၀၀၀ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲတွင် top ten ဝင်ခဲ့ကြသည့် အားကစားပြိုင်ပွဲဝင် ၂၀ အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ ပေးအပ်ချီးမြှင့်သည်။ ထို့ပြင် ပန်းဝင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များကိုလည်း တစ်ဦးလျှင်ငွေကျပ် ၂၀၀၀ စီ ပေးအပ်ခဲ့ကြောင်း သိရသည်။

''ကျွန်မက ပထမဆုရမယ်လို့ ကိုယ့်ကိုယ်ကိုယ် မမျှော်မှန်းခဲ့ပါဘူး။ နှစ်စဉ်နှစ်တိုင်း ပါဝင်ယှဉ်ပြိုင်ဖြစ်ပါတယ်။ အရင်နှစ်တွေမှာလည်း ပထမ၊ ဒုတိယဆုတွေ ရရှိခဲ့ပါတယ်။ ကိုယ့်ရဲ့ကျန်းမာရေးအတွက် မနက်ခင်းတိုင်း ကမ်းနားမှာ လမ်းလည်းလျှောက်တယ်။ ပြေးလည်း ပြေးပါတယ်'' ဟု အမျိုးသမီးမီနီမာရသွန်ပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့သည့် သတ္တမတန်းတွင် ပညာသင်ကြားနေသော မဖြူဖြူခိုင်က ပြောသည်။

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မီနီမာရသွန်ပြိုင်ပွဲများအပြင် ပျော်ပွဲရွှင်ပွဲများအဖြစ် ဧည့်ဝတီအားကစားကွင်း၌ ထုပ်ဆီးတိုး၊ လွန်ဆွဲပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ချောတိုင်တက်ပွဲနှင့် ခေါင်းအုံးရိုက်ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်များ၊ လာရောက် ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

အခြားဆုကြေးများ အနေဖြင့် ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမဆု နှစ်သိန်း၊ ဒုတိယဆု တစ်သိန်း၊ ချောတိုင်တက်ပွဲတွင် ပထမဆု နှစ်သိန်း၊ ဒုတိယဆု တစ်သိန်း၊ ပိုက် ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆု နှစ်သိန်း၊ ဒုတိယဆု တစ်သိန်းခွဲ၊ ပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆု တစ်သိန်းခွဲ၊ ဒုတိယဆုတစ်သိန်းနှင့် လွန်ဆွဲပြိုင်ပွဲတွင် ပထမဆု နှစ်သိန်း၊ ဒုတိယဆု တစ်သိန်း ဆုကြေးငွေများ သတ်မှတ်ထားကြောင်း သိရသည်။

**သတင်း-မော်စီ၊ ကိုမင်း၊ ဓာတ်ပုံ-တင်စိုး**

# Black Peter ရုပ်ရှင်ဇာတ်ကားအား ကြည့်ရှုလေ့လာဆွေးနွေးကြမည်

**ရန်ကုန် ဇန်နဝါရီ ၃**

ဒါရိုက်တာ Milos Forman ၏ ''Black Peter'' ရုပ်ရှင်ဇာတ်ကားကို လာမည့် ဇန်နဝါရီ ၆ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား အမှတ် (၅၀) ရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ''ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ'' တွင် ကြည့်ရှုလေ့လာကြမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် Czech New Wave ရုပ်ရှင်အမျိုးအစားဖြစ်ပြီး ၁၉၆၄ ခုနှစ်က ချက်နိုင်ငံ Locano International ရုပ်ရှင်ပွဲတော်၌ Golden Leopard ဆုရရှိခဲ့ရာ ယင်းဇာတ်ကားကို ဦးစွာကြည့်ရှုပြီး ဒါရိုက်တာ ဦးသိဒ္ဓိက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque ၏ ကဏ္ဍခွဲတစ်ခုဖြစ်သည့် ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုပြီး ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အစီအစဉ်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၏ ''ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ'' က အဋ္ဌမအကြိမ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❀ ကျောက်ဖြူမှ
မုံရွာ-ယင်းမာပင်-ဇီးတော- ကပိုင်လမ်း၊ မုံရွာ-ချောင်းမ-၂၈မိုင်-သစ်ရာပင်-ကပိုင်လမ်းများ စသည့် ဘုရားဖူးလမ်းများမှတစ်ဆင့် ကပိုင်လမ်းဆုံတွင် ခေတ္တရပ်နားပြီး နေ့စဉ်နံနက် ၅ နာရီမှ ညနေ ၅ နာရီခွဲအထိ တောင်ပေါ်လမ်း ၂၁ မိုင်အတက်ကို လည်းကောင်း၊ တောင်ပေါ်မှကပိုင်အထိ အဆင်ပြေချောမွေ့စွာ နေ့စဉ်နံနက် ၅ နာရီမှ ညနေ ၅ နာရီခွဲအထိ လည်းကောင်း ကားကြီးကားငယ်အသွယ်သွယ်ဖြင့် စိတ်ချမ်းမြေ့စွာ အလောင်းတော်ကဿပဘုရားအား ဖူးမြော်နိုင်ရန် ယခုနှစ်တွင် လမ်းတစ်လျှောက် ကျယ်ကျယ်ပြန့်ပြန့် ဖောက်လုပ်ထားကြောင်း တာဝန်ရှိသူထံမှ သိရသည်။

**သန်းငွေအောင်(ကနီ)**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ထိုင်း၌ ခြေစမ်းပွဲသုံးပွဲကစားမည်

**ရန်ကုန် ဇန်နဝါရီ ၃**

၂၀၂၀ တိုကျိုအိုလံပစ်ခြေစစ်ပွဲ ဒုတိယအဆင့်အတွက် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ထိုင်းနိုင်ငံသို့ သွားရောက်၍ ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၉ ဦးဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ပြီးဆုံးပါက ခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁၇ ရက်တွင် စခန်းဝင်လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့ပြီး ကစားသမားများမှာ ကလပ်အသင်းပွဲများ ကစားနေသောကြောင့် ကစားသမားအစုံအလင်ဖြင့် ရက်ဆက်လေ့ကျင့်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။ မြန်မာအမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ထိုင်းလက်ရွေးစင်အသင်းနှင့် တစ်ပွဲ၊ ထိုင်းကလပ်အသင်းနှင့် နှစ်ပွဲကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း၏ ခြေစမ်းခရီးစဉ်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ထိုင်းဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ခြေစမ်းပွဲကစားမည့် ထိုင်းကလပ်အသင်းများကို ရှာဖွေလျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် စတင်လေ့ကျင့်စဉ်က ကစားသမား ၂၇ ဦးသာ ရွေးချယ်ခဲ့သော်လည်း လှယဉ်ဝင်းနှင့် ရူပါခိုင်တို့ကို အားဖြည့်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းတွင် **နည်းပြချုပ်**အဖြစ်-ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**များအဖြစ်-ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**အဖြစ်-ဦးမြကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး**-ဇာဇာမြင့်၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ သန္တာဦး၊ **နောက်တန်း**-ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ယွန်းမီမီလွင်၊ ချစ်ချစ်၊ ယမင်းလွင်၊ ခိုင်သဇင်၊ ရူပါခိုင်၊ ဇင်ဇင်နိုင်၊ **အလယ်တန်း**-ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ မေစံပယ်ဖူး၊ လဲ့လဲ့လှိုင်၊ နန့်မေသဇင်၊ နုနု၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ **ရှေ့တန်း**-မေသူကျော်၊ ရီရီဦး၊ ဝင်းသီတာထွန်း၊ ဂျူလိုင်ကျော်နှင့် လှယဉ်ဝင်းတို့ ပါဝင်ကြသည်။

**သတင်း-ညီမြတ်သော်တာ**

# ငြိမ်းချမ်းရေးအတွက် ကော့သောင်း-ပူတာအို မိုင်တစ်ထောင်ခရီးစဉ် တစ်ကိုယ်တော်စက်ဘီးစီးနင်းသူ မိုးကောင်းမြို့သို့ ရောက်ရှိ

**မိုးကောင်း ဇန်နဝါရီ ၃**

မြန်မာနိုင်ငံတောင်ပိုင်း ကော့သောင်းမြို့မှ ကချင်ပြည်နယ် ပူတာအိုမြို့အထိ မိုင်ပေါင်းတစ်ထောင်ကျော်ခရီးစဉ်ကို ငြိမ်းချမ်းရေးအတွက်တစ်ကိုယ်တော်မိုင်ရှည် စက်ဘီးစီးနင်းသူ ဦးစိုးမြင့်(၇၇)နှစ်သည် ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက မိုးကောင်းမြို့သို့ ရောက်ရှိခဲ့သည်။

''ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာမှာ နေပါတယ်။ အခုမြန်မာပြည်တောင်ပိုင်း ကော့သောင်းမြို့ကနေ မြန်မာပြည်မြောက်ပိုင်း ပူတာအိုမြို့အထိ မိုင်တစ်ထောင်ကျော်ခရီးကို တစ်ကိုယ်တော်စက်ဘီးစီးခဲ့တဲ့ ရည်ရွယ်ချက်ဟာဆိုရင် အသက်အရွယ်ကြီးရင့်နေသူတစ်ယောက်က ငြိမ်းချမ်းရေးအတွက် ဆန္ဒပြင်းပြင်းနဲ့ ဒုက္ခခံပြီး ကြိုးစားနေတာကို ပြည်သူတွေသိစေချင်လို့ရယ်၊ တစ်ပြည်လုံးမှာ ရောက်ရှိခဲ့တဲ့ နေရာဒေသတွေအကြောင်းကို ပြည်သူလူထုတွေသိစေချင်လို့ပါ'' ဟု ပြောသည်။

ငြိမ်းချမ်းရေးအတွက် တစ်ကိုယ်တော်မိုင်ရှည်စက်ဘီးစီးနင်းသူ ဦးစိုးမြင့်သည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ နိုဝင်ဘာ ၄ ရက်တွင် စတင်ထွက်ခွာလာရာ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကိုဖြတ်ကျော်ပြီး ကချင်ပြည်နယ် မိုးကောင်းမြို့သို့ ယနေ့ မွန်းလွဲပိုင်းက ရောက်ရှိလာကာ မိုးကောင်းမြို့တွင် တစ်ညအိပ်အနားယူပြီး




ဇန်နဝါရီ ၄ ရက်တွင် မြစ်ကြီးနားမြို့မှတစ်ဆင့် ပူတာအိုမြို့အထိ တစ်ကိုယ်တော်စက်ဘီးစီးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# နည်းပြသစ်နှင့် လေးပွဲဆက် နိုင်ပွဲရယူခဲ့သည့် မန်ယူ အဝေးကွင်း၌ နယူးကာဆယ်ကိုနိုင်

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၁) ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ဇန်နဝါရီ ၃ရက် ကြာသပတေးနေ့ နံနက်ပိုင်း၌ ယှဉ်ပြိုင်ခဲ့သည့် နယူးကာဆယ်နှင့် မန်ယူပွဲတို့တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် မန်ယူအသင်းအနိုင်ရရှိခဲ့သည်။**

ယင်းပွဲတွင် အိမ်ရှင် နယူးကာဆယ်အသင်းသည် ၅-၄-၁ ပုံစံဖြင့် ရွှန်ဒန်ကို အထောင်ထားပွဲထွက်ခဲ့ပြီး ဧည့်သည် မန်ယူအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ရက်ရှ်ဖို့ဒ်ကို အထောင်ထားပွဲထွက်လာသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးအကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သော်လည်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၆၄မိနစ်တွင် လူစားဝင်လာသော တိုက်စစ်မှူး လူကာကူက မန်ယူအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် မိနစ်၈၀တွင် ဆန်ချက်ဇ်၏ ဖန်တီးမှုမှတစ်ဆင့် ရက်ရှ်ဖို့ဒ်က မန်ယူအတွက် ဒုတိယအနိုင်ဂိုး သွင်းယူပေးခဲ့သည်။

ယင်းပွဲတွင် မန်ယူအသင်း အဝေးကွင်း၌ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ယာယီနည်းပြသစ် ဆိုးလ်ရှား လက်ထက်တွင် လေးပွဲဆက်နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၂၁) ယှဉ်ပြိုင်မှုအပြီးတွင် မန်ယူအသင်းသည် ရမှတ် ၃၈ မှတ်ဖြင့် အဆင့် ၆ တွင် ဆက်လက်ရပ်တည်နေပြီး အဆင့် ၅ မှ အာဆင်နယ်နှင့် သုံးမှတ်ကွာ၊ အဆင့် ၄ မှ ချယ်လ်ဆီးနှင့် ခြောက်မှတ်ကွာနေသည်။ နယူးကာဆယ်အသင်းသည် ရမှတ် ၁၈ မှတ်ဖြင့် အဆင့် ၁၅ တွင် ရပ်တည်နေသည်။

ပရီမီယာလိဂ်အခြားပွဲစဉ် ရလဒ်များအဖြစ် ချယ်လ်ဆီးနှင့် ဆောက်သမ်တန်၏ ပွဲတွင် ဂိုးမရှိ သရေကျခဲ့ပြီး ဘန်လေက ဟက်ဒါဖီးလ်ကို နှစ်ဂိုး-တစ်ဂိုး၊ ပဲလေ့စ်က ဝုဖ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဝက်စ်ဟမ်းနှင့် ဘရိုက်တန်မှာ တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့ပြီး ဘုန်းမောက်နှင့် ဝက်ဖို့ဒ်မှာ တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။ ဇန်နဝါရီ ၁ ရက်တွင် ပွဲစဉ်(၂၁) မှ အစောဆုံးယှဉ်ပြိုင်ခဲ့သည့်ပွဲရလဒ်များမှာ စပါးအသင်းက ကာဒစ်ဖ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အာဆင်နယ်က ဖူလ်ဟမ်ကို လေးဂိုး-တစ်ဂိုးနှင့် လက်စတာက အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်တွင် ယှဉ်ပြိုင်မည့် ပရီမီယာလိဂ် ပွဲစဉ်(၂၂)တွင် မန်ယူအသင်းသည် စပါးအသင်းကို အဝေးကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နယူးကာဆယ်အသင်းသည် ချယ်လ်ဆီးအသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။




**လူကာကူ ဂိုးသွင်းအပြီး ကစားဖော်များနှင့်အောင်ပွဲခံစဉ်။**

**သီဟ**

# ဖျာပုံမြို့နယ် ချောင်းဝကျေးရွာ၌ မီးလောင်မှုကြောင့် နေအိမ် ၁၆၇ လုံး ဆုံးရှုံး၊ လူဦးရေ ၆၀၀ ခန့် အိုးအိမ်မဲ့ဖြစ်

**ဖျာပုံ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ဒေးဒလူကျေးရွာအုပ်စု ချောင်းဝကျေးရွာ၌ ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ လူနေအိမ် ၁၆၇ လုံးခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း ကနဦးသတင်းအရ သိရသည်။

ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီက ဖျာပုံမြို့နယ် ဒေးဒလူကျေးရွာအုပ်စု ချောင်းဝကျေးရွာနေ ဦးအေးမင်းနေထိုင်သည့် ဓနိမိုး၊ ထရံကာ၊ ဝါးခင်းနေအိမ်၏ မီးဖိုဆောင်မှ မီးစတင်လောင်ကာ အနီးရှိ လူနေအိမ်များသို့ပါ ကူးစက်လောင်ခဲ့ပြီး ချောင်းဝကျေးရွာ အမှတ် (၃)ရပ်ကွက်နှင့် (၄)ရပ်ကွက်ရှိ တိုက်အိမ်ကိုးလုံး၊ ပျဉ်ထောင်အိမ် ၂၅ လုံး၊ တဲအိမ် ၁၃၃ လုံး စုစုပေါင်းလူနေအိမ် ၁၆၇ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ဒေသခံပြည်သူများနှင့်အတူ ဖျာပုံခရိုင်နှင့် မြို့နယ်သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက သွားရောက် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

"မီးဘေးသင့်ပြည်သူတွေကို ဘေးလွတ်ရာကယ်ထုတ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ထားပါတယ်။ ဒေသခံ ရွာသူရွာသား အလှူရှင်တွေအပြင် ဖျာပုံမြို့ပေါ်မှာရှိတဲ့ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်အသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်နေ အလှူရှင်တွေရဲ့ အင်အားကိုပေါင်းစပ်ပြီး လတ်တလော ကျန်းမာရေး၊ စားနပ်ရိက္ခာ ပြည့်စုံစေရေး ကူညီဆောင်ရွက်ထားပါတယ်" ဟု ဖျာပုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဖျာပုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးကပြောသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် ချောင်းဝကျေးရွာနေ အမျိုးသား ၂၅၈ ဦး၊ အမျိုးသမီး ၃၄၂ ဦး၊ စုစုပေါင်း လူဦးရေ ၆၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး မီးဘေးသင့်ပြည်သူများအတွက် ချောင်းဝကျေးရွာရှိ သာသနာ့တံခွန်ကျောင်းတိုက်၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



## မြန်မာ့ရုပ်မြင်သံကြား

၄-၁-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၄၀ - **"၂၀၁၉ ခုနှစ်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားတိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ်"** "သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ်"(၁/၂၀၁၉)
- ၈း၃၅ - "ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့် ခမ်းနားထွန်းပေါ် မြန်မာနိုင်ငံတော်"
- ၈း၄၅ - "MSMES မုံရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး အလတ်စား စီးပွားရေး လုပ်ငန်း Medium Level (ပထမဆုရ) အောင်ဇမ္ဗူ လောင်စာတောင့်"
- ၉း၄၀ - "လွတ်လပ်ရေးဗိသုကာကြီးနှင့် သတင်းစာဆရာ"
- ၁၁း၂၀ - "လွတ်လပ်ရေးသင်္ကေတရှိရာ အပန်းဖြေလည်ပတ်စရာ နေရာဆီ"
- ၁၁း၃၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၂)

**ညပိုင်း**

- ၁၈း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "သမီးကလေးရဲ့ရွာ"
- ၁၈း၄၀ - "၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့ အခမ်းအနားမြင်ကွင်းနှင့် သတင်းစာဆရာကြီး"
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း -၃) (အမွေခံထောင်ချောက်) (ဇာတ်သိမ်းပိုင်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "မြန်မာ့လွတ်လပ်ရေးသမိုင်းနှင့် မော်ကွန်းကျောက်တိုင်"
- - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း "လွတ်လပ်စွာရေးသားပြောဆိုနေထိုင်ကြသည်ဆိုရာတွင်"
- - ဆေးရောင်စုံရုပ်ရှင် "သူ့ကျွန်မခံပြီ" (ဇာတ်သိမ်းပိုင်း)

# ဦးကိုနီလုပ်ကြံခံရမှု ရုံးချိန်းပေါင်း ၉၈ ချိန်းမြောက်ရုံးထုတ် သက်သေကိုးဦးသာ စစ်ဆေးရန်ကျန်ရှိ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသွားသော တရားလွှတ်တော်ရှေ့နေ ဦးကိုနီ နှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်း (ခ) ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း ၉၈ ကြိမ်မြောက်အဖြစ် နံနက် ၁၀ နာရီက ရုံးထုတ်ခဲ့ရာ ၎င်းတို့ဘက်မှ သက်သေများ လာရောက်နိုင်ခြင်းမရှိ၍ စစ်ဆေးခဲ့ခြင်းမရှိကြောင်းနှင့် ခံပြသက်သေ နှစ်ဦးထပ်မံပယ်ခဲ့ခြင်းကြောင့် ခံပြသက်သေကိုးဦးသာ စစ်ဆေးမှုပြုလုပ်ရန် ကျန်ရှိတော့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဒုတိယခရိုင်တရားသူကြီး - ၆ ဦးရဲလွင်က "ဒီကနေ့ ကျွန်တော်တို့အထူးတရားခုံရုံးက စစ်ဆေးနေတဲ့ ရာဇဝတ်ကြီးအမှုအမှတ် ၄၅/ ၂၀၁၇ လူသတ်မှုနှင့် တရားလို ရဲအုပ်မိုးနိုင်၊ ကြည်လင်း (ခ) ဖိုးထူးပါ-၄၊ ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ လက်နက်မှု တရားလို ဒုတိယရဲမှူး မြတ်ထွန်းကျော်၊ ကြည်လင်း(ခ) ဖိုးထူး ပါ-၂ အမှုနဲ့ ပတ်သက်လို့ ဒီကနေ့ ဇန်နဝါရီ ၃ ရက်အထိဆိုရင် ခံပြသက်သေ ၇၂ ဦးရှိတဲ့ထဲက ၃၆ ဦးစစ်ဆေးခဲ့ပြီး ပယ်တာက ၂၇ ဦးရှိတယ်။ ဒီတော့ အောင်ဝင်းဇော်က ခံပြသက်သေတစ်ဦး၊ ဇေယျာဖြိုးက ခံပြသက်သေရှစ်ဦး ပေါင်းရင် စစ်ဆေးဖို့ ကိုးဦးပဲကျန်တော့မှာဖြစ်ပါတယ်" ဟု ပြောသည်။

နောက်အပတ်ရုံးချိန်းကို ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်သို့ ပြန်လည်ချိန်းဆိုထားကြောင်း အဆိုပါတရားရုံးမှ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဇန်းမောက်မြို့နယ်၌ တရားမဝင် တမလန်းသစ် ၃၇ တုံး ဖမ်းဆီးရမိ

**ဇန်းမောက် ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် ကြောင်လည် သစ်တောဘိနယ်အတွင်းမှ တရားမဝင် တမလန်းသစ် ၃၇ တုံးဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂ ရက် ညနေ ၄ နာရီခန့်က ဇန်းမောက်မြို့နယ် ကြောင်လည် သစ်တောဘိနယ် နားပင်ကျေးရွာ အနောက်ဘက်လေးမိုင်ခန့်အကွာရှိ တောအတွင်း တရားမဝင် တမလန်းသစ်များ ခိုးထုတ်သယ်ဆောင်နေကြောင်း သတင်းအရ ဇန်းမောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ မြို့နယ် ထွေ/အုပ် ဒုတိယဦးစီး ဦးကျော်ဖုန်းမြင့်၊ တောအုပ်ကြီး ဦးရဲဝင့်နိုင်၊ တောအုပ်ကြီး ဦးအောင်ထွန်းနှင့်အဖွဲ့သည် သတင်းရရှိသည့်နေရာသို့သွားရောက်ရှာဖွေခဲ့ရာ စူပါကာစတန်ယာဉ်တစ်စီးပေါ်တွင် တရားမဝင် တမလန်းသစ် ခားရွေခုနစ်တုံး ဖမ်းဆီးရမိပြီး ဆက်လက်ရှာဖွေရာ ပိုင်ရှင်မဲ့ တမလန်းသစ်ခားရွေတုံး ၃၀ ကို တွေ့ရှိခဲ့သဖြင့် စုစုပေါင်း တရားမဝင် တမလန်းသစ်ခားရွေပေါင်း ၃၇ တုံး (၈ ဒသမ ၂၀၀၄ တန်) နှင့် ပိုင်ရှင်မဲ့ စူပါကာစတန်ယာဉ် တစ်စီးဖမ်းဆီးရမိပြီး သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မိုင်းခတ်မြို့နယ်၌ မူးယစ်ဆေးဝါးသုံးစွဲနေသူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**မိုင်းခတ် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ် နောင်ဖူကျေးရွာ၌ ဘိန်းစိမ်းနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မိုင်းခတ်မြို့နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် စိုင်းဖြိုးသီဟထွန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ကျာဂျော့အယ်၏ နေအိမ်အတွင်း မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ကျာနူး၊ ကျဖူး၊ ကျာကျိုး၊ ကျာခူတို့သည် မူးယစ်ဆေးဝါးသုံးစွဲနေသည်ကို တွေ့ရှိရသည်။



ဆက်လက်ရှာဖွေရာ ၎င်းတို့နှင့်အတူ ဘိန်းစိမ်း ၁၆ ဒသမ ၃၃ ဂရမ်ခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၃ ပြားနှင့် မူးယစ်ဆေးဝါးအသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် ကျာနူး(၄၀ နှစ်)၊ ကျဖူး(၅၀ နှစ်)၊ ကျာကျိုး(၃၈ နှစ်)၊ ကျာခူ(၃၀ နှစ်)နောင်ဖူကျေးရွာနေထိုင်သူတို့ကို မိုင်းခတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဘားအံမြို့နယ်တွင် ဘိန်းစာရွက်များနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဘားအံ ဇန်နဝါရီ ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် မူးယစ်တပ်ဖွဲ့စု (၃၁) မှ ရဲအုပ် ထွန်းထွန်းဝင်း ဦးစီးသောအဖွဲ့နှင့် ဇာသပြင်နယ်မြေ ရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက ဘားအံမြို့နယ် ဇာသပြင် အနောက်ကျေးရွာတိုးချဲ့ကွက်သစ် ခတ္တာလမ်းနေ ဦးယဉ်ထွေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ယဉ်ထွေးနှင့်အတူ ဘိန်းစာရွက် ၆ ဒသမ ၅ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ကိုးပြား၊ မူးယစ်ဆေးဝါးအသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ် ၂၀၀၀၀၀ ကို သိမ်းဆည်းရရှိခဲ့သဖြင့် ယဉ်ထွေး(၅၀ နှစ်) **(အောက်ပုံ)** ကို ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**



# ပဲခူးတိုင်းဒေသကြီး၌ ဒီဇင်ဘာလအတွင်း တရားမဝင်သစ် တန် ၅၀၀ ကျော်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**ပဲခူး ဇန်နဝါရီ ၃**

ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့မှ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများ၊ သစ်တောဝန်ထမ်းများ၊ရဲတပ်ဖွဲ့ဝင်များပါဝင်ကာ ပဲခူးတိုင်းဒေသကြီး၌ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း တရားမဝင် သစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ရာကျွန်း၊ သစ်မာနှင့် အခြားသစ်လုံး/ခွဲသား ၅၂၈ ဒသမ ၇၁၇၃ တန်၊ သစ်စက်အင်ဂျင် ၁၃ လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ တရားမဝင်သယ်ဆောင်လာသော မော်တော်ယာဉ်ခြောက်စီး၊ ဆိုင်ကယ် ၁၄ စီး၊ သုံးဘီးဆိုင်ကယ်တစ်စီးနှင့် စက်လှေတစ်စင်းတို့ကို ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိသော သစ်နှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ်များကို လုံခြုံစိတ်ချရာသို့ သယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



**ဟိန်းထက်(ပဲခူး)**

# ဟိုပုံးမြို့နယ်၌ ဘိန်းခင်း ၂၅ ဧကခန့်ကို ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၃**

ဟိုပုံးမြို့နယ် ထမ်းအယ်ကျေးရွာအရှေ့မြောက်ဘက် ငါးဖာလုံခန့်အကွာ၌ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ ရက်တွင် အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်ကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# အမေရိကန်အစိုးရယန္တရား ရပ်ဆိုင်းမှုကြောင့် စမစ်ဆိုနီယမ်ပြတိုက်နှင့် အမျိုးသားဥယျာဉ်ကို ပိတ်ထားရ

**ဝါရှင်တန် ဇန်နဝါရီ ၃**

အမေရိကန်ပြည်ထောင်စု၌ အမေရိကန်အစိုးရယန္တရား တစ်စိတ်တစ်ပိုင်းရပ်တန့်မှုများ ဖြစ်ပွားနေသည့်အတွက် ဝါရှင်တန်ဒီစီရှိ စမစ်ဆိုနီယမ်ပြတိုက် ၁၉ ခုနှင့် အမျိုးသား ဥယျာဉ်ကို ဗုဒ္ဓဟူးနေ့က ပိတ်ထားလိုက်ရကြောင်း သိရသည်။

ဖက်ဒရယ်အစိုးရယန္တရား ရပ်ဆိုင်းမှုကြောင့် ပြတိုက်နှင့် အမျိုးသားဥယျာဉ်တို့တွင် စီစဉ်ဆောင်ရွက်နေမှုများအားလုံး ဖျက်သိမ်းလိုက်ရကြောင်းကိုလည်း စမစ်ဆိုနီယမ် အဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အမျိုးသားဥယျာဉ်ကို ပိတ်ထားစဉ်အတွင်း ဥယျာဉ်ထဲရှိ တိရစ္ဆာန်များ၏ သက်ဝင် လှုပ်ရှားမှုကို ရိုက်ကူးသည့်ကင်မရာများနှင့် ကျော်ကြားသည့် ပန်ဒါဝက်ဝံများအား ရိုက်ကူးပြသသည့် ကင်မရာရိုက်ကူးမှုများကိုလည်း လည်ပတ်ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

သို့သော်လည်း ထိုသို့ပိတ်ထားမှုသည် အမျိုးသားဥယျာဉ်က ကတိပြုထားသည့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု စံနှုန်းပြည့်ဝမှုကို ထိခိုက်စေလိမ့်မည်မဟုတ်ကြောင်း သိရသည်။ ပြတိုက်များနှင့် ဥယျာဉ်တို့ မည်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ကို လတ်တလောတွင် မသိရှိရသေးပေ။

စမစ်ဆိုနီယမ်အဖွဲ့က လတ်တလောဖြစ်ပွားနေသည့် နိုင်ငံရေးအခြေအနေများကို ဖြေရှင်းပြီးသည်နှင့် တစ်ပြိုင်နက် လုပ်ငန်းစဉ် လည်ပတ်ဆောင်ရွက်မှုများကို အဆင့် မြှင့်တင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တွစ်တာပေါ်၌ ရေးသားခဲ့သည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၂ ရက်က စတင်ခဲ့သည့် အစိုးရယန္တရားရပ်ဆိုင်းမှုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်-မက္ကဆီကို တံတိုင်းတည်ဆောက်ပြီးစီးရန်အတွက် ရန်ပုံငွေချပေးရန် လွှတ်တော်၌တောင်းခံရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစိုးရယန္တရားရပ်ဆိုင်းမှုက ဝန်ကြီးများအဆင့် ဌာနကိုးခုနှင့် အေဂျင်စီအများ အပြားကို ထိခိုက်စေပြီး ဖက်ဒရယ်အလုပ်သမားဝန်ထမ်း ၄၂၀၀၀၀ ခန့်ကို လုပ်ခလစာ မရရှိဘဲ လုပ်ကိုင်ရသည့်အခြေအနေ ရောက်ရှိစေခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



ဝါရှင်တန်ဒီစီရှိ စမစ်ဆိုနီယမ်အဖွဲ့၏ အဆောက်အအုံကို တွေ့ရစဉ်။

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ပြင်သစ်သမ္မတတို့ ဆီးရီးယားနှင့် ယူကရိန်းအရေး ဆွေးနွေး

**မော်စကို ဇန်နဝါရီ ၃**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ပြင်သစ်နိုင်ငံသမ္မတ အီမန်နျူရယ် မက်ခရွန်တို့သည် ဆီးရီးယားအရေး သဘောတူညီချက်၊ ယူကရိန်းနိုင်ငံနှင့် ဆက်စပ်နေသည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး မကြာသေးမီက ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သမ္မတနှစ်ဦးသည် ဆီးရီးယားနိုင်ငံ ပဋိပက္ခဖြေရှင်းမှုအရေးကို အသေးစိတ် ဆွေးနွေးခဲ့ပြီး အထူးသဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ကော်မတီတစ်ခု ဖြစ်ပေါ်လာရေး နိုင်ငံလေးခု သဘောတူညီချက်ကို ဦးစားပေးပြောဆိုခဲ့ကြောင်း ကရင်မလင်နန်းတော်က ပြောကြားခဲ့သည်။

ပူတင်၊ မက်ခရွန်၊ ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်နှင့် တူရကီနိုင်ငံ သမ္မတ ရီဆက်တေရစ်အာဒိုဂန်တို့သည် အောက်တိုဘာ ၂၇ ရက်တွင် အစ္စတန် ဘူလ်မြို့တွင် ပြုလုပ်သော ထိပ်သီးအစည်း အဝေးတစ်ခုတွင် ဆီးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကော်မတီတစ်ခု တည်ဆောက်ရေးအတွက် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ယမန်နေ့က ဖုန်းဖြင့် ဆက်သွယ်ပြောဆိုမှုတွင် ခေါင်းဆောင်နှစ်ဦးတို့သည် ယူကရိန်းနိုင်ငံ ပဋိပက္ခနှင့်ပတ်သက်ပြီး အမြင်များဖလှယ်ကာ ကာ့ဒ်ရေလက်ကြားတွင် နိုဝင်ဘာ ၂၅ ရက်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အပေါ် တာဝန်ယူမှုနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း ကရင်မလင်နန်းတော်က ပြောကြားခဲ့သည်။

ပင်လယ်နက်ရှိ ကာ့ဒ်ရေလက်ကြားတွင် အဇော့ဗ်ပင်လယ်ကို ဖြတ်သန်းရန် ကြိုးပမ်းခဲ့သည့် ယူကရိန်းရေတပ်သင်္ဘော သုံးစင်းကို ရုရှားရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်မှုဖြင့် စွပ်စွဲခဲ့ပြီး ရုရှားနိုင်ငံက ပစ်ခတ်ဖမ်းဆီးခဲ့ပြီးနောက် ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့၏ တင်းမာမှု မြင့်တက်လာခဲ့သည်။

သို့သော်လည်း ယူကရိန်းအစိုးရဘက်က ၎င်းတို့သည် ယင်းအဖြစ်အပျက် မတိုင်မီ ရုရှားဘက်သို့ အသိပေးခဲ့ကြောင်းနှင့် ဖမ်းဆီးခံသင်္ဘောသားများ ပြန်လည်လွတ်မြောက်ရေးအတွက် ရှေ့နေများ စီစဉ်ထားခဲ့ကြောင်း ပြောခဲ့သည်။ **ဆင်ဟွာ**



ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်တို့အား တွေ့ရစဉ်။

# နျူကလီးယားလက်နက်တားမြစ်ရေးစာချုပ် ၂၀၁၉ တွင် စတင်အသက်ဝင်လာနိုင်

**ဂျီနီဗာ ဇန်နဝါရီ ၃**

နျူကလီးယားလက်နက်တားမြစ်ရေးစာချုပ်သည် ယခုနှစ်အတွင်း စတင်အသက်ဝင် လာနိုင်ဖွယ်ရှိသည်ဟု နျူကလီးယားလက်နက်တားမြစ်ရေး နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (ICAN) ဥက္ကဋ္ဌ တီလ်မန်ရုဖ်က ပြောကြားခဲ့ကြောင်း သိရသည်။

နျူကလီးယားလက်နက်တားမြစ်ရေးစာချုပ်ကို ၂၀၁၇ ခုနှစ်တွင် ကုလသမဂ္ဂက အတည်ပြုခဲ့သည်။ အဆိုပါစာချုပ် အသက်ဝင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံပေါင်း ၅၀ က ပြည်တွင်း၌ အတည်ပြုရန် လိုအပ်မည်ဖြစ်သည်။ ၂၀၁၈ ခုနှစ်မကုန်မီ နိုင်ငံ ၁၉ ခုတို့က အတည်ပြုခဲ့ပြီးဖြစ်သည်ဟု သိရသည်။

နျူကလီးယားလက်နက်တားမြစ်ရေးစာချုပ်ကို နိုင်ငံများနှင့် ဒေသပေါင်း ၆၉ ခုတို့က လက်မှတ်ရေးထိုးပြီးဖြစ်ရာ အတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင် ရွက်နေကြောင်း ICAN အဖွဲ့ ပူးတွဲတည်ထောင်သူ တီလ်မန်ရုဖ်က ပြောကြားခဲ့ သည်။

အမေရိကန်နှင့် ရုရှားတို့အကြား INF ဟုခေါ်သည့် တာလတ်ပစ် နျူကလီး ယားလက်နက် သဘောတူစာချုပ်ကို ဖျက်သိမ်းဖွယ်အခြေအနေရှိသည့်အတွက် အဆိုပါ နျူကလီးယားလက်နက်တားမြစ်ရေးစာချုပ်သည် ပိုမိုအရေးကြီးလာ ကြောင်း၊ ထို့ကြောင့် တတ်နိုင်သမျှ မြန်မြန်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ၎င်းက ပြောသည်။

အမေရိကန်အစိုးရသည် ရုရှားနှင့် ချုပ်ဆိုထားသည့် အဆိုပါ တာလတ်ပစ် နျူကလီးယားလက်နက်သဘောတူစာချုပ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**




ICAN အဖွဲ့ ပူးတွဲတည်ထောင်သူ တီလ်မန်ရုဖ်

# လုံခြုံရေးကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ဒိုမီနီကန်သမ္မတနိုင်ငံ ထမ်းဆောင်ရမည်

**ဂျီနီဗာ ဇန်နဝါရီ ၃**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အလှည့်ကျအဖွဲ့ဝင်သစ် ငါးနိုင်ငံပါဝင်လာပြီး အဆိုပါနိုင်ငံများထဲမှ ဒိုမီနီကန်သမ္မတနိုင်ငံက လုံခြုံရေးကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ဒိုမီနီကန်သမ္မတနိုင်ငံ အနေဖြင့် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဇန်နဝါရီလမှစပြီး နှစ်နှစ်တာ တာဝန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ အင်ဒိုနီးရှားနှင့် တောင်အာဖရိကနိုင်ငံများလည်း နှစ်နှစ်တာ အလှည့်ကျ အဖွဲ့ဝင်နိုင်ငံများအဖြစ် စတင်တာဝန်ထမ်းဆောင်ကြတော့ မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငါးနိုင်ငံစလုံးကို အဖွဲ့ဝင် ငါးနိုင်ငံအဖြစ် အသိအမှတ်ပြုကြောင်း ယမန်နေ့ က ကျင်းပခဲ့သည့် လုံခြုံရေးကောင်စီ၏ အစည်းအဝေးတွင် အသိအမှတ်ပြုခဲ့ပြီး ယင်းနိုင်ငံများ၏ သက်ဆိုင်ရာ နိုင်ငံအလံများကိုလည်း လုံခြုံရေးကောင်စီခန်းမ၏ အပြင်ဘက်တွင် စိုက်ထူလိုက်ပြီဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ကုန်ဆုံးသွားသည်နှင့် တစ်ပြိုင်နက်တည်း ယခင်က အလှည့်ကျ တာဝန်ထမ်းဆောင်ခဲ့သည့် ဘိုလစ်ဗီးယား၊ အီသီယိုးပီးယား၊ နယ်သာလန်၊ ကာဇက်စတန်နှင့် ဆွီဒင်နိုင်ငံတို့၏ သက်တမ်းကုန်ဆုံးသွားပြီဖြစ်ကြောင်း သိရ သည်။

အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သည့် လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂတွင် ဩဇာ အရှိဆုံးနေရာဖြစ်ကြောင်း သိရသည်။ တရုတ်၊ ပြင်သစ်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုတို့သည် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး ဗီတိုအာဏာသုံးခွင့်ရှိသည့် ငါးနိုင်ငံလည်း ဖြစ်သည်။

အခြား လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများကို နှစ်နှစ်ကျစီ အလှည့်ကျ တာဝန်ထမ်းဆောင်ရန် ဒေသအလိုက် အချိုးအစားညီမျှအောင် စီစဉ်ပြီး အဖွဲ့ဝင် ၁၉၃ နိုင်ငံက အထွေထွေညီလာခံတွင် မဲခွဲအတည်ပြုပေးလျက်ရှိကြောင်း သိရ သည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘင်္ဂလားဒေ့ရှ်တွင် ရွေးကောက်ခံလွှတ်တော်အမတ်များ ကျမ်းသစ္စာကျိန်ဆို

**ဒါကာ ဇန်နဝါရီ ၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အတိုက်အခံများ သပိတ်မှောက်နေသည့်ကြားမှ ရွေးကောက်ခံလွှတ်တော် အမတ်များသည် မြို့တော်ဒါကာတွင် ဇန်နဝါရီ ၃ ရက်က ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ အပါအဝင် ဥပဒေပြုလွှတ်တော်အမတ်များနှင့် လွှတ်တော်ဥက္ကဋ္ဌ ရှီရင်ချောင်ဒူရီတို့ ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။ သို့သော် ဝန်ကြီးချုပ်ဟောင်း ခါလက်ဒါဇီယာ၏ ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီ (ဘီအင်န်ပီ)ဦးဆောင်သော အဓိက အတိုက်အခံ မဟာမိတ်အမတ်များ အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ခြင်းမရှိခဲ့ပေ။

ရွေးကောက်ပွဲကော်မရှင်သတင်းထုတ်ပြန်ချက်အရ ဟာဆီနာ ဦးဆောင်သော အာဝါမီလိဂ် (အေအယ်လ်)ပါတီသည် လွှတ်တော်နေရာ ၂၉၉ နေရာရှိသည့်အနက် ၂၅၉ နေရာရရှိခဲ့ကြောင်း သိရသည်။ အာဝါမီလိဂ်ပါတီသည် ၁၉၉၆-၂၀၀၁တွင်တစ်ကြိမ်အာဏာရပြီးနောက် ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှစကာ ငါးနှစ်သက်တမ်းဆက်တိုက် သုံးကြိမ်အာဏာရရှိခဲ့သည်။ **ဆင်ဟွာ**

### အစိုးရယန္တရား ပြန်လည်လည်ပတ်နိုင်ရေး ထရမ့်နှင့် လွှတ်တော်ခေါင်းဆောင်များ ဆွေးနွေး

**ဝါရှင်တန် ဇန်နဝါရီ ၃**

အမေရိကန်အစိုးရ တစ်စိတ်တစ်ပိုင်းရပ်ဆိုင်းထားမှု ၁၂ ရက်မြောက်နေ့အဖြစ် ယမန်နေ့က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လွှတ်တော်ခေါင်းဆောင်များနှင့် အိမ်ဖြူတော်တွင် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် လွှတ်တော်ခေါင်းဆောင်များသည် အစိုးရယန္တရား ပြန်လည်လည်ပတ်နိုင်ရေးအတွက် သောကြာနေ့တွင် ထပ်မံတွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ နယ်စပ်တံတိုင်း တည်ဆောက်ရေးနှင့်ပတ်သက်ပြီး သမ္မတနှင့် လွှတ်တော်အမတ်များအကြား အချေအတင်အငြင်းပွားမှုများ ဖြစ်ပွားရာမှ ထရမ့် တောင်းဆိုထားသည့် အမေရိကန်ဒေါ်လာ ငါးဘီလီယံဘတ်ဂျက်ငွေဆိုင်ရာ အတည်ပြုချက် မရနိုင်သည့်အတွက် ယခုကဲ့သို့ အစိုးရယန္တရားတစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းထားရခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတထရမ့်နှင့် လွှတ်တော်အမတ်တွေကြား ယမန်နေ့က တွေ့ဆုံမှုသည် တိုးတက်မှု အနည်းငယ်ရခဲ့သော်လည်း ထပ်မံညှိနှိုင်းမှုများလုပ်ရန် လိုနေသေးကြောင်း သိရပြီး နောက်တစ်ကြိမ်တွေ့ဆုံမှုတွင် အဆင်ပြေနိုင်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် ရီပတ်ဘလစ်ကန်အမတ် ကယ်လ်ဗင် မက်ကာသီက ပြောခဲ့သည်။

သို့သော်လည်း သမ္မတထရမ့် တောင်းဆိုထားသည့်တံတိုင်းတည်ဆောက်ရေးငွေကြေးနှင့် ပတ်သက်ပြီး ဒီမိုကရက်များအနေဖြင့် စေ့စပ်ညှိနှိုင်းရန် မလိုလားကြောင်းကို တွေ့ရသည့်အတွက် စိတ်ပျက်မိကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# နည်းပညာတိုးတက်မှုနဲ့အတူ ဆိုက်ဘာကျူးပေါက်မှုတွေဖြစ်နေတဲ့ ယနေ့ကမ္ဘာ

**ထွန်းသစ်စ**

**ကျွန်တော်တို့နေထိုင်တဲ့ ယနေ့ ကမ္ဘာကြီးဟာ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေ အံ့မခန်းတိုးတက်လာခဲ့ပြီး တိုးတက်လာတဲ့ နည်းပညာအပေါ် ကောင်းကျိုးအတွက် အသုံးပြုသလို မကောင်းကျိုးအတွက် အသုံးချနေတာတွေလည်း ဒုနဲ့ဒေးပါပဲ။ ဟိုနေရာမှာ နည်းပညာကျူးပေါက်မှုတွေဖြစ်လိုက်၊ ဒီနေရာမှာ နည်းပညာကျူးပေါက်မှုတွေဖြစ်လိုက် စတဲ့ နည်းပညာဆိုင်ရာ မလုံခြုံမှုတွေ များလာနေပါပြီ။ ကမ္ဘာကြီးမှာ နည်းပညာတိုးတက်လာတာနဲ့တစ်ပြိုင်နက် ဘဏ်များ၊ အစိုးရရုံးအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အခြားလုံခြုံရေးနဲ့ဆိုင်တဲ့ကိစ္စရပ်များ စတဲ့လုပ်ငန်းကိစ္စအတော်များများမှာ နည်းပညာကို အသုံးပြုလာကြပါတယ်။ အဲဒီပေါ်မှာ နည်းပညာလုံခြုံမှု ကျူးပေါက်မှုဟာလည်း ကြောက်စရာကောင်းအောင် မြင့်တက်လာခဲ့ပါတယ်။**



ဆိုက်ဘာကျူးပေါက်မှုကို ကိုယ်စားပြုသော ပုံတစ်ပုံ။

**စိုးရိမ်မှုတွေလိုက်ပါမြင့်တက်**

ယနေ့ ကျွန်တော်တို့နေထိုင်တဲ့ ကမ္ဘာကြီးမှာ နည်းပညာကျူးပေါက်မှုလို့ ဆိုတဲ့နေရာမှာ ဆိုက်ဘာလုံခြုံရေး ကျူးပေါက်မှုဟာ အတော်များလာတဲ့ ကိစ္စပဲ ဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့အဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ တခြားကုမ္ပဏီအဖွဲ့အစည်းတွေ၊ ဘဏ်လုပ်ငန်းတွေ၊ လူမှုအဖွဲ့အစည်းတွေဟာ ကွန်ပျူတာနဲ့ လွတ်ကင်းတယ်လို့ မရှိပါဘူး။ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာခေတ်ကြီးမှာ သူတို့လည်း လိုက်ပါ ပြောင်းလဲလာခဲ့ကြပါတယ်။ အဲဒီလို လိုက်ပါပြောင်းလဲလာတာနဲ့အတူ စိုးရိမ်မှုတွေလည်း လိုက်ပါမြင့်တက်လျက်ရှိပါတယ်။

**ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်ခဲ့**

ယခင်က နည်းပညာမဖွံ့ဖြိုးခင်မှာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ အုပ်စုတစ်စုနဲ့တစ်စု၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ သတင်းအချက်အလက်တွေ ဖလှယ်တာတို့၊ သတင်းစကားစာလွှာပါးတဲ့ နေရာတို့မှာ စာတိုက်ကတစ်ဆင့် ပေးပို့ခဲ့ရသလို ကြေးနန်းတွေနဲ့လည်း ဆက်သွယ်မှုတွေ လုပ်ခဲ့ရပါတယ်။ အချိန်တွေလည်း အများကြီးကုန်ပါတယ်။ မလုံမခြုံဖြစ်မှုတွေလည်း မရှိသလောက်ပါပဲ။ သို့သော်လည်း ထောက်လှမ်းမှုဆိုင်ရာ သတင်းပေါက်ကြားမှုတွေ၊ ကြားဖြတ်ဖမ်းယူမှုတွေ သူ့ခေတ်သူ့အခါနဲ့တော့ ရှိခဲ့တာပေါ့။ ဒါပေမယ့် ဒီနေ့ခေတ်လောက်တော့ မဆိုးခဲ့ပါဘူး။ ဒီနေ့ခေတ်မှာ ဆိုက်ဘာကျူးပေါက်မှုတွေဟာ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ခဲ့ပါတယ်။

**ဖေ့စ်ဘွတ်ခ်သတင်းအချက်အလက်ပေါက်ကြားမှု**

အဲဒီထဲကမှ တစ်ခုကတော့ သိပ်မကြာခင်ကမှ ဖြစ်ပွားခဲ့တဲ့ ဖေ့စ်ဘွတ်ခ် အချက်အလက်ပေါက်ကြားမှု ဖြစ်ပါတယ်။ ဖေ့စ်ဘွတ်ခ်မှာ အချက်အလက်ပေါက်ကြားခဲ့တာနဲ့ ပတ်သက်ပြီးတော့ မတ် ၁၉ ရက်မှာ ကမ္ဘာ့အကြီးဆုံး လူမှုကွန်ရက်ကုမ္ပဏီအနေနဲ့ စတော့ဈေးနှုန်း ၇ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့တယ်လို့ ယခင်က ဖော်ပြခဲ့ပြီး အဲဒါဟာ လေးနှစ်တာကာလအတွင်းမှာ အနိမ့်ဆုံး အဆင့်တစ်ခုသို့ ကျဆင်းခဲ့တာပဲ ဖြစ်ပါတယ်။

"ဒီတစ်ခါ သတင်းအချက်အလက်ပေါက်ကြားမှု ဖြစ်တာကတော့ ဖေ့စ်ဘွတ်ခ်ပါ။ သို့သော်လည်း တခြားနည်းပညာကုမ္ပဏီတွေလည်း ဖြစ်သွားနိုင်ပါတယ်" လို့ နည်းပညာစောင့်ကြည့်လေ့လာသူ ရှော့ဘ်အန်ဒါလီက ပြောခဲ့ပါတယ်။ "ဒါဟာ ကမ္ဘာတစ်ဝန်းရှိ နည်းပညာကုမ္ပဏီတွေကြား မကြာခဏဖြစ်တဲ့ကိစ္စလည်း ဖြစ်ပါတယ်" လို့ သူက ဆက်ပြီးပြောခဲ့ပါတယ်။

ဖေ့စ်ဘွတ်ခ်အသုံးပြုသူတစ်လလျှင် ၂ ဒသမ ၂၇ ဘီလီယံရှိရာမှ လွန်ခဲ့တဲ့ မတ်လက သူ့ရဲ့ ဈေးကွက်တန်ဖိုး ၁၄ ရာခိုင်နှုန်းလောက် ကျဆင်းသွားတာကို တွေ့ရပါတယ်။ အသုံးပြုသူတွေရဲ့ ယုံကြည်မှုကို ချိုးဖောက်ခံလိုက်ရတာ ဖြစ်ပြီး အခုအခါမှာတော့ အဲဒီလိုမဖြစ်အောင် အကောင်းဆုံးလုပ်ဆောင်နေကြောင်း ဇူကာဘတ်က လူသိရှင်ကြား ကတိပေးခဲ့ပြီး ဖြစ်ပါတယ်။

**ရာဟူးနည်းပညာကျူးပေါက်မှုဖြစ်**

နောက်တစ်ခါ ထိတ်လန့်စရာ အကောင်းဆုံး လျှို့ဝှက်ချက်ဖော်ထုတ်နိုင်မှုကတော့ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ဖြစ်ပွားခဲ့တဲ့ ဆိုက်ဘာကျူးလွန်မှုပဲ ဖြစ်ပြီး ယင်းကိစ္စမှာ ယာဟူးအသုံးပြုသူ သုံးဘီလီယံခန့်ရှိတဲ့ အကောင့်တွေ မလုံမခြုံဖြစ်ခဲ့ရပါတယ်လို့ လွန်ခဲ့တဲ့ အောက်တိုဘာလကတည်းက ယာဟူးက ကြေညာခဲ့ပါတယ်။

အိုင်တီကျွမ်းကျင်သူ ထက်ဝက်လောက်ရဲ့ လက်တွေ့လေ့လာမှုတွေက ဘာကိုပြောသလဲဆိုရင် ယနေ့ခေတ်ဟာ ခြိမ်းခြောက်မှုအသစ်တွေနဲ့ ဆိုက်ဘာတိုက်ခိုက်လာမှုတွေအပေါ် အပြည့်အဝနားလည်ဖို့အတွက် အဓိကစိန်ခေါ်မှုတွေ ဖြစ်လို့လာခဲ့ပါပြီလို့ ပြောခဲ့ပါတယ်။ ဆိုလိုတာကတော့ ဆိုက်ဘာတိုက်ခိုက်မှုတွေကို ကာကွယ်ဖို့ဆိုရင် အဲဒီအပေါ် အပြည့်အဝနားလည်ဖို့ လိုအပ်ပါတယ်။

**ဆိုးကျိုးနဲ့ကောင်းကျိုးတူယှဉ်တွဲ**

ဖုန်းတွေ၊ Apps တွေ၊ ဝက်ဘ်ဆိုက်တွေဟာ နေ့စဉ်လူနေမှုဘဝတွေမှာ ခွဲထားလို့ မရတော့ပါဘူး။ သူတို့ကို လျစ်လျူရှုထားရင် မျက်စိပိတ်၊ နားပိတ် ဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ ယနေ့လူတွေရဲ့အစိတ်အပိုင်းတစ်ခု ဖြစ်လာပါတော့တယ်။ ထို့အတူပဲ ဒီနည်းပညာတွေဟာ လူသားတွေအတွက် ကောင်းကျိုးပြုသလို တစ်ဖက်ကလည်း ဆိုးကျိုးတွေ ဖြစ်သွားနိုင်ပါတယ်။

ဖေ့စ်ဘွတ်ခ် သတင်းအချက်အလက်ပေါက်ကြားမှုကိုကြည့်ရင် အသုံးပြုသူတွေရဲ့ ယုံကြည်မှုတွေ အလွဲသုံးစားခံလိုက်ရတာကို တွေ့ရမှာပါ။ သို့သော်လည်း ယနေ့ခေတ်မှာ အသုံးပြုသူတွေဟာ နည်းပညာရဲ့ သားကောင်တွေ ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပါတယ်လို့ Center for Humane Technology မှ တာဝန်ရှိသူတွေက ပြောခဲ့ပါတယ်။

အနည်းဆုံး လူသန်းနှစ်ထောင်လောက်ဟာ အဲဒီလို နည်းပညာတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြတော့ နည်းပညာကုမ္ပဏီတွေဟာ မမျှော်လင့်ဘဲ အမှုမဲ့အမှတ်မဲ့နဲ့ သူတို့ရဲ့ လူမှုရေးတစ်ခုလုံးကို ထိတွေ့ခွင့်တွေ၊ စီမံခွင့်တွေရသလိုဖြစ်ခဲ့ပါတယ်။ အဲဒါတွေကလည်း ယနေ့ခေတ် နည်းပညာအသုံးပြုသူတွေရဲ့ အချက်အလက်တွေ ကျူးပေါက်ဖို့အတွက် အခြေအနေတွေ ဖန်တီးပေးလိုက်သလိုပါပဲ။

**အဖွဲ့အစည်းတွေ ဆိုက်ဘာတိုက်ခိုက်ခံရ**

အပတ်စဉ်တိုင်း ဘဏ်တွေ၊ ကျန်းမာရေးအဖွဲ့အစည်းတွေ၊ ယုတ်စွအဆုံး ကျောင်းတွေအပါအဝင် ပုံသဏ္ဌာန်အရွယ်အစားအမျိုးမျိုးရှိတဲ့ အဖွဲ့အစည်းတွေကို အဓိကဆိုက်ဘာတိုက်ခိုက်မှုတွေ ပြုလုပ်လျက်ရှိတာ လေ့လာတွေ့ရှိခဲ့ပါတယ်။

ဆိုက်ဘာ တိုက်ခိုက်ခံရခြင်းကြောင့် ဘဏ်တွေရဲ့ ကွန်ပျူတာစနစ်တွေ ကမောက်ကမဖြစ်ခဲ့ပြီး သန်းပေါင်းများစွာဆုံးရှုံးခဲ့ရတဲ့ ဥပမာတွေရှိခဲ့သလို အစိုးရဌာနတွေရဲ့ သတင်းအချက်အလက်ကျူးပေါက်မှုတွေလည်း ဖြစ်ခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အစိုးရအဖွဲ့တွေမှာ ဆိုက်ဘာကျူးပေါက်မှုမဖြစ်အောင် အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

**ဆိုက်ဘာတိုက်ခိုက်မခံရအောင်**

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဆိုက်ဘာကျူးပေါက်မှုမှ ကာကွယ်နိုင်ဖို့ သက်ဆိုင်ရာဌာနတွေမှာ အကောင်အထည်ဖော် လုပ်ဆောင်နေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဟက်ကာသမားတွေက ဘယ်လိုရည်ရွယ်ချက်နဲ့ အခုလို ဆိုက်ဘာတိုက်ခိုက်မှုတွေ လုပ်ဆောင်နေရသလဲဆိုတာ မသိပေမယ့် အဲဒီလို ဖောက်ထွင်းတိုက်ခိုက်ခြင်းခံရတဲ့ ယုတ်စွအဆုံး ကျောင်းတွေအပါအဝင် ပုံသဏ္ဌာန်အရွယ်အစားအမျိုးမျိုးရှိ အဖွဲ့အစည်းတွေ၊ ကမ္ဘာ့အဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ တခြားကုမ္ပဏီအဖွဲ့အစည်းတွေ၊ ဘဏ်လုပ်ငန်းတွေ၊ လူမှုအဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်မှုတွေ အများဆုံး နှောင့်နှေးကြန့်ကြာခဲ့ရသလို အရေးကြီးတဲ့ အချက်အလက်တွေလည်း ဆုံးရှုံးကျူးပေါက်ခဲ့ရပါတယ်။ ပြောင်းလဲဖြစ်ပေါ်လာတဲ့ ဆိုက်ဘာခြိမ်းခြောက်ခြင်း သို့မဟုတ် ဆိုက်ဘာကျူးပေါက်ခြင်းရဲ့ အခင်းအကျင်းကို သုံးသပ်ရမယ်ဆိုရင် အဖွဲ့အစည်းတွေအနေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆိုက်ဘာခြိမ်းခြောက်မှု အန္တရာယ်ကို စီမံခန့်ခွဲနိုင်ဖို့ လိုအပ်ပါကြောင်း။ ။

**"ဖေ့ဘွတ်ခ်မှာ အချက်အလက်ပေါက်ကြားခဲ့တာနဲ့ ပတ်သက်ပြီးတော့ မတ် ၁၉ ရက်မှာ ကမ္ဘာ့အကြီးဆုံး လူမှုကွန်ရက်ကုမ္ပဏီအနေနဲ့ စတော့ဈေးနှုန်း ၇ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့တယ်လို့ ယခင်က ဖော်ပြခဲ့ပြီး အဲဒါဟာ လေးနှစ်တာကာလအတွင်းမှာ အနိမ့်ဆုံး အဆင့်တစ်ခုသို့ ကျဆင်းခဲ့တာပဲဖြစ်"**

**ကိုးကား - ချန်နယ်နယူးအေးရှ**

# ဇလုံတောင် တောင်တက်ကားများ ပြိုင်မမောင်းကြရန် ဝန်ကြီးချုပ် သတိပေး

**ဗန်းမောက် ဇန်နဝါရီ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်သို့ တက်ရောက်ကြသည့် တောင်တက်ကားများတစ်စီးနှင့် တစ်စီး ပြိုင် မမောင်းကြရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဇလုံတောင် ခမိုးယာဉ်ရပ်နားစခန်း ဖွင့်ပွဲအခမ်းအနား၌ ဇန်နဝါရီ ၂ ရက်က သတိပေး ပြောကြားခဲ့သည်။

လက်ရှိတွင် ဘုရားဖူးခရီးသွားရာသီဖြစ်သည့်အတွက် ဇလုံတောင်သို့ နေ့စဉ် ပြည်တွင်းခရီးသွား အများအပြား လာရောက်ကြသောကြောင့် ဇလုံတောင်တော်ပေါ်သို့ ပို့ဆောင်သည့် တောင်တက်ကားများ ပြိုင်မမောင်းကြရန်နှင့် စည်းကမ်းတကျ မောင်းနှင်ကြရန် သတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

"ကားကို အပြိုင် မမောင်းကြပါနဲ့။ ယာဉ်တွေ စည်းကမ်းတကျ လုပ်ကြပါ။ ဇလုံတောင် နာမည်ပျက်အောင် မလုပ်ကြပါနဲ့။ နာမည် တစ်ခါပျက်ပြီးရင် ပြန်ဆယ်ဖို့ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် စနစ်တကျ စည်းကမ်းရှိစွာမောင်းပေးကြပါ" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဇလုံတောင်တော်ပေါ်သို့ ယခင်နှစ်က တောင်တက် ယာဉ်စီးရေ ၄၅ စီး ပြေးဆွဲခဲ့ပြီး ယခုနှစ်တွင် တောင်တက်မော်တော်ယာဉ် ၁၅၀ ခန့်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ဇလုံတောင် တောင်တက်ကားအသင်းထံမှ သိရသည်။

ဇလုံတောင်တော် တောင်တက်



ကားတစ်စီးလျှင် ၁၅ ဦးအထိ လိုက်ပါစီးနင်းနိုင်ပြီး ကားခနူန်းထားကို လူတစ်ဦးလျှင် အသွားအပြန် ငွေကျပ် ၆၀၀၀ ကောက်ခံလျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်က ဇလုံတောင်သို့ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည် နှစ်သိန်းကျော် လာရောက် လည်ပတ်ကြောင်း ဇလုံတောင် တောင်တက်ကားအသင်းမှ သိရသည်။ **ကိုမင်း(အင်းတော်)**

# ဗိဿနိုး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ကျေးရွာ ၁၁ ရွာမှ ဒေသခံများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ တွေ့ဆုံ

**မကွေး ဇန်နဝါရီ ၃**
တောင်တွင်းကြီးမြို့နယ် ဗိဿနိုး ရှေးဟောင်း ယဉ်ကျေးမှု နယ်မြေအတွင်းရှိ ကျေးရွာ ၁၁ ရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို ပထမဆုံးအကြိမ်အဖြစ် မကွေးတိုင်းဒေသကြီးတွင် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်တို့ ပူးပေါင်းကာ ယမန်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲကို ဗိဿနိုး ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ နန်းတွင်းတောရကျောင်းတွင်



ကျင်းပရာ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဝန်ကြီးဌာနအသီးသီးမှ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက " ဒီပွဲမှာ မေးခွန်းတွေ မေးမယ်၊ သက်ဆိုင်တဲ့ ဝန်ကြီးတွေနဲ့ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူတွေလည်း ပါတယ်။ မေးထားတဲ့ မေးခွန်းတွေအတွက် လုပ်ပေးချင်ပါတယ်။ လုပ်နိုင်သလောက်လည်း လုပ်ပေးနေပါတယ်" ဟု ပြောကြားသည်။

ဗိဿနိုးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ အတွင်းရှိ အထက်စတုံဆည်(ပဲ့ဆည်)ပျက်စီးခဲ့သဖြင့် ဒေသခံတောင်သူများမှာ စိုက်ပျိုးရေးကို မလုပ်နိုင်သည်မှာ ငါးနှစ်ခန့်ရှိပြီး ကျေးရွာခြောက်ရွာရှိ လယ်ယာမြေဧက ၇၃၀ ခန့်မှာ စိုက်ပျိုးရေး လုပ်ကိုင်မရတော့သဖြင့် အဘက်ဘက်မှ ခက်ခဲလာသည်"ဟု ဒေသခံတစ်ဦးက ပြောပြခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများက ဗိဿနိုး ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရေလွှတ်မြောင်းများ ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်ရန် အခက်အခဲ ဖြစ်နေခြင်း၊ ရွာချင်းဆက်လမ်းများ ပြင်ဆင်ပေးရန်၊ လျှပ်စစ်မီးရရှိရေးနှင့် ကန်ပေါင်များ မြှင့်တင်ရေးအတွက် တင်ပြရာတွင် အစိုးရအဖွဲ့ ဝန်ကြီးများနှင့်အတူ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ညှိနှိုင်းဖြေရှင်းပေးရန် ဆောင်ရွက်ထားကြောင်း မကွေးတိုင်းဒေသကြီးအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်တွဲဖက် အတွင်းအရေးမှူး ဦးသန်းနိုင်က ပြောသည်။ **ဇွဲထက်ရှင်**

## သီပေါ သီတဂူစက္ခုဒါန ဆေးရုံကြီးတွင် အသုံးပြုနိုင်ရန် မော်တော်ယာဉ်တစ်စီးလှူဒါန်း

**သီပေါ ဇန်နဝါရီ ၃**
ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်ဦးရွက်စီစဉ်မှုနှင့် သီပေါ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိကြီးကြပ်မှုဖြင့် သုံးလလျှင် တစ်ကြိမ် မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးလျက်ရှိရာ ယခု(၄၇)ကြိမ်မြောက် ခွဲစိတ်ကုသမှုများကိုလည်း ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း မဟာမြတ်မုနိ ဘုရားကြီးဆရာတော်က မိန့်ကြားခဲ့သည်။

အဆိုပါ မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသမှုတွင် ရှမ်းပြည်နယ်မြောက်ပိုင်းမှ မြို့နယ်များသာမက မြန်မာနိုင်ငံ အရပ်ရပ်မှ မျက်စိဝေဒနာရှင်များပါ လာရောက် ကုသလျက်ရှိသဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်မြို့ မဇ္ဈိမာရာမကျောင်းတိုက် ဦးစီးပဓာနဆရာတော် အရှင်ဉာဏောဘာသ အရှင်သူမြတ်က သီပေါသီတဂူ စက္ခုဒါနဆေးရုံကြီးတွင် အသုံးပြုနိုင်ရန် ဘက်ထရီမော်တော် ယာဉ်တစ်စီးကို ဇန်နဝါရီ ၂ ရက်တွင် သီတဂူစက္ခုဒါန ဆေးရုံတာဝန်ခံ ဆရာတော် အရှင်ပညာသီရိထံ ကြွရောက်လှူဒါန်းသွားကြောင်း သိရ သည်။

**စိုင်း(သီပေါ)**

# ၂၀၁၉ ခုနှစ်တွင် မန္တလေးမြို့တွင်းရှိ လမ်းများအားလုံး မီးအလင်းရောင်ရရှိစေရန် ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်

**မန္တလေး ဇန်နဝါရီ ၃**
မန္တလေးမြို့တော်စည်ပင်သာယာကော်မတီမှ မြို့တော်နေပြည်သူများအတွက် ၂၀၁၉ ခုနှစ်တွင် မန္တလေးမြို့တွင်းရှိ လမ်းများအားလုံး၌ မီးအလင်းရောင်ရရှိစေရန် လမ်းမီးတိုင်များတပ်ဆင်ခြင်းလုပ်ငန်းကို ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကော်မတီမှ ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

လက်ရှိတွင် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်၌ လမ်းမီးလင်းရေးအတွက် ငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော် လျာထားပြီး မီးလုံး ၉၀၀၀ ကျော်နှင့် မီးတိုင်များဝယ်ယူကာ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် တစ်မြို့လုံးမီးလင်းရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကော်မတီအနေနဲ့ လမ်းမီးထွန်းတဲ့အခါမှာ ပညာရှင်တွေနဲ့အတူ Street Light Technology လို့ ခေါ်တဲ့ လမ်းမီးနည်းပညာနဲ့တွက်ချက်ပြီးမှထွန်းတာဖြစ်လို့ မကုန်ကျသင့်ဘဲ မကုန်ကျအောင်လုပ်ထားပါတယ်။ လမ်းမီးတွေကို ၂၀၁၉ နှစ်ကုန်ပိုင်းမှာ တစ်မြို့လုံးနီးပါးလင်းသွားအောင် ရည်မှန်းချက်ထားပြီး လုပ်နေတယ်။ ဘာကြောင့် ဒီလိုပြောနိုင်တာလဲဆိုရင် ကျွန်တော်တို့ကော်မတီဘတ်ဂျက်နဲ့ ဒီလိုလင်းသွားအောင် လုပ်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် အခုအလှူရှင်တွေကစပြီး လှူနေကြသလို ဆက်ပြီးလှူဖို့ ကမ်းလှမ်းတာတွေလည်းရှိတော့ အောင်မြင်မယ့်အနေအထားမှာ ရှိပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း၌ အဆိုပါ လမ်းမီးလင်းရေးလုပ်ငန်းများအပြင် မန္တလေးမြို့တွင်းရှိ အဓိကလမ်းမကြီးများနှင့် လမ်းသွယ်များအားလုံးကို အဆင့်မြှင့်တင်ခင်းကျင်းခြင်း၊ အမှိုက်များ ပိုမိုသိမ်းဆည်းနိုင်ရေးအတွက် ခေတ်မီအမှိုက်သိမ်းယာဉ်များ ပိုမိုဝယ်ယူဖြည့်ဆည်းခြင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန် ယူဆောင်ရွက်နေသည့် ဈေးများအားလုံးကို အမြင်တင့်တယ်သည့် ဈေးများအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ယင်းဈေးများရှိ ဈေးအိမ်သာများကို အဆင့်မီအိမ်သာများအဖြစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းနှင့် မြို့တွင်း၌ အဆင့်မီ အများသုံးသန့်စင်ခန်းများ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မန္တလေးမြို့တွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန်နှင့် သွားလာရေးလွယ်ကူစေရန် Mobile Team အဖွဲ့များဖြင့် ဇန်နဝါရီ ၂ ရက်မှစ၍ စစ်ဆေးအရေးယူမှုများကို ဆောင်ရွက်နေပြီး ယခုနှစ် မတ်လနောက်ပိုင်းမှစ၍ မြို့ဝင်၊ မြို့ထွက်ဂိတ်များတွင် ဘီးခွန် ကောက်ခံနေမှုများကို အီလက်ထရွန်နစ်နည်းပညာဖြင့် အလိုအလျောက် ငွေကောက်ခံခြင်း၊ အလိုအလျောက်စာရင်းသွင်းခြင်းတို့ဖြင့် ဆောင်ရွက်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



## ဆေးတက္ကသိုလ် (မန္တလေး) လူငယ့်အားမာန်အသင်း စာပေဟောပြောပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၃**
ဆေးတက္ကသိုလ်(မန္တလေး) လူငယ့်အားမာန်အသင်းက ကြီးမှူး၍ စာပေဟောပြောပွဲကို ယမန်နေ့က ချမ်းအေး သာစံမြို့နယ် ၃၀ ×၃၁ လမ်းကြား၊ ၇၃ × ၇၄ လမ်းကြားရှိ အဆိုပါ တက္ကသိုလ် ဇီဝကစာသင်ဆောင်၌ ကျင်းပသည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာမ ခင်ခင်ထူးက 'ဝတ္ထုတစ်ပုဒ် မွေးဖွားခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ နေဝင်းမြင့်က မင်္ဂလာရှိပါစေ' ခေါင်းစဉ်ဖြင့်လည်းကောင်း လူငယ်များ အသိပညာဗဟုသုတ ရရှိစေမည့် သုတ၊ ရသ စာပေများ ဟောပြောသည်။

ထို့နောက် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်မောင်လွင်က ကျေးဇူးတင်စကား ပြောကြား၍ ပါမောက္ခချုပ်၊ လူငယ့်အားမာန်အသင်းဥက္ကဋ္ဌ ကိုကောင်းထက်ဟိန်းနှင့် အဖွဲ့ဝင်များက ဟောပြောပေးခဲ့သည့် ဆရာ ဆရာမတို့ကို အမှတ်တရ ဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။

ယင်းဟောပြောပွဲသို့ ဆေးတက္ကသိုလ်(မန္တလေး)မှ ဆရာ ဆရာမများ၊ လူငယ့် အားမာန်အသင်း အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အပူပိုင်းမုန်တိုင်း ပါဘက်ဖြတ်သန်းရာ ထိုင်းနိုင်ငံမြို့များမှ မြန်မာအလုပ်သမားများအတွက် မိုးလေဝသ အထူးသတိပေးချက် မြန်မာသံရုံးမှ ထုတ်ပြန်ထား


**ဗန်ကောက် ဇန်နဝါရီ ၃**


အပူပိုင်းမုန်တိုင်း ပါဘက်ဖြတ်သန်းရာ ထိုင်းနိုင်ငံ တောင်ပိုင်းမြို့များတွင် သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများ သတိပြုနေထိုင်ကြရေး မြန်မာသံရုံးတာဝန်ရှိသူများက ဇန်နဝါရီ ၃ ရက်က မိုးလေဝသ အထူးသတိပေးချက်များ ထုတ်ပြန် အသိပေးထားကြောင်း သိရသည်။

ထုတ်ပြန်ချက်များတွင် ဇန်နဝါရီ ၂ ရက် ညနေ ၄ နာရီတွင် အပူပိုင်းမုန်တိုင်း ပါဘက်သည် တရုတ်ပင်လယ်ပြင် အနိမ့်ပိုင်းတွင် ဗဟိုလတ္တီကျု အနိမ့် အမြင့် ၆ ဒသမ ၀ ဒီဂရီအထက်၊ အရှေ့လောင်ဂျီကျု ၁၀၈ ဒသမ ၀ ဒီဂရီ တစ်နာရီကို ၆၅ ကီလိုမီတာနှုန်းဖြင့် မုန်တိုင်းမှာ အနောက်ဘက်သို့ တဖြည်းဖြည်း ရွေ့လျားနေကြောင်း၊ အဆိုပါ မုန်တိုင်းသည် အင်ဒိုချိုင်းနားမှ တစ်ဆင့် ဇန်နဝါရီ ၂ ရက် မှ ၃ ရက်အတွင်း ထိုင်းပင်လယ်ကွေ့သို့ ရောက်ရှိနိုင်ကြောင်း၊ ယင်းမုန်တိုင်းသည် ဇန်နဝါရီ ၄ ရက်နေ့ ညဦးယံ၌ ထိုင်းနိုင်ငံ တောင်ပိုင်းဒေသများ ဖြစ်ကြသည့် ချွန်ဖော်ခရိုင်၊ ဆူရတ်ဌာနီခရိုင်သို့ ရောက်ရှိလာနိုင်ပြီး ဇန်နဝါရီ ၃ ရက်မှ ၅ ရက်အတွင်း ထိုင်းတောင်ပိုင်းဒေသများတွင် မိုးလေဝသကို သတိပြုရန်နှင့် ၎င်းဒေသများတွင် မိုးရွာသွန်းမှု ပိုမိုများပြားကာ အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားနိုင်၍ ဒေသခံပြည်သူများအနေဖြင့် သတိထားရန် လိုအပ်ကြောင်း ထုတ်ပြန်အသိပေးထားသည်။

ဇန်နဝါရီလ ၃ ရက်မှ ၄ ရက်အတွင်း မုန်တိုင်းကြောင့် ချွန်ဖော်ခရိုင်၊ ဆူရတ်ဌာနီခရိုင်၊ နခွန်စီထမရာခရိုင်၊ ဖတ်ထလူခရိုင်၊ စုန်ခလာခရိုင်၊ ပါတနီခရိုင်၊ ရလာခရိုင်၊ နလာထီးဝါးခရိုင်၊ ကဘီခရိုင်၊ တလန်ခရိုင်နှင့် စတူခရိုင်တို့တွင် လေတိုက်နှုန်းနှင့် မိုးရွာသွန်းမှု များပြားလာနိုင်ကြောင်း၊ ဇန်နဝါရီလ ၄ ရက်မှ ၅ ရက်အတွင်း ဖစ်ချ်ဘူရီခရိုင်၊ ပါကျွတ်ခီလီခံခရိုင်၊ ချွန်ဖော်ခရိုင်၊ ဆူရတ်ဌာနီခရိုင်၊ နခွန်စီထမရာခရိုင်၊ ဖတ်ထလူခရိုင်၊ စုန်ခလာခရိုင်၊ ပါတနီခရိုင်၊ ရလာခရိုင်၊ နလာထီးဝါးခရိုင်၊ ကဘီခရိုင်၊ ရနောင်းခရိုင်၊ ဖန်ငခရိုင်၊ ဖူးကစ်ခရိုင်များတွင် မိုးအနည်းငယ်ရွာသွန်းကာ အချို့ခရိုင်များတွင် လေတိုက်နှုန်းနှင့် မိုးရွာသွန်းမှု ပိုမိုများပြားလာနိုင်သဖြင့် အဆိုပါဒေသများအတွင်း နေထိုင်ကြသည့် ပြည်သူများ၊ လာရောက် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားမိသားစုများ၊ ကမ်းရိုးတန်း တစ်လျှောက်နေထိုင်ကြသည့် ပြည်သူလူထုများနှင့် အထူးသဖြင့် ပင်လယ်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသည့်လုပ်သားများ သဘာဝဘေးအန္တရာယ် ကင်းဝေးစေရန် အထက်ဖော်ပြပါ ကာလအတွင်း သတိပြုနေထိုင်ကြရန် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ အလုပ်သမားထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**




# ကုန်ကြမ်းမြေနီ ရှားပါးမှုကြောင့် စစ်ကိုင်း အိုးလုပ်ငန်း ထက်ဝက်ခန့် ရပ်ဆိုင်း

**စစ်ကိုင်း ဇန်နဝါရီ ၃**

အိုးလုပ်သည့် ကုန်ကြမ်းမြေ မြေနီ ရှားပါးလာသောကြောင့် စစ်ကိုင်းမြို့ရှိ အိုးလုပ်ငန်းများ ထက်ဝက်ခန့် ရပ်နားနေရကြောင်း စစ်ကိုင်းမြို့ အိုးဘိုရပ်ကွက်ရှိ အိုးလုပ်သူများထံမှ သိရသည်။

လက်ရှိတွင် အိုးလုပ်ငန်းများတွင် အသုံးပြုသည့် မြေနီရှားပါးလာခြင်း၊ အိုးလုပ်သည့်ကုန်ကြမ်းများ ဈေးနှုန်းမြင့်တက်လာခြင်းနှင့်အတူ သယ်ယူခများ မြင့်တက်လာခြင်း၊ အလုပ်သမားရှားပါးလာခြင်းတို့ကြောင့် ယခုနှစ်တွင် အိုးလုပ်ငန်းလုပ်ကိုင်သူ တစ်ဝက်ခန့် ရပ်ဆိုင်းကာ အလုပ်အကိုင်အသစ်များ ရှာဖွေလုပ်ကိုင်လာကြောင်း အိုးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းမော်က ပြောသည်။

"အိုးလုပ်ငန်း လုပ်ကိုင်တဲ့သူ ဦးရေက တစ်နှစ်ထက် တစ်နှစ် လျော့နည်းလာတယ်။ ပြီးခဲ့တဲ့နှစ်ကမှ အိုးလုပ်ငန်း လုပ်တဲ့ သူ ၃၀ လောက် ရှိသေးတယ်။ ဒီနှစ်ကျ ၁၅ ဦးလောက်တောင် မရှိတော့ဘူး။ ထက်ဝက်ကို လျော့ကျသွားတယ်။ မလုပ်တော့ဘူး။ ဒီနှစ်က ရပ်နားသူများတာက ကုန်ကြမ်းမြေနီက ဘယ်လိုမှကို ရှာမရဘဲ ရှားလာတယ်။ မြေနက်ကတော့ ရတယ်။ ကောင်းမှုတော်ဘုရား အနောက်ဘက်မှာ ရှိတယ်။ ထော်လာဂျီတစ်စီး ငွေကျပ် ၂၀၀၀၀ နဲ့ လိုသလောက် ဝယ်လို့ရတယ်။ အများအားဖြင့်က ကုန်ကြမ်းမြေနီရှားလို့ မလုပ်ကျတော့ တာများတယ်" ဟု ၎င်းက ပြောသည်။

အိုးလုပ်ငန်းတွင် အသုံးပြုသည့် မြေနီကို ယခင် မင်းကွန်းဒေသသွားသည့် ခိုတောင်ချောင်းပေါက်စသည့် ကျေးရွာများမှ ထော်လာဂျီ တစ်စီးလျှင် ငွေကျပ် ၂၈၀၀၀နှုန်းဖြင့် ဝယ်ယူရရှိသော်လည်း နောက်ပိုင်းတွင် ရောင်းချမည့်သူ မရှိတော့ကြောင်း၊ ယခုအခါတွင် ရွာသစ်ကြီး ကျေးရွာဘက်မှ မြေနီထော်လာဂျီ တစ်စီးလျှင် ငွေကျပ် ၃၅၀၀၀ ဖြင့် ဈေးမြင့် ဝယ်ယူနေရကြောင်း၊ ထိုသို့ ဈေးမြင့် ဝယ်ယူနေရသော်လည်း ကုန်ကြမ်းမြေနီက လိုသလောက် ဝယ်ယူမရရှိကြောင်း အိုးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြင့်မြင့်ဆန်းက ပြောသည်။

"မြေနီကို မှာတဲ့အခါ တစ်ယောက်တည်းကမှာရင် လာမပို့ပေးဘူး။ ဘာလို့လဲဆိုတော့ သူတို့ကလည်း ရွာသစ်ကြီးဘက်ကလာပို့ရတာဆိုတော့ ဝေးတော့ တွက်ခြေမကိုက်တော့ လာမပို့ချင်ကြဘူး။ တစ်ခါမှာရင် သုံးဦးလောက်မှာမှ လာပို့ပေးတယ်။ သုံးဦးမှာဖို့ဆိုတာလည်း လုပ်တဲ့သူက သိပ်မရှိတော့ ခက်တယ်။ အခု ကုန်ကြမ်းမြေနီရဖို့က အတော်လေး ခက်တယ်။ အဝယ်နည်းရင် ကုန်ကြမ်း မြေနီက ရောင်းတဲ့သူ မရှိတော့ဘူး။ မရှိတော့ရင် ဒီလုပ်ငန်းကြီးက ရေရှည်မှာ ပျောက်ကွယ်ဖို့ပဲ ရှိတော့တယ်" ဟု ၎င်းကပြောသည်။

စစ်ကိုင်းမြို့ အိုးဘိုရပ်ကွက်ရှိ အိုးလုပ်ငန်း လုပ်ကိုင်သူအများစုမှ အဓိက စီးပွားရေးအနေဖြင့် စစ်ကိုင်းသောက်ရေအိုးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်လျက်ရှိပြီး ယခင်က အိုးလုပ်ငန်းကို နှစ်ပတ်လည် လုပ်ကိုင်ကြသော်လည်း ယခုအခါတွင် မိုးလေကင်းစင်သော တန်ဆောင်မုန်းလမှ တန်ခူးလအထိသာ လုပ်ကိုင်ကြရသည်။ စစ်ကိုင်းဒေသထွက် သောက်ရေအိုးသည် အခြားဒေသထွက် အိုးများထက် အေးမြသောဓာတ်ကို ပေးစွမ်းနိုင်သောကြောင့် မြန်မာပြည်အနှံ့ အပြားတွင် စစ်ကိုင်းအိုးဟု ကျော်ကြားလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဝယ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့ အိုးဘိုရပ်ကွက်သည် ရှေးမြန်မာမင်းအဆက်ဆက် လက်ထက်ကပင် အစဉ်အဆက် အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည့် ရပ်ကွက်ဖြစ်သောကြောင့် 'အိုးဘို' ရပ်ကွက်ဟု အမည်ပေးခဲ့ခြင်းဖြစ်ကာ ၁၉၈၆ -၁၉၈၇ခုနှစ် အတွင်းထိ ရွာလုံးနီးပါးအိုးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း ယခုအခါတွင် အိမ်ခြေ ၃၀၀ ကျော်ရှိသည့်အနက် အိမ်ခြေ ၂၀ ဝန်းကျင်သာ အိုးလုပ်ငန်းကို လုပ်ကိုင်နေကြသည်။ ကျန်အိမ်ထောင်စုများမှာ ရက်ကန်းလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပြောင်းရွှေ့ လုပ်ကိုင်လျက်ရှိကြောင်း အိုးလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

**ကိုမင်း(အင်းတော်)**



# ဈေးကွက်ပေါက်ဈေး

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃-၁-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၉၅/၉၀၀ | ကျပ် | ၈၈၅/၉၀၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၀၅/၉၁၀ | ကျပ် | ၉၀၀/၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၇၁၀ | ကျပ် | ၇၃၀/၇၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၀၀/၈၀၀ | ကျပ် | ၈၂၅/၈၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၉ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၈ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၃၃ ・ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၃၂ ・ ၅ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၈ ・ ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၄ ・ ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၀၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ・ ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ ・ ၉၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၇၅၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး(တာဝန်) - ဝင်းကျော်
စာတည်းမှူး - မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်းများ - ကြည်ဝင်း၊ ခြူးစန္ဒီဋ္ဌေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခုတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ချယ်လ်ဆီးအတွက် အရေးအပါဆုံးဖြစ်လာနိုင်တဲ့ ဇန်နဝါရီဈေးကွက်

တစ်နှစ်စတင်ပြောင်းလဲခဲ့ပြီ။ ဇန်နဝါရီဆိုတာဟာ ပြက္ခဒိန်နှစ်တစ်နှစ်အတွက် ပထမဆုံးနှစ်လည်းဖြစ်တယ်။ ပရီမီယာလိဂ်ရဲ့ ဆောင်းရာသီ ဈေးကွက်ဟာ တစ်လသာဖွင့်တာဖြစ်ပါ တယ်။ ဘောလုံးအသင်းတွေအတွက်တော့ ရာသီဝက် အတွင်းလိုအပ်မှုတွေကို အကောင်းဆုံး ဖြည့်ဆည်းဖို့အတွက် အချိန်ကောင်းလို့လည်းပြောမှာဖြစ်ပါတယ်။ ဒါပေမယ့် ရာသီဝက်မှာက အခြားအသင်းရဲ့ကစားသမားတစ်ယောက်ကို ခေါ်ယူရတာကတော့ လွယ်ကူတဲ့အလုပ်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်တွေတုန်းကတော့ ထိပ်တန်းကစားသမားတွေ ဇန်နဝါရီမှာ ပြောင်းရွှေ့သွားခဲ့တာတွေတော့ ရှိပါတယ်။ အူဘာမီယန်၊ ဆန်းချက်ဇ်၊ ကော်တင်ညို၊ ဗန်ဒိုက်စ်တို့ဆိုရင်လည်း ဆောင်းရာသီဈေးကွက်မှာ ပြောင်းရွှေ့ခဲ့ကြတာဖြစ်ပါတယ်။

ဒီနှစ်ဇန်နဝါရီဈေးကွက်ဟာ ချယ်လ်ဆီးအသင်းအတွက်တော့ ယခင်ရာသီတွေထက်ပိုအရေးကြီးတယ်လို့ ပြောရမှာပါ။ ဒီဇန်နဝါရီဈေးကွက် ချယ်လ်ဆီးအသင်းရဲ့ကံကြမ္မာကိုအပြောင်းအလဲ လုပ်နိုင်လောက်တဲ့အရာတွေဖြစ်လာနိုင်တယ်လို့လည်း ဆိုရမှာပါ။ ဘာကြောင့် အဲဒီလိုပြောနိုင်ရတာလဲ။



**မလိုအပ်တဲ့ကစားသမားဖယ်ရှားမှု**

ဒီဇန်နဝါရီဈေးကွက်မှာတော့ ချယ်လ်ဆီးအသင်းကနေ ထွက်ခွာနိုင်တဲ့ကစားသမားတွေဟာ ပြီးခဲ့တဲ့နွေရာသီ ဈေးကွက်ကဝယ်ယူခဲ့တဲ့ ကစားသမားတွေထက်တောင် များနိုင်ပါတယ်။ လက်ရှိအချိန်မှာတော့ ချယ်လ်ဆီးအသင်းရဲ့ကစားသမားအင်အားက များလွန်းတယ်လို့ ဆိုရမှာပါ။ အဲဒီကစားသမားတွေထဲမှာ သက်ကြီးကစားသမားတွေ ပါနေသလို အသင်းအတွက် အသုံးမလိုတဲ့ကစားသမားတွေ ပါဝင်နေပါတယ်။

မော့ဆက်စ်နဲ့ ဒရင့်ဝါးတားဆိုရင် ချယ်လ်ဆီးအသင်းကို ဆာရီကိုင်တွယ်ခဲ့စဉ်ကတည်းက ပရီမီယာလိဂ်မှာ လုံးဝကို ပါဝင်ခွင့်ရခဲ့တဲ့သူတွေလို့ ပြောရမှာပါ။ အသင်းရဲ့ကပ္ပတိန်တစ်ဦးဖြစ်တဲ့ ကာဟေးလ်တောင် အရန်ကစားသမားတစ်ဦးအဖြစ် ရှိနေတာကို တွေ့ရမှာပါ။ ဖာဘရီဂက်စ်ဆိုရင်လည်း အသင်းမှာ ပုံမှန်ကစားခွင့် မရတာကြောင့် အသင်းကနေထွက်ဖို့ တာစူနေတဲ့ကစားသမားတစ်ဦး ဖြစ်ပါတယ်။

ဒါကြောင့်ဇန်နဝါရီမှာတော့ မလိုအပ်တဲ့ကစားသမားတွေကို ဖယ်ရှားခြင်းဟာ ချယ်လ်ဆီးအသင်း အဓိကလုပ်ဆောင်ရမယ့်အရာလို့လည်း ပြောရမှာဖြစ်ပါတယ်။ အဲဒီလိုသာ ထုတ်ရောင်းလိုက်မယ်ဆိုရင်တော့ အသင်းရဲ့လုပ်ခပေးချေရမှုတွေကလည်း လျော့နည်းသွားမှာပါ။ ဒါ့မှလည်း အသင်းအနေနဲ့ ကစားသမားကောင်းတွေကို ထပ်မံခေါ်ယူဖို့အတွက်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်ဒီနှစ်ဇန်နဝါရီဈေးကွက်မှာတော့ ချယ်လ်ဆီးအသင်းကို စွန့်ခွာသွားမယ့် ကစားသမားတွေကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၉ သို့

## FA CUP

# အိမ်ကွင်းမှာနိုင်ပွဲအရယူမယ့်ချယ်လ်ဆီး

ဝေမိုးဆက်

အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်တွေကိုတော့ ဇန်နဝါရီ ၅၊ ၆၊ ၈ ရက်တွေမှာကျင်းပသွားမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးတွေအနေနဲ့ ကြားရက်မှာ တစ်ပွဲကစားထားရတာကြောင့် ပွဲပန်းမှုတွေနဲ့တော့ ကြုံတွေ့ရနိုင်ပါတယ်။ စပါး၊ မန်စီးတီး၊ လီဗာပူးအသင်းတို့အနေနဲ့ အသင်းငယ်တွေနဲ့ ယှဉ်ပြိုင်ရတာဖြစ်တာကြောင့် ပွဲချောင်တယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဒီပွဲစဉ်တွေထဲမှာတော့ ချယ်လ်ဆီးနဲ့နော်တင်ဟမ်၊ ဘုန်းမောက်နဲ့ ဘရိုက်တန်ပွဲစဉ်တွေကတော့ စိတ်ဝင်စားဖို့ကောင်းပါတယ်။

### ထရန်မီရီ Vs စပါး

**နောက်ဆုံးဆုံတွေ့မှု**

မရှိ

လိဂ်တူးကလပ် ထရန်မီရီရဲ့ ခြေစွမ်းကမဆိုးပေမယ့် စပါးအသင်းဟာ သူ့ရဲ့ပြိုင်ဘက်တော့ မဟုတ်ဘူး။ ထရန်မီရီဟာ လက်ရှိအချိန်မှာလည်း တိုက်စစ်ပိုင်းက အားနည်းမှုတွေရှိနေတယ်။ စပါးအသင်းကလည်း ပြီးခဲ့တဲ့ရက် ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲကို အနိုင်ကစားထားနိုင်တာကြောင့် ဒီကိုကိုလည်း အေးဆေးသက်သာစွာနဲ့ အနိုင်ကစားသွားဖို့ ရှိနေတယ်။

### ဝက်စ်ဟမ်း Vs ဘာမင်ဂမ်

**နောက်ဆုံးဆုံတွေ့မှု**

ဝက်စ်ဟမ်း ၃-၃ ဘာမင်ဂမ်

ဝက်စ်ဟမ်းအသင်းရဲ့လက်ရှိခြေစွမ်းက တည်ငြိမ်မှုအားနည်းပေမယ့် တိုက်စစ်ပိုင်းခြေကတော့ မဆိုးဘူးလို့ဆိုရမယ်။ အိမ်ကွင်း ခြေစွမ်းကလည်းကောင်းတယ်။ လိဂ်ချန်ပီယံရှစ်ကလပ် ဘာမင်ဂမ်အသင်းဟာ လက်ရှိအချိန်မှာတော့ အဆင့် ၈ နေရာမှာရှိနေပြီး အရှုံးသိပ်မရှိပေမယ့် သရေပွဲတွေများတဲ့ အသင်းဖြစ်တယ်။ ဝက်စ်ဟမ်းအသင်းအိမ်ကွင်းမှာ ကပ်နိုင်မယ်။

### ဒါဘီ Vs ဆောက်သမ်တန်

**နောက်ဆုံးဆုံတွေ့မှု**

ဒါဘီ ၃-၀ ဆောက်သမ်တန်

လမ်းပတ်ဦးဆောင်တဲ့ ဒါဘီအသင်းရဲ့ လက်ရှိခြေစွမ်းကတော့ မဆိုးဘူးလို့ ပြောရမယ်။ အထူးသဖြင့် ခံစစ်ပိုင်းက ကောင်းလွန်းတယ်။ ဆောက်သမ်တန်အသင်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ် တန်းဆင်းဇုန်က လွတ်ဖို့အတွက် အဓိက အာရုံစိုက်ပြီး ရုန်းထနေရတဲ့ အသင်းဖြစ်တယ်။ တိုက်စစ်ပိုင်း ခြေကပျော့သလို ခံစစ်ပိုင်းကလည်း အားနည်းချက်တွေရှိနေတယ်။ ဒါဘီကပ်နိုင်မယ်။

### နယူးကာဆယ် Vs ဘလက်ဘန်း

**နောက်ဆုံးဆုံတွေ့မှု**

ဘလက်ဘန်း ၁ - ၀ နယူးကာဆယ်

နယူးကာဆယ်အသင်းဟာ ပရီးမီးယားလိဂ်မှာတော့ တန်းမဆင်းရအောင်ကြိုးစားနေရ တယ်။ ခံစစ်ပိုင်းကလည်း အမှားများတယ်။ လိဂ်ချန်ပီယံရှစ်ကလပ် ဘလက်ဘန်းအသင်းရဲ့ လက်ရှိခြေစွမ်းကလည်း ရာသီအစကတည်းက သိပ်ကောင်းမလာခဲ့ဘူး။ ခံစစ်ပိုင်းအားနည်းမှုတွေကြောင့် ဂိုးပြတ်ရှုံးနိမ့်မှုတွေများတယ်။ အိမ်ရှင် နယူးကာဆယ် အသာရမယ်။

### မန်ယူ Vs ရက်ဒင်း

**နောက်ဆုံးဆုံတွေ့မှု**

မန်ယူ ၄-၀ ရက်ဒင်း

မန်ယူအသင်းရဲ့ လက်ရှိခြေစွမ်းကတော့ မန်နေဂျာသစ် ဆိုးလ်ရှားရဲ့ လက်အောက်မှာ အားရစရာကောင်းနေတယ်။ မန်ယူအသင်းရဲ့ တိုက်စစ်ပိုင်းကလည်း ခြေစွာနေတယ်။ လိဂ်ချန်ပီယံရှစ် ကလပ်ရက်ဒင်းအသင်းရဲ့ လက်ရှိခြေစွမ်းက အဆိုးဆုံးဖြစ်နေပြီး တန်းဆင်းဖို့ ရုန်းကန်နေရတယ်။ အိမ်ကွင်း မန်ယူအသင်း ကစားလိမ့်မယ်။

### ချယ်လ်ဆီး Vs နော်တင်ဟမ်

**နောက်ဆုံးဆုံတွေ့မှု**

ချယ်လ်ဆီး ၅-၁ နော်တင်ဟမ်

ချယ်လ်ဆီးအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းက တည်ငြိမ်တယ်။ အားနည်းချက်အနေနဲ့ တိုက်စစ်ပိုင်းက ဂိုးရရှိမှုနည်းပေမယ့် ဟာဇက်လိုကစားသမားမျိုးရှိနေတာကြောင့် စိုးရိမ်စရာတော့မရှိဘူး။ နော်တင်ဟမ်အသင်းအနေနဲ့ ချယ်လ်ဆီးအသင်းကိုယှဉ်နိုင်ဖို့ မလွယ်ဘူး။ ချယ်လ်ဆီးအသင်းအနိုင်ကစားမယ်။

### ဘလက်ပူးလ် Vs အာဆင်နယ်

**နောက်ဆုံးဆုံတွေ့မှု**

အာဆင်နယ် ၂ - ၁ ဘလက်ပူးလ်

လိဂ်ဝမ်းကလပ် ဘလက်ပူးလ်အသင်းအနေနဲ့ ဒီအဆင့်ကိုတက်နိုင်တာကိုက ကံကောင်းလွန်းတယ်လို့ ပြောရမယ်။ အာဆင်နယ်အသင်းရဲ့ လက်ရှိခြေစွမ်းက ကောင်းနေပြီး တိုက်စစ်ပိုင်းကလည်း ဟန်ချက်ညီနေတယ်။ အာဆင်နယ်အသင်းအဝေးကွင်းမှာ ဘလက်ပူးလ်အသင်းကို ဂိုးပြတ်အနိုင်ကစားမယ်။

### ဘုန်းမောက် Vs ဘရိုက်တန်

**နောက်ဆုံးဆုံတွေ့မှု**

ဘုန်းမောက် ၂-၀ ဘရိုက်တန်

ပရီမီယာလိဂ်ပြိုင်ဘက်နှစ်သင်းဖြစ်ပြီး ရပ်တည်နေတဲ့နေရာကလည်း အထက်နဲ့အောက်ဖြစ်။ ဒီပွဲဟာ ပြိုင်ဆိုင်မှုပြင်းထန်မှာတော့ သေချာတယ်။ ဒါပေမယ့် လက်ရှိခြေစွမ်းအရတော့ ဘုန်းမောက်အသင်းရဲ့ ခံစစ်ပိုင်းက ပြဿနာရှိနေတယ်။ ဘရိုက်တန်အသင်းအနေနဲ့ အဝေးကွင်းမှာကပ်ပြီး အနိုင်ကစားမယ်။

### အဲဗာတန် Vs လင်ကွန်း

**နောက်ဆုံးဆုံတွေ့မှု**

မရှိ

ပရီမီယာလိဂ်မှာရလဒ်တွေဆိုးရွားနေတဲ့ အဲဗာတန်အသင်းအတွက်တော့ လင်ကွန်းနဲ့ပွဲ ဟာဖိအားတွေကို ဖောက်ထုတ်ဖို့ အကောင်းဆုံး ပွဲလို့ပြောရမယ်။ လိဂ်တူးကလပ် လင်ကွန်းအသင်းဟာ လက်ရှိအချိန်မှာ ရလဒ်တွေကောင်းနေပြီး လိဂ်ဝမ်းကို တက်နိုင်ဖို့ကြိုးစားနေတဲ့ အသင်းဖြစ်တယ်။ အဲဗာတန် ကပ်နိုင်မယ်။

### မန်စီးတီး Vs ရိုသာဟမ်

**နောက်ဆုံးဆုံတွေ့မှု**

ရိုသာဟမ် ၁-၁ မန်စီးတီး

ဒီဇင်ဘာလထဲမှာ ပရီမီယာလိဂ် ၃ ပွဲ အထိရှုံးပွဲကြုံထားခဲ့တဲ့ မန်စီးတီးအသင်းအတွက်တော့ ဒီလိုပွဲမျိုးကိုအနိုင်ကစားမှာ သေချာတယ်။ အသင်းရဲ့တိုက်စစ်ပိုင်းကလည်း ကောင်းတယ်။ လိဂ်ချန်ပီယံရှစ်ကလပ် ရိုသာဟမ်အသင်းအနေနဲ့ မန်စီးတီးအသင်းရဲ့ တိုက်စစ်ကိုယှဉ်ဖို့ မလွယ်ဘူး။ မန်စီးတီး ဂိုးပြတ်နိုင်မယ်။

### အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များ

**ဇန်နဝါရီ ၅၊ ၆၊ ၈**

ထရန်မီရီ - စပါး
ရှက်ဖီးလ်ဝင့်စ္ဒေး - လူတန်
မန်ယူ - ရက်ဒင်း
ဝက်စ်ဘရွမ်း - ဝီဂန်
ရှူရူးဘရီ - စတုတ်
ဘုန်းမောက် - ဘရိုက်တန်
ဝက်စ်ဟမ်း - ဘာမင်ဂမ်
ဘန်လေ - ဘန်စလေ
ဘော်လ်တန် - ဝေါလ်ဆဲလ်
ဘရန့်ဖို့ဒ် - အောက်စ်ဖို့ဒ်
ချယ်လ်ဆီး - နော့တင်ဟမ်
ဖလီဝုဒ် - ဝင်ဘယ်ဒန်
မစ်ဒယ်ဘရော့ - ပီတာဘရော့
ဗီလာ - ဆွမ်ဆီး
ဂီလ်လင်ဟမ်း - ကာဒစ်ဖ်
အဲဗာတန် - လင်ကွန်း
ဒါဘီ - ဆောက်သမ်တန်
အက်ရင်တန် - အက်စ်ဝှစ်ချ်
နယူးကာဆယ် - ဘလက်ဘန်း
ပဲလေ့စ် - ဂရင်မ်စဘီ
ဘရစ္စတိုးလ် - ဟက်ဒါဖီးလ်
ဘလက်ပူးလ် - အာဆင်နယ်
နော့ဝှစ်ချ် - ပို့စ်မောက်
မီဝေါလ် - ဟားလ်စီးတီး
ပရက်စ်တန် - ဒွန်ကက်စတာ
ဖူလ်ဟမ် - အိုးဟမ်း
မန်စီးတီး - ရိုသာဟမ်
ဝေါ့ကင်း - ဝတ်ဖို့ဒ်
ကျူပီအာ - လိဒ်စ်
ရှက်ဖီးလ်ယူနိုက်တက် - ဘားနက်
နယူးပို့ဒ် - လက်စတာ
ဝုဖ် - လီဗာပူး

### ဝုဖ် Vs လီဗာပူး

**နောက်ဆုံးဆုံတွေ့မှု**

ဝုဖ် ၀-၂ လီဗာပူး

ပြီးခဲ့တဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာတော့ ဝုဖ်အသင်းဟာ လီဗာပူးကို ၂-၁ ဂိုးနဲ့နိုင်ခဲ့ပေမယ့် ဒီနှစ်ရာသီကတော့ အရင်ရာသီလို မလွယ်ဘူးလို့ ပြောရမယ်။ လီဗာပူးအသင်းရဲ့ လက်ရှိခြေစွမ်းက အကောင်းဆုံးရှိနေတယ်။ လီဗာပူးတိုက်စစ် ဝုဖ်အသင်းဟန့်တားနိုင်ဖို့ မလွယ်ဘူး။ လီဗာပူးပဲ နိုင်ပွဲရမယ်။

# အက်ရှ်လေယန်းအား ခေါ်ယူရန် အင်တာမီလန်အသင်း ပြင်ဆင်ထား

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသည် မန်ယူအသင်း တောင်ပံခံစစ်ကစားသမား အက်ရှ်လေယန်းအား လာမည့် နွေရာသီ ဈေးကွက် ကာလအတွင်းတွင် ပြောင်းရွှေ့ကြေး အလွတ်ဖြင့် ခေါ်ယူပြီး နှစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုသွားရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၃၃ နှစ်အရွယ်ရှိ အင်္ဂလန် ကစားသမား အက်ရှ်လေယန်းနှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ပြီးဆုံးမည်ဖြစ်သည်။ အင်တာမီလန်အသင်းသည် ခံစစ်ကစားသမား အက်ရှ်လေယန်းနှင့် မန်ယူတို့၏ စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးမှုများအပေါ် လေ့လာစောင့်ကြည့်နေသည်ဟု ဆိုသည်။

အက်ရှ်လေယန်းသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်း၏ အဓိက ကစားသမားအဖြစ် ပါဝင်ခွင့် ရရှိနေပြီး ပရီမီယာလိဂ်ပြိုင်ပွဲတွင် ၁၅ ပွဲ ပါဝင်ကစားခဲ့ရာ၌ ပွဲထွက်ကစားသမားအဖြစ် ၁၄ ပွဲ အထိ ပါဝင်ကစားခွင့် ရရှိခဲ့သူဖြစ်သည်။

သို့သော်လည်း မန်ယူအသင်းနှင့် အက်ရှ်လေယန်တို့ကြားတွင် စာချုပ်သစ်ချုပ်ဆိုရေးအတွက် သဘောတူညီမှု ရရှိခြင်းမရှိသေးပေ။ အက်ရှ်လေယန်း၏ လက်ရှိ စာချုပ်သက်တမ်းမှာ ခြောက်လသာ ကျန်ရှိတော့ပြီ ဖြစ်သောကြောင့် အက်ရှ်လေယန်းအနေဖြင့် ပြည်ပ ကလပ်တစ်ခုသို့ ပြောင်းရွှေ့ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ပြီး အကြိုသဘောတူ စာချုပ်ချုပ်ဆိုနိုင်မည့် အခွင့်အရေးရရှိထားသူ ဖြစ်သည်။

မန်ယူအသင်းတွင် တစ်ပတ်လုပ်ခငွေ ပေါင် ၁၃၀၀၀၀ ရရှိနေသူ အက်ရှ်လေယန်းအနေဖြင့်မူ သူ၏ ကစားသမားဘဝအား မန်ယူအသင်းတွင်သာ ရှေ့ဆက်ရန် လိုလားမှုရှိနေသူဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ အက်ရှ်လေယန်းအား အင်တာမီလန်အသင်းအပြင် စီးရီးအေထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် ရိုးမားအသင်းကလည်း ခေါ်ယူရန်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိသည်။

မန်ယူအသင်းကပ္ပတိန်အဖြစ် တာဝန်ယူနေသူ အက်ရှ်လေယန်းက အသင်းမန်နေဂျာရာထူးမှ မော်ရင်ညို ထုတ်ပယ်ခံခဲ့ရချိန်တွင် မန်ယူအသင်း ကစားသမားများ အောင်ပွဲခံခဲ့ကြသည်ဟု သတင်းများ ထွက်ပေါ်ခဲ့ခြင်းကို ငြင်းဆိုခဲ့ပြီး အဆိုပါသတင်းများမှာ အလိမ်အညာ သတင်းများသာဖြစ်သည်ဟု ပြောဆိုခဲ့သည်။

အင်္ဂလန်ကစားသမား အက်ရှ်လေယန်းသည် ၂၀၁၁ ခုနှစ် ဇွန်လ ၂၃ ရက်တွင် အက်စတွန်ဗီလာအသင်းမှ မန်ယူသို့ပြောင်းရွှေ့လာသူဖြစ်ပြီး မန်ယူအသင်းအတွက် စုစုပေါင်း ၂၂၁ ပွဲ ပါဝင်ကစားထားကာ ၁၇ ဂိုး သွင်းယူထားသူဖြစ်သည်။

**ထက်အောင်**



**“အက်ရှ်လေယန်းသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်း၏ အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေပြီး ပရီမီယာလိဂ်ပြိုင်ပွဲတွင် ၁၅ ပွဲ ပါဝင်ကစားခဲ့ရာ၌ ပွဲထွက်ကစားသမားအဖြစ် ၁၄ ပွဲ အထိ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ သို့သော်လည်း မန်ယူအသင်းနှင့် အက်ရှ်လေယန်းတို့ကြားတွင် စာချုပ်သစ်ချုပ်ဆိုရေးအတွက် သဘောတူညီမှု ရရှိခြင်း မရှိသေးပေ”**

# တိုက်စစ်မှူးသစ်ခေါ်ယူရန် မရှိဟု ချယ်လ်ဆီးမန်နေဂျာ ဆာရီ ပြောဆို

ချယ်လ်ဆီးအသင်းတိုက်စစ်မှူး အိုလီဗာဂျရူး ဒဏ်ရာရရှိခဲ့ခြင်းသည် ဇန်နဝါရီဈေးကွက် ကာလအတွင်းတွင် ချယ်လ်ဆီးအသင်းအား တိုက်စစ်မှူးသစ်တစ်ဦး ခေါ်ယူရန် ဖိအားဖြစ်လာစေမည် မဟုတ်ကြောင်း၊ သို့သော်လည်း တောင်ပံကစားသမားသစ်တစ်ဦး ခေါ်ယူဖြစ်နိုင်ကြောင်း ချယ်လ်ဆီးအသင်းမန်နေဂျာ ဆာရီက ထုတ်ဖော်ပြောဆိုလိုက်သည်။


ပြင်သစ်တိုက်စစ်မှူး ဂျရူးသည် ပြီးခဲ့သည့်ဒီဇင်ဘာ ၃၀ ရက်တွင် ချဲလ်ဆီးအသင်းက အဝေးကွင်း၌ ပဲလေ့စ်အသင်းအား ၁-၀ ဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် တံကောက်ကြော ဒဏ်ရာရရှိခဲ့ပြီး ပြန်လည်ကစားနိုင်မည့်ရက်ကို သိရှိရခြင်းမရှိသေးပေ။ ချယ်လ်ဆီးအသင်း၏ တောင်ပံကစားသမားများဖြစ်သည့် ပီဒရိုနှင့် အိုဒိုအီတို့သည်လည်း တံကောက်ကြော ဒဏ်ရာကြောင့် အနားယူနေရသည်။

မန်နေဂျာ ဆာရီက “ချယ်လ်ဆီးရဲ့တိုက်စစ်မှာ မိုရာတာနဲ့ ဟာဇက်တို့ရှိနေပါတယ်။ ဒါကြောင့် တိုက်စစ်နေရာအတွက် ကောင်းမွန်မှုရှိနေပြီး ဒီအချက်ကို နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ မြင်တွေ့ရမှာပါ။ ဒါကြောင့် လက်ရှိအချိန်မှာ ချယ်လ်ဆီးအနေနဲ့ တိုက်စစ်အတွက် တိုက်စစ်မှူးသစ်တစ်ဦး ခေါ်ယူဖို့ လိုအပ်မယ်လို့ ကျွန်တော်မထင်ပါဘူး”ဟု ပြောဆိုခဲ့သည်။

ဆက်လက်၍ မန်နေဂျာ ဆာရီက “ဒါပေမယ့် ပီဒရိုနဲ့ အိုဒိုရီတို့ ဒဏ်ရာရနေတာကြောင့် တောင်ပံနေရာတွေအတွက် အခက်အခဲရှိနေပါတယ်။ ကျွန်တော်တို့မှာ တိုက်စစ်နေရာအတွက် ရွေးချယ်စရာကစားသမားရှိပေမယ့် တောင်ပံနေရာအတွက်တော့ ရွေးချယ်ဖို့ ခက်ခဲနေတယ်”ဟု ပြောဆိုခဲ့သည်။ ပရီမီယာလိဂ်ပွဲစဉ် ၂၀ ကစားပြီးချိန်တွင် ရမှတ် ၄၃ မှတ် ရရှိထားသည့် ချယ်လ်ဆီးအသင်းသည် သွင်းဂိုး ၃၈ ဂိုးရရှိထားကာ အမှတ်ပေးဇယား၏ ထိပ်ဆုံး ငါးသင်းအနက် သွင်းဂိုး အနည်းဆုံးအသင်းအဖြစ် ရပ်တည်နေရသည်။

ချယ်လ်ဆီးအသင်း၏ ဂိုးသွင်းအများဆုံးကစားသမားစာရင်းတွင် သွင်းဂိုး ၁၂ ဂိုးသွင်းယူထားသူ ဟာဇက်က ထိပ်ဆုံးမှရပ်တည်နေကာ ဒုတိယနေရာတွင် မိုရာတာက သွင်းဂိုး ခုနစ်ဂိုးဖြင့် ရပ်တည်နေပြီး တိုက်စစ်မှူး ဂျရူးမှာမူ သွင်းဂိုး ငါးဂိုးသာ ရရှိထားသူဖြစ်သည်။

**ထက်အောင်**




# ၂၀၁၈ ခုနှစ် ဆီနီဂေါ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအား နာပိုလီခံစစ်မှူး ကိုယူလီဘာလေ ဆွတ်ခူး

မန်ယူအသင်း၏ ခေါ်ယူရန် ပစ်မှတ်ထားခြင်းခံနေရသူ နာပိုလီအသင်း ဗဟိုခံစစ်မှူး ကာလီဒိုယူကိုယူလီဘာလေသည် ၂၀၁၈ ခုနှစ်အတွက် ဆီနီဂေါ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၂၇ နှစ်အရွယ်ရှိ ပြင်သစ်နိုင်ငံဖွား ဆီနီဂေါကစားသမား ကိုယူလီဘာလေသည် လီဗာပူးအသင်း၏ အဓိက တိုက်စစ်မှူးတစ်ဦးဖြစ်သူ ဆာဒီယိုမာနီအား ကျော်ဖြတ်ကာ ၂၀၁၈ ခုနှစ်အတွက် ဆီနီဂေါ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး မာနီသည် ပြီးခဲ့သည့် နှစ်နှစ်အတွင်း ကလပ်နှင့် နိုင်ငံအသင်းအတွက် အရေးပါသည့် ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ကာ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဆီနီဂေါအသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။ သို့သော်လည်း ဆီနီဂေါအသင်းသည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ပင် ထွက်ခဲ့ရသည်။

၂၀၁၈ ခုနှစ် ဆီနီဂေါတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် မဲပေးမှုရလဒ်များအရ ဗဟိုခံစစ်မှူး ကိုယူလီဘာလေသည် မဲရာခိုင်နှုန်း ၄၁ ရာခိုင်နှုန်း ရရှိခဲ့ကာ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့် တိုက်စစ်မှူး မာနီသည် မဲရာခိုင်နှုန်း ၂၆ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။ အဆိုပါဆုအတွက် တတိယနေရာတွင် ပြင်သစ်ကလပ် ဘော်ဒိုးအသင်းမှ ညာတောင်ပံ ခံစစ်မှူး ဆာဘေးလ်က ရပ်တည်ခဲ့သည်ဟု ဆိုသည်။

မန်ယူအသင်းသည် ခံစစ်မှူး ကိုယူလီဘာလေအား ပြောင်းရွှေ့ကြေး ပေါင် ၉၅ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုကို နာပိုလီအသင်းဥက္ကဋ္ဌ ဒီလော်ရန်တီက ပယ်ချခဲ့သည်။ ခံစစ်ကို ပြင်ဆင်ရန် ကြိုးစားနေသည့် မန်ယူအသင်းအနေဖြင့် ခံစစ်မှူး ကိုယူလီဘာလေအား ခေါ်ယူနိုင်ရေးအတွက် ပေါင်သန်း ၁၀၀ ထက်ကျော်လွန်သည့် ပမာဏဖြင့် ထပ်မံကမ်းလှမ်းသွားရန် စီစဉ်နေသည်ဟု ဆိုသည်။

ခံစစ်မှူး ကိုယူလီဘာလေသည် ၂၀၁၄ ခုနှစ် ဇူလိုင်လအစောပိုင်းတွင် ဘယ်လ်ဂျီယံကလပ် ဂျန့်ခ်အသင်းမှ နာပိုလီသို့ ပြောင်းရွှေ့လာသူဖြစ်ပြီး နာပိုလီအသင်းနှင့်အတူ စုစုပေါင်း ၁၇၄ ပွဲ ပါဝင်ကစားထားကာ ရှစ်ဂိုး သွင်းယူထားသူဖြစ်သည်။

**ထက်အောင်**




ကိုယူလီဘာလေ

*စာမျက်နှာ ၁၈ မှ*

**တိုက်စစ်မှူးကောင်းလိုအပ်မှု**

ချယ်လ်ဆီးအသင်းဟာနည်းပြ ဆာရီရဲ့ လက်အောက်မှာတော့ အတက်အကျတွေရှိနေခဲ့တယ်လို့ ဆိုရမှာပါ။ ကောင်းမွန်တဲ့ ခေါ်ယူမှုတွေပြုလုပ်နိုင်ခဲ့သလို ဆိုးရွားတဲ့ အခိုက်အတန့်တွေလည်းရှိတယ်လို့ ဆိုရမယ်။ လက်ရှိအခြေအနေအရတော့ ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ်ဖလားထက် ထိပ်ဆုံးလေးသင်းဝင်ရောက်ရေးကိုသာ အဓိက ကြိုးစားနေရတဲ့ အခြေအနေမှာ ရှိနေတယ်။

အသင်းအနေနဲ့ဆာရီရဲ့နည်းစနစ်ပိုင်းကို နားလည်နေပေမယ့် ရုန်းကန်နေရဆဲလို့ ဆိုရမယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ဘောလုံးပိုင်ဆိုင်မှုအသာစီးတွေနဲ့ ကစားနိုင်နေပေမယ့် ဂိုးရဖို့ကတော့ ခက်ခဲနေဆဲဖြစ်တယ်ဆိုတာကလည်း ပြီးခဲ့တဲ့ ရာသီဝက်ပွဲတွေကို ကြည့်တာနဲ့သိသာတယ်။ ဒါပေမယ့် ဒီလိုဖြစ်ရတဲ့အကြောင်းတရားနဲ့ပတ်သက်ပြီး သိပ်တော့အံ့သြစရာမရှိဘူး။ ချယ်လ်ဆီးအသင်းမှာ ဂိုးသွင်းနိုင်တဲ့ကစားသမားကောင်းမရှိတာဟာ ပြီးခဲ့တဲ့နှစ်ရာသီကုန်ခါနီးကတည်းကလို့ ပြောရမယ်။ တစ်သင်းလုံးက ဂိုးရဖို့အတွက် ဟာဇက်အပေါ်မှာလည်း မှီခိုနေရပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ ဂိုးရရှိမှု ၅၀ ရာခိုင်နှုန်းဟာ ဟာဇက်ကြောင့် ဖြစ်တယ်။

ဒါပေမယ့် ဟာဇက်ကလည်း တစ်ရာသီမှာ ဂိုး ၂၀ လောက် သွင်းယူခဲ့ဖူးခြင်း မရှိတဲ့ ကစားသမားတစ်ဦးလို့ပြောရမယ်။ ဂိုးသွင်းယူနိုင်တဲ့ ပီဒရိုကလည်း အသင်းမှာ ပုံမှန်ပါဝင်ကစားနိုင်ဖို့ ရုန်းကန်နေရတယ်။ မိုရာတာနဲ့ ဂျရူးတို့ကလည်း အသင်းအတွက် ဂိုး ရဖို့က သေချာတဲ့ကစားသမားတွေ မဟုတ်ဘူး။ ဒါကြောင့် ချယ်လ်ဆီးအသင်းအနေနဲ့ ထိပ်ဆုံးလေးသင်းဝင်နိုင်ဖို့ဆိုရင် ဇန်နဝါရီဈေးကွက်မှာတော့ မဖြစ်မနေကို တိုက်စစ်မှူးကောင်း တစ်ဦး ခေါ်ယူရမယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**ဖြစ်လာနိုင်တဲ့ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံရမှု**

မီဒီယာတော်တော်များများရဲ့ သတင်းစကားတွေအရတော့ ချယ်လ်ဆီးအသင်းဟာ ကစားသမားခေါ်ယူခွင့်ကို ပိတ်ပင်ခံရဖို့ အလားအလာရှိနေတယ်လို့ဆိုပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့အသက်မပြည့်တဲ့ကစားသမားတွေကို ခေါ်ယူမှုနဲ့ပတ်သက်ပြီး ဖီဖာက စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်နေတာ ဖြစ်ပါတယ်။ ဒီလိုပိတ်ပင်ခံရမှုတွေဟာ ဘာစီလိုနာနဲ့ အက်သလက်တီကိုအသင်းတို့လည်း ခံခဲ့ရပြီး ဖြစ်ပါတယ်။ အဲဒီပိတ်ပင်ခံရမှုဟာ လာမယ့်နွေရာသီမှာတော့ ချယ်လ်ဆီးအသင်းအတွက် ဖြစ်လာနိုင်ပါတယ်။

အဲဒီသတင်းသာ မှန်ခဲ့မယ်ဆိုရင်တော့ ဒီနှစ်ဆောင်းရာသီဈေးကွက်ဟာ ချယ်လ်ဆီးအသင်းအတွက် အလွန်အမင်းကို အရေးပါလွန်းနေပြီလို့ ပြောရမှာဖြစ်ပါတယ်။ လက်ရှိချယ်လ်ဆီးရဲ့အနေအထားက ကစားသမားခေါ်ယူ အားဖြည့်မှုမဖြစ်မနေကို လိုအပ်နေပါတယ်။ ဒါကြောင့် ပိတ်ပင်ခံရမှုသာဖြစ်လာမယ်ဆိုရင်တော့ ချယ်လ်ဆီးအသင်းအနေနဲ့ ဇန်နဝါရီမှာကစားသမားခေါ်ယူဖို့က အသင်းအတွက် ပထမဦးစားပေးလို့ ဆိုရမှာပါ။

ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းအတွက်တော့ ဒီနှစ်ဆောင်းရာသီဈေးကွက်ဟာ ယခင်နှစ်တွေနဲ့မတူအောင် အရေးပါလွန်းတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

**ထက်အောင်**

**“ဒီဇန်နဝါရီဈေးကွက်မှာတော့ ချယ်လ်ဆီးအသင်းကနေ ထွက်ခွာနိုင်တဲ့ကစားသမားတွေဟာ ပြီးခဲ့တဲ့နွေရာသီဈေးကွက်ကဝယ်ယူခဲ့တဲ့ ကစားသမားတွေထက်တောင် များနိုင်ပါတယ်။ လက်ရှိအချိန်မှာတော့ ချယ်လ်ဆီးအသင်းရဲ့ ကစားသမားအင်အားက များလွန်းတယ်လို့ ဆိုရမှာပါ။ အဲဒီကစားသမားတွေထဲမှာ သက်ကြီးကစားသမားတွေ ပါနေသလို အသင်းအတွက် အသုံးမလိုတဲ့ကစားသမားတွေ ပါဝင်နေပါတယ်”**

# နောက်တစ်ခုကတော့ တော်တော်များများ နိုင်ငံတွေမှာ အခု အမျိုးသားတွေကို ဆွဲဆောင်နိုင်ဖို့ဆိုရင် အပြင်မှာ ဈေးကွက်စီးပွားရေးသမားတွေရဲ့ လုပ်ပုံလုပ်နည်းတွေကို ပညာရေးဝန်ကြီးဌာနကလည်း လုပ်ပါတယ်

ဒေါက်တာ ဝင်းအောင်

## ပညာရေးတွင် ဆရာမများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေး စကားဝိုင်း

ပညာရေးတွင် ဆရာများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေး စကားဝိုင်းဆွေးနွေးပွဲကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းရိုက်ကူး ထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာသန်းဦး၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်)ဦးကိုလေးဝင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်အောင်မင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာ ဝင်းအောင်နှင့် ဦးထွန်းလှ၊ ရန်ကုန်တိုင်းဒေသကြီး အ.လ.က(၉) အင်းစိန်၊ အလယ်တန်းကျောင်းအုပ် ဦးစိုးထွန်းထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး အ.ထ.က (၄) သဃ်န်းကျွန်းမှ အထက်တန်းပြ ဆရာ ဦးလင်းလင်းထိုက်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပဉ္စမနှစ်ကျောင်းသား မောင်အားမာန်ထက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။




*ယမန်နေ့မှ အဆက်*

**ဒေါက်တာ ဝင်းအောင်။** ။ လက်တွေ့ လုပ်ကိုင်ဆောင်ရွက်တဲ့ အပိုင်းမှာတော့ နှစ်ခု စဉ်းစားမိပါတယ်။ တစ်ခုက ဆရာလုပ်ငန်းထဲကို မဝင်ခင်မှာ သူတို့ကို ရွေးချယ်လေ့ကျင့်သင်ကြားပေးတဲ့ မှုတွေဖြစ်တယ်။ ဒုတိယအပိုင်းကတော့ ရောက်ပြီးတဲ့အခါ အဲဒီ ဆရာတွေကို ဘယ်လိုထိန်းထားမလဲ ဆိုတာနဲ့ ပတ်သက်တဲ့ မှုတွေဖြစ်ပါတယ်။ ပထမမှုကတော့ စောစောက ဆရာကြီး ဒေါက်တာ အောင်အောင်မင်းလည်း လက်ရှိမှုတွေကိုတော့ တင်ပြဆွေးနွေးသွားပြီးဖြစ်ပါတယ်။ အဲဒီထဲက တချို့မှုတွေကိုတော့ ပြင်ဖို့လိုကောင်းလိုမှာ ဖြစ်ပါတယ်။ အထူးသဖြင့်တော့ အမျိုးသားဆရာတွေကို ဆွဲဆောင်နိုင်ဖို့ဆိုရင် ပညာရေးတက္ကသိုလ်တွေ၊ ပညာရေးကောလိပ်တွေကို ဝင်ခွင့်သတ်မှတ်ချက်တွေပဲဖြစ်ဖြစ်၊ ဘွဲ့ရပြီးတဲ့အခါ ဆရာအဖြစ်နဲ့ အလုပ်ဝင်ဖို့အတွက် ဝင်လာကြတဲ့သူတွေရဲ့ အရည်အချင်း သတ်မှတ်ချက်နဲ့ ပတ်သက်ပြီးတော့ပဲ ဖြစ်ဖြစ်၊ နောက်ပြီး လက်တွေ့နဲ့ အနီးစပ်ဆုံးဖြစ်တဲ့ နောက်ပြီး အမျိုးသားဆရာတွေကို ပိုပြီးဆွဲဆောင်နိုင်မယ့် အနိမ့်ဆုံးစံလေးတစ်ခု သတ်မှတ်ပြီး အဲဒီစံနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ရွေးချယ်မှုပုံစံမျိုးကို ပြင်ဖို့ လိုကောင်းလိုမှာ ဖြစ်ပါတယ်။

### မက်လုံးလေးနဲ့ ဆွဲဆောင်တာမျိုးရှိ

ဒုတိယအနေနဲ့ကတော့ အထူးသဖြင့် ဒီအခက်အခဲဟာ နယ်စပ်ဒေသ ဝေးလံခေါင်ဖျားအရပ်တွေမှာရှိတဲ့ ကျောင်းတွေမှာ ပိုပြီးတော့ ရင်ဆိုင်နေရတာ ဖြစ်တဲ့အတွက် ဒေသခံတွေကိုပဲ၊ ဒေသခံတွေထဲကမှ ဒေသခံအမျိုးသား ဆရာလောင်းတွေကိုပဲ ပိုပြီး ရည်မှန်းချက်ထားပြီး လုပ်ဆောင်နေတာမျိုးတွေ။ တချို့နိုင်ငံတွေကတော့ အဲဒီလို အမျိုးသားဆရာတွေကို ဆွဲဆောင်နိုင်ဖို့ဆိုရင် ပညာရေးကောလိပ်တွေ၊ ပညာရေးတက္ကသိုလ်တွေတက်တဲ့အခါ ပညာသင်ထောက်ပံ့ကြေးပေးပြီး ဒီလိုမျိုးမက်လုံးလေးနဲ့ ဆွဲဆောင်တာမျိုးတွေလုပ်တဲ့ နိုင်ငံတွေ အများအပြားရှိပါတယ်။ ဒါမျိုးလည်း ကျွန်တော်တို့ စဉ်းစားသင့်တယ်လို့ ထင်တယ်။

### ဆွဲဆောင်စည်းရုံးတဲ့ လှုပ်ရှားမှု

နောက်တစ်ခုကတော့ တော်တော်များများ နိုင်ငံတွေမှာ အခု အမျိုးသားဆရာတွေကို ဆွဲဆောင်နိုင်ဖို့ဆိုရင် အပြင်မှာ ဈေးကွက်စီးပွားရေးသမားတွေရဲ့လုပ်ပုံလုပ်နည်းတွေကို ပညာရေးဝန်ကြီးဌာနတွေကလည်း လုပ်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ Marketing ဆရာတွေကို ရွေးနိုင်ဖို့အတွက် အခြေခံပညာကျောင်းတွေကို ဆင်းပြီး ဆယ်တန်းဖြေမယ့် ကလေးတွေကို တွေ့ပြီး အောင်ရင် ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်တွေလာအောင်၊ တက္ကသိုလ်ဆိုရင်လည်း တက္ကသိုလ်တွေမှာ သွားပြီး ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်တွေမှာ ဘွဲ့လွန် Certificate သင်တန်းပဲဖြစ်ဖြစ်၊ ဒီပလိုမာ သင်တန်းပဲဖြစ်ဖြစ် တက်နိုင်အောင် ဆွဲဆောင်စည်းရုံးတဲ့ လှုပ်ရှားမှုမျိုးတွေ လုပ်တာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့လည်း ဒါမျိုးတွေ စဉ်းစားရင်ကောင်းမယ်လို့ ထင်ပါတယ်။ အဲဒါ ရွေးချယ်တဲ့အပိုင်းမှာ စဉ်းစားရမယ့် ပုံစံမျိုးတွေဖြစ်ပါတယ်။ ဒုတိယကတော့ လုပ်ငန်းခွင်ထဲကို အမျိုးသားဆရာတွေ ရောက်လာပြီဆိုရင် အဲဒီ ဆရာတွေ ထွက်မသွားအောင် ထိန်းတဲ့အပိုင်းပါ။ ထိန်းရမယ့်အပိုင်းနဲ့ ပတ်သက်ရင်တော့ ကျွန်တော်တို့ အခြေခံပညာဦးစီးဌာနက ဆရာကြီး ဦးကိုလေးဝင်းလည်း ရှိပါတယ်။ သေသေချာချာ ဒါကို စောင့်ကြည့်လေ့လာမှာ ဖြစ်ပါတယ်။

စောစောက ကိန်းဂဏန်းတွေကို ပြန်ပြောရမယ်ဆိုရင် တဖြည်းဖြည်း အမျိုးသမီးတွေ များများလာတယ်ဆိုပေမယ့် ပြန်ကြည့်လိုက်တော့ ၂၀၀၅၊ ၂၀၀၆ ခုနှစ်လောက်က လူတိုင်းအတွက် ပညာရေးအစီရင်ခံစာတစ်စောင် ကျွန်တော်တို့ မြန်မာပြည်က ယူနက်စကိုကို တင်သွင်းတာရှိပါတယ်။ အဲဒီမှာ ကျွန်တော်ကြည့်လိုက်တော့ အမျိုးသမီးရာခိုင်နှုန်းဟာ မူလတန်းမှာ ၈၆ ရာခိုင်နှုန်းလောက်ရှိပါတယ်။ အခု ၈၃ ဆိုတော့ ဘာပဲဖြစ်ဖြစ် အမျိုးသားနည်းနည်းများလာတဲ့ သဘောရှိတယ်လို့ ကျွန်တော်တို့ သုံးသပ်လို့ရပါတယ်။ ဒီလိုမျိုးလေးဖြစ်လာတယ်ဆိုရင် နောက်ထပ်၊ နောက်ထပ် အမျိုးသားဆရာတွေကို ဆွဲဆောင်နိုင်အောင်၊ ရှိပြီးသား အမျိုးသားဆရာတွေကို ပညာရေးစနစ်ထဲမှာ ထိန်းထားနိုင်အောင်လို့ ကိန်းဂဏန်းနဲ့ သေသေချာချာ နှစ်စဉ်စောင့်ကြည့်ပြီး ဘယ်လိုဖြစ်နေသလဲ၊ ဒီအပေါ်မှာ ဘယ်လို တုံ့ပြန်ဆောင်ရွက်နိုင်မလဲဆိုတာ စောင့်ကြည့်လေ့လာတာမျိုးလည်း ကျွန်တော် တို့ လုပ်ဖို့လိုပါတယ်။

### အနီးကပ်လမ်းညွှန်တဲ့စနစ်

ဒုတိယကတော့ နိုင်ငံတော်တော်များများမှာ လုပ်ပါတယ်။ အဲဒါက လုပ်ငန်းခွင်ထဲကို ရောက်လာပြီးသား အမျိုးသားဆရာတွေကိုပဲ အနီးကပ်ပေါ့၊ ဒီပညာရေးနယ်ပယ်ထဲမှာပဲ ဒီဆရာက စွဲမြဲနေအောင် အခြားရောက်ပြီးသား သူ့ထက် ပိုဝါရင့်တဲ့ ဆရာတစ်ယောက်က အနီးကပ်ကြီးကြပ် လမ်းညွှန်ပံ့ပိုးကူညီတဲ့စနစ်ပေါ့။ အဲဒါလေးက လက်ရှိမှာလည်း ပညာရေးဝန်ကြီးဌာနက ကမ္ဘာ့ဘဏ်လို အဖွဲ့အစည်းတွေနဲ့ လက်တွဲပြီး လုပ်နေတာတွေရှိပါတယ်။ သူက ယေဘုယျ ဆရာ ဆရာမ အကုန်လုံးကို ရည်ရွယ်ပြီး လုပ်နေတာပေါ့။ အဲဒီအထဲမှာ ကျွန်တော်တို့က အမျိုးသားဆရာတွေကိုပဲ ဦးစားပေးပြီးတော့ ဒါကို အလေးအနက်ထားပြီး အနီးကပ်ကြီးကြပ် လမ်းညွှန်ပံ့ပိုးတဲ့ အစီအစဉ်မျိုးလေး လုပ်နိုင်ရင် ပိုပြီးကောင်းမယ်လို့ ထင်ပါတယ်။

အချုပ်အနေနဲ့ ပြောမယ်ဆိုရင်တော့ အဓိက အရေးကြီးဆုံးက ပြုပြင်ပြောင်းလဲမှုက စောစောက ဆရာလည်း ထပ်ကာထပ်ကာ ပြောတာရှိပါတယ်။ အဲဒါက ကျွန်တော်တို့ရဲ့လက်ရှိ ဆရာ၊ ဆရာမတွေရဲ့ အလုပ်ခွင်အတွင်း အဆင့်အတန်းသတ်မှတ်မှုကိစ္စပါ။ ဒါကိုတော့ ကျွန်တော်တို့က မဖြစ်မနေ ပြုပြင်ပြောင်းလဲဖို့ လိုလိမ့်မယ်။ အဲဒါမှသာ အမျိုးသားဆရာတွေကို ဆွဲဆောင်နိုင်မယ်။ ရောက်ပြီးသား ဆရာတွေကိုလည်း ထိန်းထားနိုင်မယ်။ ဒါလေးတွေကို လုပ်သင့်တယ်လို့ ထင်ပါတယ်။

**အစီအစဉ်မှူး။** ။ **ဆရာဦးရေ များပြားလာဖို့အတွက် ဘယ်လိုတွေဆွဲဆောင်ခေါ်ယူလို့ ရနိုင်မလဲဆိုတာ ပြောပြပေးပါ။**

**ဒေါက်တာအောင်အောင်မင်း။** ။ ကျွန်တော်ကတော့ Pre-Service Training မှာ နှစ်မျိုးပေါ့လေ။ တစ်မျိုးက Pre - service Primary Teachers Training ( PPTT ) သင်တန်းနဲ့ Diploma in Teacher Education (DTEd) ပေါ့။ အဲဒီနှစ်ခုစလုံးက ကျား၊ မ အညီအမျှ ခေါ်တာပဲ။ ရွေးတာပဲ။ ဒါပေမယ့် ခုနပြောသလိုပဲ လျှောက်ထားတဲ့အခါ မရတော့ မိန်းကလေးဘက်ကို ရွေးရတာရှိတယ်။ ခုန ဆရာကြီးတို့ အကြံပေးသွားသလိုပဲ ၊ နံပါတ် ၁ အနေနဲ့ နယ်ခံယောကျ်ားလေးကို အဓိက ဦးစားပေးရမယ်။ နောက်ဆရာကြီးက ပညာသင်စရိတ် ထောက်ပံ့ကြေးငွေပေါ့၊ အခုလောလောဆယ်မှာ ကျွန်တော်တို့က ကျောင်းသားတစ်ယောက်ကို တစ်လသုံးသောင်း ထောက်ပံ့ထားတယ်။ အဆောင်လည်း ပေးထားတယ်။ အဲဒီတော့ ကျောင်းသားတစ်ယောက်က အခြေခံပညာအထက်တန်း အောင်လာပြီး ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်ကို ရောက်လာပြီဆိုကတည်းက အဆောင်နေရမယ်။ နောက်ပြီးတစ်လ သုံးသောင်း ထောက်ပံ့ကြေးရမယ်။ ရပြီးတာနဲ့ တစ်ခါတည်း အလုပ်ရမယ်။ ဒါက သေချာတယ်။

### နယ်ခံကို ဦးစားပေးထား

ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေဆိုတာ ဘွဲ့ရပြီးရင် ဘယ်အလုပ်ရမယ်ဆိုတာ မသေချာဘူး။ ဆေးတက္ကသိုလ်တောင် မသေချာပါဘူး။ ကျွန်တော်တို့ဘက်က သေချာတယ်။ ထောက်ပံ့ကြေးလည်း ရမယ်။ ကျွန်တော့် Pre - Service မှာ သူတို့ကို ပိုဆွဲဆောင်ဖို့ဆိုရင်တော့ ပညာသင်ထောက်ပံ့ကြေး ပိုပြီး ပေးတာတို့၊ နောက်ပြီး နယ်ခံယောကျ်ားလေးကို ဦးစားပေးရမယ်။ နယ်မှာမြဲနေဖို့အတွက် ဒီနှစ်ဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရှိတယ်၊ တခြား ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဖွဲ့အစည်းတွေရှိတယ်။ အဲဒီအဖွဲ့အစည်းတွေက တောင်းဆိုတဲ့ သူတို့နယ်ခံ၊ သူတို့ လူ၊ သူတို့ဆီမှာ မွေး၊ သူတို့ဆီမှာ ကြီး၊ သူတို့ဆီကပဲ ဆယ်တန်းအောင်၊ ဒါပေမယ့် အခု ကျွန်တော်တို့က အမှတ်ကိုအခြေခံပြီး အဓိက ရွေးတယ်။ ရွေးတဲ့အတွက် သူတို့လူပြုတ်သွားတာလည်း ရှိတယ်။ အဲဒါကို သူတို့တောင်းဆိုရင် အဲဒီအထဲက ၅ ရာခိုင်နှုန်း၊ အခု ၁၀ ရာခိုင်နှုန်းအထိ ထည့်ဖို့ သူတို့နယ်ခံကို ဦးစားပေးထားပါတယ်။

နောက်ပြီး အလုပ်ဝင်ပြီးသွားလို့ မထွက်အောင် ကျတော့လည်း အဓိကကတော့ သူ့ အဆင့်အတန်းနဲ့ညီတဲ့ လစာပေါ့။ နောက်ပြီး နေစရာထိုင်စရာ ကျွန်တော်တို့ လုံးဝမပေးနိုင်ပါဘူး။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ ပညာရေးအသုံးစရိတ်ရဲ့ ၈၅ ရာခိုင်နှုန်းက လခပဲလို့ သိရတယ်။ ကျန်တဲ့ ၁၅ ရာခိုင်နှုန်းက ကျောင်းသားတွေအတွက် ကျောင်းဆောင်ဆောက်တာ၊ တခြားကိစ္စတွေပေါ့။ ၈၅ ရာခိုင်နှုန်းက လခပဲဆိုကတည်းက ဆရာ၊ ဆရာမတွေနေဖို့ ဆောက်ပေးတဲ့ အိမ်သီးသန့်ဆိုတာ လုံးဝမရှိဘူး။ အဲဒီတော့ ကျွန်တော်တို့၊ ဆရာတွေ၊ ဆရာမတွေက နေစရာအိမ်လည်း ကိုယ့်ဖာသာကိုယ် ဖန်တီးရတယ်။ လစာကလည်း နည်းတယ်၊ နည်းတော့ အိမ်ထောင်ဦးစီးအနေနဲ့ ရပ်တည်ဖို့ သိပ်ခက်တယ်။ *စာမျက်နှာ ၂၁ သို့*

> "ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ ပညာရေးအသုံးစရိတ်ရဲ့ ၈၅ ရာခိုင်နှုန်းက လခပဲလို့ သိရတယ်။ ကျန်တဲ့ ၁၅ ရာခိုင်နှုန်းက ကျောင်းသားတွေအတွက် ကျောင်းဆောင်ဆောက်တာ၊ တခြားကိစ္စတွေပေါ့။ ၈၅ ရာခိုင်နှုန်းက လခပဲဆိုကတည်းက ဆရာ၊ ဆရာမတွေနေဖို့ ဆောက်ပေးတဲ့ အိမ်သီးသန့်ဆိုတာ လုံးဝမရှိဘူး။ အဲဒီတော့ ကျွန်တော်တို့၊ ဆရာတွေ၊ ဆရာမတွေက နေစရာအိမ်လည်း ကိုယ့်ဖာသာကိုယ် ဖန်တီးရတယ်။ လစာကလည်း နည်းတယ်၊ နည်းတော့ အိမ်ထောင်ဦးစီးအနေနဲ့ ရပ်တည်ဖို့ သိပ်ခက်တယ်"

# သင်းလုံးကျွတ် ကရင်နှစ်ခြင်း ခရစ်ယာန်ဓမ္မသဘင် ဖွင့်ပွဲအခမ်းအနားကျင်းပ



**ပဲခူး ဇန်နဝါရီ ၃**

မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ (၁၀၁)ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးဖွင့်ပွဲကို ယမန်နေ့က ကဝမြို့နယ် နောင်ဘိုကျေးရွာအုပ်စု နောင်ဘိုကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်ဆေး၊ မြန်မာနိုင်ငံ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာခရေးနယ်၊ အတွင်းရေးမှူး ဒေါက်တာ စံမစယ်နှင့် ပဲခူးသာသနာနယ်ဥက္ကဋ္ဌ ဒေါက်တာမူစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

မြန်မာနိုင်ငံ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်တွင် သာသနာနယ် ၂၀ ဖြင့် ဖွဲ့စည်းထားပြီး သာသနာဆိုင်ရာလုပ်ငန်းဆောင်တာများ ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါသာသနာ့နယ် ၂၀ အား တစ်နှစ် တစ်ကြိမ်အလှည့်ကျ တွေ့ဆုံကာ အစည်းအဝေးများ ကျင်းခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးကို ဇန်နဝါရီ ၂ ရက်မှ ၆ရက်အထိ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရန် သီချင်းသံစုံပြိုင်ပွဲများ၊ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများနှင့် ဈေးရောင်းပွဲတော်ပါ ကျင်းပသွားမည် ဖြစ်သည့်အပြင် ကရင်နှစ်သစ်ကူးပွဲတော်ကိုလည်း ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

---

## ချောင်းသာတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ချောင်းသာ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေ (၆)ရပ်ကွက် ဘောလုံးအားကစားကွင်း၌ ယနေ့နံနက်က (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဌာနဆိုင်ရာအသင်းများ၊ ရပ်ကွက်အသင်းများ၊ ကျောင်းသားကျောင်းသူများ စသည်တို့မှ ကစားနည်းများ ၂၀ မျိုးဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကာ ဆုရရှိအသင်းများကို ဇန်နဝါရီ ၄ ရက်တွင် ဆုများ ချီးမြှင့်ပေးသွားမည်ဟု သိရသည်။

**ကိုကိုမောင် (ပြန်/ဆက်)**

---

*စာမျက်နှာ ၂၀ မှ*

သိပ်ခက်သွားတဲ့ ယောက်ျားလေးက ဝင်မလာတော့ဘူး။ အဲဒီတော့ အဲဒီအဆင့်အတန်းလေးတွေ ပြောင်းပေးမယ်။ နေစရာရလိုက်ရင်ကို ရန်ကုန် မြို့ပေါ်မှာ နေစရာ တစ်နေရာရလိုက်ရင်ကို တော်တော်အဆင်ပြေတာ။ အဲဒါမျိုးလေးတွေကို အခြေခံပညာနဲ့ အဆင့်မြင့်ပညာပေါင်းပြီး နောက်ပြီးဆရာကြီးပြောသလို TCSF (Teacher Competency Standard Framework) တစ်ခုရေးဆွဲပြီးဖြစ်တဲ့အတွက် အလုပ်ခွင်အတွင်းမှာ အဆင့်အတန်းရှိတဲ့ လစာနဲ့ ရာထူးလေးတစ်ခုရသွားမယ်ဆိုရင် ယောက်ျားလေးတွေ ရလာမယ်လို့ ထင်ပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာတို့ဆီမှာ လျှောက်လွှာတွေ ခေါ်ယူတဲ့အခါ ယောက်ျားလေးဦးရေ မပြည့်တဲ့အတွက် မိန်းကလေးဦးရေကို ထပ်ဖြည့်တင်းရတယ်လို့ သိရပါတယ်။ ဒီလို မိန်းကလေးဦးရေကို မဖြည့်တင်းဘဲ ယောက်ျားလေးဦးရေကို ဖြည့်လို့ရနိုင်မယ့် နည်းလမ်းရော မရှိနိုင်ဘူးလား။ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါ။**

**ဒေါက်တာအောင်အောင်မင်း။** ။ ရှိနိုင်ပါတယ်။ ကျွန်တော်တို့က အဓိက မြို့နယ်ကို အခြေခံထားလိုက်လို့ပါ။ မြို့နယ်ကို အခြေခံတယ်။ အဲဒါမှ မရရင် ခရိုင်၊ ခရိုင်မှ မရရင် တိုင်းဒေသကြီးပါ။ ခုန ကျွန်တော် ဥပမာပြောခဲ့တယ်။ ရန်ကုန်တိုင်းဒေသကြီးဆိုရင် တိုင်းဒေသကြီး တစ်ခုလုံးဆိုရင် မရတော့ဘူး။ ဒါပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့တွက်ရင် ရတယ်။ အဲဒီတော့ ရန်ကုန်တိုင်းဒေသကြီးမှာ ဝိဇ္ဇာယောက်ျားလေး လိုအပ်နေတယ်။ ကျွန်တော် ဘယ်ကရနိုင်သလဲဆိုတော့ ဧရာဝတီတိုင်းက ရနိုင်တယ်။ ဒါမှမဟုတ် ပဲခူးတိုင်းကလည်း ရနိုင်တယ်။ ကျွန်တော်တို့ လျှောက်လွှာခေါ်ကတည်းက ကျွန်တော်တို့ ပညာရေးကောလိပ်ကို တက်ဖို့ လျှောက်ပြီဆိုကတည်းက မည်သည့် ပညာရေးကောလိပ်ကိုမဆို တက်နိုင်ရမည်ဆိုတာ ပါတယ်။ ကျွန်တော်တို့ ပညာရေးကောလိပ် ၂၅ ကျောင်း ရှိပါတယ်။ အဲဒီ ၂၅ ကျောင်းစလုံးမှာ တက်နိုင်ရမယ်ဆိုတဲ့အတွက် တက်လို့ရပါတယ်။

### ပိုအဆင်ပြေမယ်ထင်

ဒါပေမယ့် ကျွန်တော်တို့က စဉ်းစားတာက ဥပမာ-ခွဲတမ်းက ဧရာဝတီတိုင်းဒေသကြီးက ခေါ်လိုက်ရင် ရန်ကုန်တိုင်းဒေသကြီးက ခွဲတမ်းလျော့သွားမယ်။ ရန်ကုန်တိုင်းဒေသကြီးက ခွဲတမ်းလျော့သွားရင်လည်း ရန်ကုန်တိုင်းဒေသကြီးက သူ့ခွဲတမ်းကို ပေးမှာမဟုတ်ဘူး။ နောက်ပြီး ဧရာဝတီတိုင်းဒေသကြီးက လူကိုခေါ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှာ ထည့်ပေးလိုက်မယ်။ သင်ပြီး ရန်ကုန်တိုင်းဒေသကြီးမှာ အလုပ်ခန့်လိုက်မယ်။ ဒါပေမယ့် နှစ်နှစ်-သုံးနှစ် နေရင်သူက သူ့ဧရာဝတီတိုင်းဒေသကြီးကို ပြန်ပြောင်းချင်တယ်။ အဲဒီလိုမျိုးလေးတွေပေါ့။ ဒါပေမယ့် အခုဆရာရဖို့အတွက် အဓိကထားပြီးတော့ ဆောင်ရွက်မယ်ဆိုရင်တော့ ရပါတယ်။ အဲဒီလိုကျရင်တော့ ကျွန်တော်တို့ လျှောက်လွှာခေါ်ကတည်းက မည်သည့် ပညာရေးကောလိပ်တွင်မဆို တက်နိုင်ရပါမယ်။ ပြီးတော့ မူလတန်းပြဆရာအဖြစ် ဒေသမရွေး ထမ်းဆောင်နိုင်ရပါမယ်။ သုံးနှစ်ဆို သုံးနှစ်၊ ငါးနှစ်ဆို ငါးနှစ် အဲဒါမျိုးလေး ထည့်လိုက်ရင်တော့ ပိုပြီး အဆင်ပြေသွားမယ်လို့ ထင်ပါတယ်။

**အစီအစဉ်မှူး ။ ။ အခုလက်ရှိ ရင်ဆိုင်တွေ့ကြုံနေရတဲ့ အမျိုးသားဆရာ ရှားပါးမှုအပေါ် ဘယ်လို ဖြေရှင်းလို့ရနိုင်မလဲဆိုတာ နည်းလမ်းကိုလည်း သုံးသပ်ဆွေးနွေးပေးပါ။**

**ဒေါက်တာသန်းဦး ။** ။ ကျွန်တော့်အမြင်၊ ကျွန်တော့် အတွေ့အကြုံကို ပြောရမယ်ဆိုရင် ဒီနေ့ကမ္ဘာမှာ အရည်အသွေးရှိတဲ့ ပညာကိုပေးမယ်။ ဘဝတစ်သက်တာ သင်ယူမှုပညာကို ရအောင်ပေးမယ်လို့ ဆုံးဖြတ်ပြီး ဆောင်ရွက်နေကြပါတယ်။ ရှင်းရှင်းလေးပါ။ အရည်အသွေးရှိတဲ့ ပညာကို ဘယ်သူပေးနိုင်သလဲ။ အရည်အသွေးရှိတဲ့ ဆရာကသာ ပေးနိုင်မှာပါ။ ဒါသည် ဘာမှရှောင်လွှဲလို့မရတဲ့ ကိစ္စပါ။ အရည်အသွေးရှိတဲ့ ဆရာ၊ ဆရာမတွေကို ကျွန်တော်တို့ မရ၊ ရအောင် စုစည်းရမယ်၊ စုဆောင်းရမယ်။ ဒါသည် ကျွန်တော်တို့ မလွဲမသွေ ဆောင်ရွက်ရမယ့် ကိစ္စပါ။ ဒါကို ဇောက်ချပြီး ဆောင်ရွက်ရပါမယ်။

ခုန ညီငယ်ပြောသွားတဲ့ အထဲမှာလည်း ပါ ပါတယ်။ ဆရာလုပ်ချင်လို့ကို ရွေးချယ်ပြီး ဆရာလုပ်တာပါ။ ကျွန်တော်တို့ ကိုယ်တိုင်လည်း အထက်တန်းကျောင်းသားကတည်းက ကျောင်းသားအချင်းချင်းကို သင်လာတယ်။ ဘယ်တခြားအလုပ်ကိုမှ မလုပ်ဘူး။ ဒီဆရာ အလုပ်ကိုပဲ သေတစ်ပန်သက်တစ်ဆုံး လုပ်သွားတယ်။ ဆိုလိုတာက ဝါသနာဆရာ၊ စေတနာ ဆရာကို ကျွန်တော်တို့ရအောင် သိမ်းသွင်းဖို့ လိုပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ပညာရေးက ပုဂ္ဂိုလ်တွေက အခြေခံပညာကျောင်းတွေကို ဆင်းရမယ်၊ ပြီးတော့ ဆရာ အလုပ်ရဲ့မွန်မြတ်ပုံ၊ လေးနက်ပုံ၊ တန်ဖိုးရှိပုံ၊ နိုင်ငံက အားထားရတဲ့ ဆရာ၊ အနန္တော အနန္တငါးပါးမှာ ဂိုဏ်းဝင်ဆိုတာ ရှိပြီးသား၊ လူမှုရေး အဆင့်အတန်းရော၊ ယဉ်ကျေးမှုအဆင့်အတန်းရော ဒီထက် မြင့်တဲ့၊ မြတ်တဲ့အရာ မရှိဘူး။ ရှိပြီးသားနော်။ ဒါကို မွန်မြတ်မှု၊ လေးနက်မှု၊ တန်ဖိုးရှိမှုတွေကို ကျွန်တော်တို့ အခြေခံပညာကျောင်းတက်နေတဲ့ ကျောင်းသားတွေ၊ တက္ကသိုလ်တွေမှာတက်နေတဲ့ ကျောင်းသားတွေကို သေချာအသိပညာကို သေချာဖြန့်ဖြူးပေးရမယ်။ သေချာဆွဲဆောင် သိမ်းသွင်းရမယ်။ ဝါသနာဆရာတွေ၊ စေတနာဆရာတွေ အသစ်ရအောင် စုဆောင်းတဲ့အခါ အဲဒီလို ဆောင်ရွက်ဖို့လိုပါတယ်။

ထို့အတူ လက်ရှိ ရှိပြီးသား ဆရာကိုလည်း အလုပ်ခွင်ထဲမှာလည်း ပျော်ပျော်ပိုက်ပိုက်၊ နှစ်နှစ်ခြိုက်ခြိုက် သေတစ်ပန်၊ သက်ဆုံးလုပ်သွားအောင် ထိန်းသိမ်းထားဖို့ လိုပါတယ်။ ဥပမာပြောတာပါ။ ကျွန်တော်ဆိုပါစို့။ ကျွန်တော် အမွန်မြတ်ဆုံးဘာလဲလို့ ကျွန်တော့်ကို မေးရင် ညွှန်ကြားရေးမှူးချုပ် မဟုတ်ဘူး။ ပါမောက္ခပဲလို့ ကျွန်တော် ဖြေပါတယ်။ ကျွန်တော် အခု ပညာရေးတက္ကသိုလ်မှာ ပါမောက္ခအဖြစ် ဆောင်ရွက်နေပါတယ်။ ပါရဂူတန်းရော၊ မဟာတန်းရော၊ ဒသမတန်းရော ကျွန်တော်သင်နေပါတယ်။ အသက် ၈၁ နှစ်ရှိပါပြီ။ တစ်ချိန်တည်းမှာပဲ မူကြိုလည်း ကျွန်တော်သင်တယ်။ ဆိုလိုတာက သေတစ်ပန်၊ သက်ဆုံး အရိုးထုတ်သွားမယ်။ ကျွန်တော်တို့ ဒီလို ဆောင်ရွက်နေတာတွေကို အဲဒီဆရာတွေကို ပြရမယ်။ ဆရာကြီးတွေ ဒီအသက် ဒီအရွယ်တောင် ဒီလိုဆောင်ရွက်နေပါလားဆိုတာ ပြရမယ်။ အကောင်းဆုံး နမူနာပေးတာ သူတို့အတွက် အကောင်းဆုံး ဆောင်ရွက်ချက်ပါပဲ။

### နမူနာကောင်းတွေ ပြရမယ်

ကျွန်တော် ဆိုလိုတာက ဝါသနာဆရာ၊ စေတနာဆရာတွေကို ရအောင်စုစည်းဖို့၊ ရပြီးသား လူတွေလည်း ကျွန်တော်တို့ထဲမှာ မြဲမြဲစွဲစွဲနဲ့နေအောင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်တဲ့ မူလတန်းအဆင့်မှာ လုပ်တဲ့ဆရာကို မူလတန်းအဆင့်မှာကိုပဲ သူ့တက်လမ်းတွေ သူရှိသွားရမယ်။ အလယ်တန်းလုပ်တဲ့ လူကလည်း ရှိသွားရမယ်။ အထက်တန်းလုပ်တဲ့လူကလည်း ဒီမှာပဲ နှစ်နှစ်ခြိုက်ခြိုက် ပျော်ပျော်ပိုက်ပိုက် လုပ်ချင်လာအောင် ကျွန်တော်တို့ရဲ့အစီအစဉ်တွေကို Public Service Commission ကို နားလည်အောင် တင်ပြပေးပါမယ်။ ကျွန်တော် မှန်တာပြောပြီလေ။ ကျွန်တော် ညွှန်ချုပ် မလုပ်ချင်ဘူး။ ပါမောက္ခ လုပ်ချင်တယ်။ အသက်မွေး ဝမ်းကျောင်းမှုပညာမှာ ပရော်ဖက်ဆာက အမြင့်ဆုံးပဲ။ ထင်းခနဲ၊ ရှင်းခနဲ၊ လင်းခနဲနဲ့ မြင်အောင် နမူနာကောင်းတွေနဲ့ ပြရမယ်။ ဒီလိုလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေနဲ့ ပြရမယ်။ ဆရာကြီးဦးဖေမောင်တင်၊ ဆရာ ဇော်ဂျီတို့ စေတနာဆရာ၊ ဝါသနာဆရာတွေ အနစ်နာခံပြီး ဒီလိုဆောင်ရွက်ခဲ့တဲ့ ဆရာတွေ အများကြီးပြလို့ရတယ်။ အဲဒီကလေးတွေ သူတို့ အရွယ်ကစပြီး မြင်လာမယ်။ လုပ်ချင်လာမယ်။ အဲဒီလို ကျွန်တော် အကြံပေးပါရစေ။

***နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ-ဝင်းဝင်း***

*(ဆက်လက်ဖော်ပြပါမည်)*

---




## My Memories နှင့် အခြားရသဆောင်းပါးများ




စာရေးဆရာမ ဖြူစင်ဝင်း ရေးသားသော My memories နှင့် အခြားရသဆောင်းပါးများ စာအုပ်ထွက်ရှိလာသည်။ တရားဘာဝနာပွားများအားထုတ်လိုစိတ် ပေါ်လာမည်ဖြစ်သော "ဘေးရန်ခပ်သိမ်းငြိမ်းတော်မူသော မြတ်စွာဘုရား" ရသဆောင်းပါး၊ ဖောင်ကြီး ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းအတွေ့အကြုံများကို ရေးသားထားသော "နိုင်ငံတော်၏ ကျေးဇူးသစ္စာကို"၊ နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရသည့် အမှိုက်ပြဿနာကိုလူတိုင်း ဂရုပြုပါဝင်လာစေရေး ရေးသားထားသော "အမှိုက်.....အမှိုက်" လူ့ဘောင်လောက၏ သံဝေဂရဖွယ်များ၊ သိမှတ်ပွားများဖွယ်ရာများကို ဖော်ပြထားသည့် "သာယာပေစွ ဓမ္မဒူတ တောရ" အစရှိသူ ရသဆောင်းပါးများအပြင် ဆီးချို၊ သွေးချို၊ အန္တရာယ် မိခင်လောင်းများ သတိပြုဖွယ်၊ အိပ်မက်တံတား၊ အဖေသာရှိရင် အစရှိသည့် ရသဆောင်းပါးများကို စုစည်းဖော်ပြထားသော စာအုပ်ကောင်းဖြစ်သည်။ ရသစာပေနှစ်ခြိုက်သည့် စာဖတ်ပရိသတ်များ လက်မလွတ်တမ်း ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

---

## အတွေးချိုချို ဘဝချိုချို

စာရေးဆရာ 'နိုက်' ၏ (၁၄) အုပ်မြောက် 'အတွေးချိုချို ဘဝချိုချို' စာစုများ ထွက်ရှိလာသည်။

စာအုပ်သည် ယခင်အတွေးအခေါ်ဆောင်းပါးများနှင့်မတူ တစ်မူထူးခြားစွာ ဆရာ၏ အတွေးအခေါ်ကောင်းလေးများကို စာစုများဖြင့် ရေးသားထားခြင်းဖြစ်သည်။ ဘဝတစ်ခုအတွက် ခံယူရမည့် သဘောထားများ ပါဝင်သည်။ အတွေးအခေါ်များက လေးနက်ပြီး အရေးအသားများက ချိုမြသည်၊ အဖြေမရှိသော မေးခွန်းများအတွက် အဖြေတွေပေးထားသည်။ ကိုယ့်ဘဝကို ကိုယ့်လက်ထဲတွင် အပ်ထားနိုင်သော အမြင်တွေက စူးရှသည်။ လူမှုဆက်ဆံရေး နယ်ပယ်မှ ပြဿနာများကို ထောက်ပြထားသည်။ လောကဓံကို ကာကွယ်ပုံနည်းလမ်းတွေ ပါဝင်သည်။ စာအုပ်ကို မျိုးဆက်သစ်စာပေမှ ဖြန့်ချိပြီး တန်ဖိုးမှာ ငွေကျပ် ၂၅၀၀ ဖြစ်သည်။ အမှတ် - (၃၄) လေးလွှာ၊ ကျီတော်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၂၅၉၂၅၅၃၁၅ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။




---

## ငှက်ထောင်သမားနှင့် အခြားစွန့်စားခန်းဝတ္ထုတိုများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် လွင်ဦး(ကွမ်းခြံကုန်း)၏ "ငှက်ထောင်သမားနှင့် အခြားစွန့်စားခန်းဝတ္ထုတိုများ" စာအုပ် ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် ဝတ္ထုတို ၁၀ ပုဒ် ပါဝင်ပြီး သားရဲတိရစ္ဆာန်တို့၏ အကျင့်စရိုက်သဘာဝတို့ကို သီကုံးရေးဖွဲ့ထားပြီး အသားစားငှက်ရဲကြီးများကို ဖမ်းဆီးပုံနှင့် ကြောက်မက်ဖွယ်ရာ ကျားရဲကြီးများနှင့် စွန့်စွန့်စားစား ယှဉ်ပြိုင်တိုက်ခိုက်ပုံတို့ကို သုတ၊ ရသယှဉ်တွဲ၍ စာဖတ်သူစိတ်ဝင်စားအောင် ဖြစ်ရပ်မှန်တို့ကို အခြေခံကာ ပိုင်ပိုင်နိုင်နိုင် ရေးဖွဲ့ထားသည့်အတွက် စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။




အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၈၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားတို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# (၄၇) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

**ဒေါက်တာနီသက်ဦး (ဆေးသုတေသနဦးစီးဌာန)**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် (၄၇) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ၂၀၁၉ ခုနှစ် နှစ်ဦးအခါသမယ ဇန်နဝါရီလ ၇ ရက် (တနင်္လာနေ့) မှ ၁၁ ရက် (သောကြာနေ့) အထိ ဆေးသုတေသနဦးစီးဌာန အမှတ် (၅) ဇီဝကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ကျင်းပမည် ဖြစ်ပါသည်။**

ဝန်ကြီးဌာန၏ ပင်မ မဏ္ဍိုင်လုပ်ငန်းကြီးတစ်ရပ်ဖြစ်သော ကျန်းမာရေးသတင်းအချက်အလက်များအား ဖြန့်ဝေရန်အတွက် ကျန်းမာရေးဆိုင်ရာ သုတေသနပညာရပ်များ အဆင့်မြင့်မား တိုးတက်လာစေခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း မြင့်မားလာစေရန်နှင့် ကျန်းမာရေးနှင့် နီးနွယ်ဆောင်ရွက်သော သုတေသီပညာရှင်များ၏ သုတေသနပြုလုပ်တွေ့ရှိချက်များကို တင်ပြခြင်းဖြင့် အသုံးပြုမည့်သူများလက်ဝယ်သို့ သုတေသနရလဒ်များ ရောက်ရှိစေရန် ရည်ရွယ်ချက်များဖြင့် သုတေသီများမှ သုတေသနစာတမ်းများကို ညီလာခံတွင် စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း၊ ပိုစတာများပြသခြင်း၊ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် ဟောပြောပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

၁၉၆၅ ခုနှစ်မှ စတင်ကျင်းပခဲ့သော ဤညီလာခံကြီးသည် ယခုနှစ်တွင် (၄၇) ကြိမ် တိုင်ခဲ့ပြီဖြစ်ပေသည်။ စတင်ကျင်းပခဲ့ရာနှစ်များတွင် သုတေသနစာတမ်းများအဖြစ်သာ တင်သွင်းဖတ်ကြားခဲ့သော်လည်း ၁၉၉၁ ခုနှစ်မှစ၍ သုတေသနပိုစတာပြပွဲနှင့် ၂၀၀၂ ခုနှစ်မှစ၍ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲ (Symposium) များကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းကျင်းပခဲ့ပါသည်။ တစ်ဖန် သုတေသီပညာရှင်များ၏ သုတေသနအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် ယှဉ်ပြိုင်မှုအဓိကဖြင့် စာတမ်းများအား တင်ပြရာတွင် အလေးထားအားထုတ်မှု ရှိစေရန်တို့အတွက် ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများ ချီးမြှင့်ခြင်းနှင့် မျိုးဆက်သစ်သုတေသီငယ်များအားလည်း အားပေးဂုဏ်ပြုနိုင်ရန်အတွက် ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုများ ချီးမြှင့်ခြင်းကိုလည်း ထည့်သွင်းစီစဉ်ဆောင်ရွက်ခဲ့ပါသည်။

### စနစ်တကျ အကောင်အထည်ဖော်

ဝန်ကြီးဌာနကိုယ်စားပြု ညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆေးသုတေသနဦးစီးဌာနမှ နှစ်စဉ်စနစ်တကျ တာဝန်ယူကျင်းပရာတွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ခုနစ်ခုဖြစ်သော စာတမ်းကြီးကြပ်ရေး၊ အကောင်းဆုံးစာတမ်းဆုရွေးချယ်ရေး၊ ကြိုဆိုနေရာချထားရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ပြန်ကြားရေး၊ ဧည့်ခံကျွေးမွေးရေး၊ အထောက်အကူပြုတို့ဖြင့် ဖွဲ့စည်းထားရှိလျက် လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ထားရှိကာ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ကြရပါသည်။

### သုတေသနညီလာခံဝက်ဘ်ဆိုက်လွှင့်တင်

ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ယခုနှစ်ညီလာခံကြီးတွင် ပြည်တွင်းမှာသာမက ပြည်ပမှ သုတေသီပညာရှင်များပါ စာတမ်းများပေးပို့ရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဝက်ဘ်ဆိုက် (www.myanmarhrc.com) ကို လွှင့်တင်ထားရှိကာ စာတမ်းကြီးကြပ်ရေး ဆပ်ကော်မတီသည် ကျန်းမာရေးသုတေသနစာတမ်းများကို Online ဖြင့် စုစည်းခဲ့ပါသည်။ Online စနစ် ဆောင်ရွက်ခြင်းဖြင့် ညီလာခံသို့ တက်ရောက်မည့်သူများ ကြိုတင်စာရင်းသွင်းခြင်း (Registry) ပြုလုပ်နိုင်ပြီး သုတေသနပိုစတာနှင့် စာတမ်းများ တင်သွင်းပြီးနောက် စာတမ်းရှင်အား ပေးပို့လာသော စာတမ်းရရှိကြောင်း (Notification of Acceptance) ကို ပြန်လည်ပေးပို့ခြင်းနှင့် စိစစ်ပြီးလိုအပ်သည်များ ပြန်လည်ပြင်ဆင်ပြီးပေးပို့စေခြင်းတို့ကို ဆောင်ရွက်ရာတို့တွင် လွယ်ကူမြန်ဆန်ထိရောက်စေပါသည်။ ထို့အပြင် ဖတ်ကြားမည့် စာတမ်းများကို ဘာသာရပ်ဆိုင်ရာအလိုက် စုစည်း၍ စာတမ်းဖတ်ပွဲအစီအစဉ်နှင့် စာတမ်းအကျဉ်းစာအုပ်များ (Programme & Abstracts) ထုတ်ဝေရာတွင် စနစ်တကျ မြန်ဆန်စွာ ပြုလုပ်နိုင်မည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ နီးနွယ်ဝန်ကြီးဌာနများရှိ သုတေသီပညာရှင်များထံမှ သုတေသနစာတမ်းများကို အခြေခံသုတေသန (Basic Research)၊ အသုံးချသုတေသန (Applied Research)၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသန (Social Science / Health Systems Research) နှင့် ပိုစတာအဖြစ်ဖြင့် သတ်မှတ်ဖော်ပြလျက် စာတမ်းအကျဉ်းကို ၁၅-၉-၂၀၁၈ ရက်မှ စတင်လက်ခံခဲ့ပြီး ၁၅-၁၀-၂၀၁၈ နောက်ဆုံးထား၍လည်းကောင်း၊ စာတမ်းအပြည့်အစုံကို ၁၅-၁၁-၂၀၁၈ ရက် နောက်ဆုံးထား၍လည်းကောင်း စုစည်းခဲ့ပါသည်။

### နှစ်ပိုင်းခွဲ၍ ပြသရန်စီစဉ်

ယခုအခါ ပေးပို့လာသည့် စာတမ်းများကို စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီက စိစစ်ပြီးနောက် အခြေခံသုတေသနစာတမ်း ၅၅ စောင်၊ အသုံးချသုတေသနစာတမ်း ၄၂ စောင်၊ လူမှုရေးနှင့် ကျန်းမာရေးစနစ် သုတေသနစာတမ်း ၄၄ စောင်၊ ပိုစတာစာတမ်း ၉၀ စုစုပေါင်း စာတမ်း ၂၃၁ စောင်ကို ညီလာခံသို့ တင်သွင်း၊ ဖတ်ကြား၊ ပြသရန် လက်ခံထားရှိကြောင်း သိရှိရပါသည်။ တင်သွင်းမည့် စာတမ်းများတွင် ငှက်ဖျား၊ ကင်ဆာ၊ တီဘီ၊ အသည်းရောင်အသားဝါ၊ သွေးလွန်တုပ်ကွေး၊ ကလေးကျန်းမာရေး၊ သားဖွားနှင့်မီးယပ်၊ အာဟာရ၊ မျိုးဆက်ပွားကျန်းမာရေး၊ မြွေကိုက်သုတေသန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဆိုင်ရာ သုတေသန၊ ဇီဝကမ္မဆိုင်ရာသုတေသန၊ ကျန်းမာရေးစနစ်ဆိုင်ရာ သုတေသန၊ ပတ်ဝန်းကျင်ကျန်းမာရေး၊ ခုခံအားကျဆင်းမှု၊ တိုင်းရင်းဆေး၊ သက်ကြီးရွယ်အိုကျန်းမာရေး၊ သွားကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေးစီမံချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ စသည်တို့နှင့် ပတ်သက်သည့် သုတေသနများ ပါဝင်ကြောင်း သိရှိရပါသည်။

ယခုနှစ်တွင် ညီလာခံသို့ ပိုစတာအဖြစ် တင်သွင်းမည့် စာတမ်းအရေအတွက်မှာ များပြားသဖြင့် နေရာအခက်အခဲကြောင့် ညီလာခံကျင်းပမည့်ရက်များအတွင်း နှစ်ပိုင်းခွဲ၍ ပြသရန်စီစဉ်ထားရှိကြောင်း သိရှိရပါသည်။

> **“ညီလာခံကျင်းပစဉ်ရက်များအတွင်း ပြည်တွင်း ပြည်ပ NGO အဖွဲ့အစည်းများ၊ ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာ၊ ဓာတုပစ္စည်း တင်သွင်းသည့် ကုမ္ပဏီများကလည်း ခေတ်မီဆေးနှင့် ဆေးပစ္စည်းကိရိယာ၊ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများ ပြခန်းများဖြင့် စုံလင်စွာ ခင်းကျင်းပြသကြမည်ဖြစ်”**

### နှီးနှောဖလှယ်ကြမည်

ယနေ့ကမ္ဘာကြီးတွင် သန့်ရှင်း၊ လုံလောက်သော သောက်သုံးရေရရှိမှု (Water)၊ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အညစ်အကြေးများ စနစ်တကျစွန့်ပစ်နိုင်ရန် စီစဉ်ထားရှိမှု (Sanitation)၊ တစ်ကိုယ်ရေသန့်ရှင်းမှု (Hygiene): WASH တို့သည် လူသားတို့၏ ဘဝတန်ဖိုးတိုးတက်မြင့်မားရေးတွင် အဓိကဖြစ်ပေရာ ယခု (၄၇) ကြိမ်မြောက် သုတေသနညီလာခံကို “Ensure WASH: Global Agenda to Improve Quality of Life” ဟူသော Congress Theme ဖြင့် ကျင်းပရန် စီစဉ်ထားရှိပါသည်။

ညီလာခံကျင်းပမည့်ရက်များအတွင်း ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၁၀ ခုနှင့် ဟောပြောပွဲ ရှစ်ခုတို့ကို မြန်မာနိုင်ငံနှင့် အမေရိကန်၊ ဂျပန်၊ သြစတြေးလျ၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့မှ ပညာရှင်များက တင်သွင်း၊ ဖတ်ကြား၊ ပြသဆွေးနွေး၊ နှီးနှောဖလှယ်ကြမည်ဟု သိရှိရပါသည်။

ယခုနှစ် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများတွင် အမျိုးသားကျန်းမာရေးစီမံကိန်း (National Health Plan) ကို အကောင်အထည်ဖော်ခြင်းဆိုင်ရာ အထောက်အကူပြု ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲနှစ်ရပ်ကိုလည်း ထည့်သွင်းကျင်းပရန် စီစဉ်ထားရှိပါသည်။ ကျန်းမာရေးစီမံချက်များ၊ မူဝါဒများချမှတ်ရာတွင် ကျန်းမာရေးသတင်းအချက်အလက်များ၊ အညွှန်းကိန်းများပေါ် အခြေခံသည့် မူဝါဒများ ချမှတ်နိုင်ရန် ရည်ရွယ်၍ “Data to Policy: Building a Culture of Evidence-based Actions” နှီးနှောဖလှယ်ပွဲကို ဆေးသုတေသနဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အမေရိကန်နိုင်ငံမှ Vital Strategies နှင့် Bloomberg Philanthropies တို့မှ ပညာရှင်များ တက်ရောက်၍ တင်ပြဆွေးနွေးကြမည် ဖြစ်ပါသည်။

တစ်ဖန် “The Way Forward: Achieving Universal Health Coverage in Myanmar” နှီးနှောဖလှယ်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ဖြစ်သော Community Partner International မှ လက်တွေ့ဆောင်ရွက်နေသူများနှင့် ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များစုပေါင်း၍ အမျိုးသားကျန်းမာရေးစီမံကိန်း အကောင်အထည်ဖော်ခြင်းဆိုင်ရာ တိုးတက်မှုအခြေအနေနှင့် အသုံးပြုမည့် နည်းပညာဆိုင်ရာများ၊ အဖွဲ့အစည်းများမှ လက်တွေ့ပါဝင် ဆောင်ရွက်မှုများကို ပူးပေါင်းဆွေးနွေးကြမည် ဖြစ်ပါသည်။

### ဆုများပေးအပ်သွားမည်

ညီလာခံတွင် တင်သွင်းလာသည့် စာတမ်းများမှ အကောင်းဆုံးအခြေခံသုတေသန (Basic Research) စာတမ်းတစ်စောင်၊ အကောင်းဆုံး လက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းတစ်စောင်၊ အကောင်းဆုံး လူမှုရေးနှင့် ကျန်းမာရေးသုတေသန (Health Systems Research) စာတမ်းတစ်စောင်နှင့် ပိုစတာများမှ အကောင်းဆုံးပိုစတာတစ်စောင်၊ စုစုပေါင်း လေးစောင်ကိုလည်းကောင်း၊ လူငယ်သုတေသီဆု သုံးခုအတွက် အခြေခံသုတေသနစာတမ်းတစ်စောင်၊ လက်တွေ့အသုံးချ သုတေသနစာတမ်းတစ်စောင်၊ လူမှုရေးနှင့် ကျန်းမာရေးစနစ် သုတေသနစာတမ်းတစ်စောင်၊ စုစုပေါင်း သုံးစောင်ကိုလည်းကောင်း အကောင်းဆုံးစာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီက အသီးသီးရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

ယခင်နှစ်များနည်းတူ ညီလာခံသို့ တက်ရောက်လာကြသူများအား တက်ရောက်ကြောင်း (Certificate of Attendance) နှင့် စာတမ်းတင်သွင်းမှုနှင့် ပိုစတာပြသမှုတို့အတွက် သုတေသီများအား Certificate of Paper Presentation၊ Certificate of Poster Presentation များကို ပေးအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

သုတေသနစာတမ်းရှင်များသည် ဆေးသုတေသနဦးစီးဌာနမှ ထုတ်ဝေသည့် မြန်မာ့ကျန်းမာရေးသိပ္ပံ သုတေသနဂျာနယ် (Myanmar Health Sciences Research Journal) သို့ ပေးပို့လိုပါကလည်း ဂျာနယ်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်စေလျက် ဂျာနယ်၏ website (www. myanmarhsrj.com) သို့ Online submission ဖြင့် ပေးပို့နိုင်ကြောင်း သိရှိရပါသည်။ ပေးပို့သောစာမူများကို ပညာရပ်အလိုက် ပြည်တွင်း ပြည်ပမှ ပညာရှင်များက စနစ်တကျ အကဲဖြတ်လျက် စိစစ်ပြီး စာမူများကိုသာ ပုံနှိပ်ထုတ်ဝေခြင်းကို ဆောင်ရွက်ပေးသည်။ ဤသုတေသနဂျာနယ်ကို ရည်ညွှန်းကိုးကားဖော်ပြခြင်း (Citation) ပြုလုပ်ခြင်းသည် ဂျာနယ်ကို ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူတစ်ရပ်ဖြစ်စေသဖြင့် သုတေသီများမှ ဆောင်ရွက်ပေးစေရေး တိုက်တွန်းအပ်ပါသည်။

### မည်သူမဆို တက်ရောက်နိုင်

ညီလာခံကျင်းပစဉ်ရက်များအတွင်း ပြည်တွင်း ပြည်ပ NGO အဖွဲ့အစည်းများ၊ ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာ၊ ဓာတုပစ္စည်းတင်သွင်းသည့် ကုမ္ပဏီများကလည်း ခေတ်မီဆေးနှင့် ဆေးပစ္စည်းကိရိယာ၊ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများ ပြခန်းများဖြင့် စုံလင်စွာ ခင်းကျင်းပြသကြမည် ဖြစ်ပါသည်။ ညီလာခံသို့ တစ်နေ့တာ တင်သွင်းဖတ်ကြားခဲ့သည့် သုတေသနစာတမ်းများနှင့် ပတ်သက်၍ ပြန်ကြားရေးဆပ်ကော်တီမှ သတင်းမီဒီယာများကို ညနေပိုင်းတွင် လက်ခံတွေ့ဆုံ၍ သိလိုသည်များကို ဖြေကြားပေးမည် ဖြစ်ပါသည်။ ပိုမိုအသေးစိတ်သိရှိလိုပါက သုတေသနစာတမ်းတင်သွင်းသူ အဓိကသုတေသီပညာရှင်နှင့် သတင်းမီဒီယာတို့ တိုက်ရိုက်တွေ့ဆုံ မေးမြန်းနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ယခုအခါ စာတမ်းတင်သွင်းမည့် သုတေသီပညာရှင်များသည် မိမိတို့၏ သုတေသနတွေ့ရှိချက်များကို စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် အကောင်းဆုံးတင်သွင်းဖတ်ကြား ပြသနိုင်ရေးကို ပဓာနထားလျက် ကြိုးစားဆောင်ရွက်လျက်ရှိနေကြသကဲ့သို့ မိမိတို့စာတမ်း အကောင်းဆုံးဆုအဖြစ် ရွေးချယ်သတ်မှတ်ခံရရေးအတွက်လည်း မျှော်မှန်းလျက်ရှိနေကြပြီဖြစ်ပေသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသို့ စာတမ်းတင်သွင်းကြမည့် သုတေသီပညာရှင်များသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆရာဝန်များ၊ ဆေးတက္ကသိုလ်များနှင့် နီးနွယ်တက္ကသိုလ်များမှ ဘွဲ့လွန်သင်တန်းသားများ၊ ကျန်းမာရေးဝန်ထမ်းများသာမက သုတေသနစိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအသိပေးအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ကျင်းပသည့် သုတေသနညီလာခံကြီး၌ ပညာရှင်များ၏ တင်ပြဆွေးနွေး တိုင်ပင်အဖြေရှာ ဖော်ထုတ်ချက်ရလဒ်များသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးကဏ္ဍအတွက် များစွာ အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

---

## တနိုင်းမြို့၌ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီနီမာရသွန်အပြေးပြိုင်ပွဲ ကျင်းပ

**တနိုင်း ဇန်နဝါရီ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးကော်မတီက ကြီးမှူးကျင်းပသော အမျိုးသား အမျိုးသမီး မီနီမာရသွန်အပြေးပြိုင်ပွဲကို ယနေ့ နံနက်က ကျင်းပသည်။ တနိုင်းမြို့အဝင် လေးမိုင် ဟိန်းအောင်စက်သုံးဆီဆိုင်အရှေ့မှ လီဒိုလမ်းမကြီးအတိုင်း တာလွှတ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ပန်းဝင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး ၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူ အမျိုးသား၊ အမျိုးသမီး ခြောက်ဦး၊ နှစ်သိမ့်ဆုရရှိသူ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ခုနစ်ဦးနှင့် ပြိုင်ပွဲဝင် ၆၁ ဦးအား မြို့နယ်အားကစားနှင့် ကာယပညာဦးစီးကော်မတီ ဥက္ကဋ္ဌ (မြို့နယ်အုပ်ချုပ်ရေးမှူး) ဦးကျော်လွင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မြောက်ဦးမြို့၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကဗျာရွတ်၊ ပုံတူပန်းချီပြိုင်ပွဲနှင့် ဓာတ်ပုံ၊ စာအုပ်ပြပွဲ ကျင်းပ



**မြောက်ဦး ဇန်နဝါရီ ၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ကျင်းပသော (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဓာတ်ပုံ၊ စာအုပ်ပြပွဲ၊ ကဗျာရွတ်၊ ပုံတူပန်းချီပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ယနေ့ မွန်းတည့် ၁၂ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ပြုလုပ်ရာ အထက(၁)၊ အထက(၂)၊ တောင်ရပ်မူလွန်၊ အောင်မင်္ဂလာမူလွန်၊ ဒိုင်းကျီမူလွန်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ပြိုင်ပွဲမစတင်မီ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်ရွှေက အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံတူပန်းချီပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ကလေးငယ်များအနေဖြင့် ကာယ၊ ဉာဏ ပိုင်းတို့၌ တွေးခေါ်ဖန်တီးတတ်စေရန်၊ တီထွင်ကြံဆတတ်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်၍ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ထို့အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ယခုလိုပြိုင်ပွဲများကို ဆက်လက်ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးထံမှ သိရသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ယခုလရောက်ရှိသော သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဝတ္ထုစာအုပ်အသစ်များ၊ နံရံကပ်စာစောင်နှင့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြပွဲကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ထုတ်ဝေသော (၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို မြို့နယ်ပြန်/ဆက်ဝန်ထမ်းများက အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံတူပန်းချီပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့ကိုစတင်ကျင်းပပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသော မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်ရွှေနှင့်တာဝန်ရှိသူများက ဆုတံဆိပ်နှင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပုဇွန်တောင်မြို့နယ်၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပ

**ပုဇွန်တောင် ဇန်နဝါရီ ၃**

နိုင်ငံတော်၏ နေ့ထူးနေ့မြတ်ဖြစ်သော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အတွင်းရှိ အများပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ကိုယ်လက်လှုပ်ရှား အားကစားများဖြင့် ပျော်ရွှင်စည်ကား သိုက်မြိုက်စေရေးအတွက် ကျောင်းတွင်း အားကစားပြိုင်ပွဲများကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးမြတ်သူ၏ ဦးဆောင်မှုဖြင့် ဇန်နဝါရီ ၃ ရက်က ရန်ကုန် အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်အတွင်း အထကကျောင်းများတွင် ကျောင်းအလိုက် အားကစားပြိုင်ပွဲများ ကျင်းပခဲ့သည်။

ထိုသို့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရာတွင် အထက (၃) ပုဇွန်တောင်တွင် စစ်တုရင်ပြိုင်ပွဲကို လည်းကောင်း၊ အထက(၂) ပုဇွန်တောင်တွင် စားပွဲတင် တင်းနစ်ပြိုင်ပွဲများကို ကျင်းပပြုလုပ်ရာ အဆိုပါကျောင်းများရှိ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက အဖွဲ့အလိုက် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန် ဝါးတားဘတ်စ် တွံတေးအထူးခရီးစဉ်ပြေးဆွဲမည်

**ရန်ကုန် ဇန်နဝါရီ ၃**

ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ယခုလ ၅ ရက် နှင့် ၆ ရက် ရုံးပိတ်ရက်တို့တွင် Yangon Water Bus မှ တွံတေး အထူးခရီးစဉ်ကို ပြေးဆွဲမည်ဖြစ်ကြောင်း Yangon Water Bus ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ခရီးစဉ်ကို နံနက် ၉ နာရီတွင် ဗိုလ်တထောင်ဆိပ်ကမ်းမှ စတင်ထွက်ခွာမည်ဖြစ်ပြီး မွန်းလွဲ ၃ နာရီတွင် ပြန်လည်ဆိုက်ကပ်မည်ဖြစ်ရာ ခရီးစဉ်တစ်လျှောက်တွင် ရွှေဆံတော်ဘုရား၊ အိုးလုပ်ငန်းနှင့် ရက်ကန်းလုပ်ငန်းများကိုပါဝင်ရောက်လေ့လာမည်ဖြစ်ကြောင်း ပါရှိသည်။

ထို့အပြင် တစ်ဦးလျှင် ငွေကျပ်၇၀၀၀ သာ ကျသင့်မည်ဖြစ်ပြီး နေ့လယ်စာထမင်းဘူး၊ လည်ပတ်ရန်ကားခ၊ ထိခိုက်မှုအာမခံ၊ ကော်ဖီနှင့်ရေသန့်ဘူးများ အစရှိသော ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**

## နေပြည်တော်တွင် မီးသတ်မွမ်းမံသင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

ပွင့်လင်းရာသီရောက်ရှိနေပြီ ဖြစ်သည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နည်းကျွမ်းကျင်စေရန်အတွက် နေပြည်တော်မီးသတ်ဦးစီးဌာနမှူး၏ ညွှန်ကြားမှုနှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူးများက ကြီးကြပ်ကာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

ထိုသို့ မီးသတ်တပ်ဖွဲ့ဝင်များအား မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချရာတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ မီးသတ်နယ်မြေစခန်းတွင် အမှတ်စဉ် (၁/၂၀၁၈) မီးသတ်သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီက ကျင်းပရာ နေပြည်တော်တိုင်း မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း တက်ရောက်သင်တန်းဆင်း မိန့်ခွန်းပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဝင်းကျော်နှင့် ဇေယျာသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်တို့က ဆုများချီးမြှင့်ခဲ့ကြောင်းနှင့် အဆိုပါ သင်တန်းကို သင်တန်းသား ၅၀ တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀နာရီက ဒက္ခိဏသီရိမြို့နယ် မီးသတ်စခန်း၌ (၁/၂၀၁၈) မီးသတ် သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပရာ နေပြည်တော် မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက် အောင်မြင်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

# မော်ကင်း(ဆလုံ)တိုင်းရင်းသားများရဲ့ယဉ်ကျေးမှုဓလေ့ကို လေ့လာနိုင်သည့် မြိတ်ခရီးစဉ်

**မောင်ယဉ်ကျေး**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသ ကျွန်းစုမြို့နယ်ရှိ မော်ကင်း (ဆလုံ) တိုင်းရင်းသားတို့ပျော်စံရာ ဒုံးကျွန်းရှိ ဒုံးရေတံခွန်သည် သဘာဝအလှတို့ဖြင့် ထုံမွမ်းလျက်ရှိသလို ကျွန်းသူ ကျွန်းသားတို့ အားထားရာ ရေချိုထွက်ရှိသည့် အဖိုးတန် သဘာဝအမွေအနှစ်တစ်ခု ဖြစ်ပေသည်။

မြိတ်မြို့မှ ရေမိုင် ၄၀ ခန့်ကွာဝေးပြီး စပီဘုတ် (အမြန်ရေယာဉ်များဖြင့်) တစ်နာရီခွဲခန့်ပင်လယ်ပြင်ကို ဖြတ်သန်းကာ သွားရောက်ရပြီး ပတ်ဝန်းကျင်ရှိ ဒီရေတောများ၊ ရေလုပ်ငန်းများကို ရှုမြင်လေ့လာနိုင်သလို ရံဖန်ရံခါ ငါးအုပ်များ၊ လင်းပိုင်၊ ဖျံ၊ ဂျယ်လီငါး၊ သံပချိပ်စသည့် ရေပျော်သတ္တဝါများအပြင် မျောက်တံငါအုပ်များကိုလည်း တွေ့မြင်ရလေသည်။

“ဒုံးကျွန်းရေတံခွန်ကို အခြေခံပြီး မြိတ်ကျွန်းစုဒေသမှာရှိတဲ့ စမတ်ကျွန်း၊ ဘာရော်သဟန်ကြီးကျွန်း၊ မီးစိမ်းကျွန်း၊ နှစ်ဖက်လှကျွန်း စသည်ဖြင့် ကျွန်းပေါင်းမြောက်မြားစွာကို လှည့်လည်ပြီး သဘာဝပတ်ဝန်းကျင်နဲ့ ပင်လယ်ပြင်အလှ၊ ရေနေသတ္တဝါတွေရဲ့ နေထိုင်မှု သဘာဝတွေ၊ ဒေသခံမော်ကင်း (ဆလုံ) တိုင်းရင်းသားများရဲ့နေထိုင်မှုဘဝနဲ့ ယဉ်ကျေးမှုဓလေ့တွေကို လေ့လာနိုင်တဲ့ နေ့ချင်းပြန်ခရီးတွေ၊ ကျွန်းပေါ်မှာ ညအိပ်လေ့လာနိုင်တဲ့ ခရီးစဉ်တွေရှိပါတယ်။ အခုလို ပွင့်လင်းရာသီမှာ ပြည်တွင်းပြည်ပက ဧည့်သည်တွေ အလာများပါတယ်။ ခရီးစဉ်အားလုံးကတော့ ဒုံးရေတံခွန်ကို ဦးစားပေးရွေးချယ်လေ့ရှိကြပါတယ်။ ဒုံးရေတံခွန်ဟာ မြိတ်မြို့နဲ့ ရေမိုင် ၄၀ လောက် ကွာဝေးတဲ့ သဘာဝအလှကျွန်းတစ်ကျွန်းဖြစ်တဲ့အပြင် ဒုံးရေတံခွန်ကစီးဆင်းနေတဲ့ရေတွေဟာ ရေချိုဖြစ်တာမို့ ပတ်ဝန်းကျင်ကျွန်းတွေပေါ်က ကျေးရွာတွေအတွက် အလွန်တန်ဖိုးရှိတဲ့ရေချိုတွေကို ၁၂လရာသီလုံးပေးဝေနေတဲ့ သဘာဝရတနာတစ်ပါးလည်း ဖြစ်ပါတယ်။ ဒီရေချိုတွေကို အနီးပတ်ဝန်းကျင်ကျွန်းတွေကနေ မော်တော်တွေ၊ စက်လှေတွေနဲ့ လာရောက်သယ်ယူကြပြီး အသုံးပြုကြပါတယ်”ဟု မြိတ်ကျွန်းစုလေ့လာရေးခရီးစဉ်ဧည့်လမ်းညွှန်တစ်ဦးဖြစ်သည့် ကိုဘိုဘို ကရှင်းပြသည်။

မြိတ်မြို့မှ နံနက် ၈ နာရီတွင် စတင်ထွက်ရှိသည့် မြိတ်ကျွန်းစုလေ့လာရေးတစ်ရက်တာခရီးစဉ်သည် ရေပျော်တိုင်းရင်းသား မော်ကင်း (ဆလုံ)လူမျိုးအချို့ယနေ့တိုင်နေထိုင်ဆဲဖြစ်သည့် ဒုံးညောင်မိုင်းကျေးရွာနှင့် ဒုံးရေတံခွန်တို့အား အဓိကထားကာ မြိတ်ကျွန်းစုအလှသဘာဝများ၊ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့များ၊ ပင်လယ်ရေအောက်တွင် ကျက်စားပျော်ပါးကြသည့် ရေနေသတ္တဝါများ၏ သဘာဝအလှများအား လေ့လာနိုင်ပြီး ညနေ ၅ နာရီခန့်တွင် ပြီးဆုံးမည်ဖြစ်ကာ ခရီးသည်အနည်းအများပေါ်မူတည်လျက် တစ်ဦးလျှင် ငွေကျပ်ရှစ်သောင်းမှ ငွေကျပ်တစ်သိန်းခန့် ကျသင့်မည်ဖြစ်သည်။ လေ့လာရေးခရီးစဉ်နှင့်အတူ အစားအသောက်များ၊ ရေငုပ်ကိရိယာများကိုလည်း လိုလေသေးမရှိဖြည့်ဆည်းပေးထားသည်မှာ မြန်မာ့ခရီးသွားလုပ်ငန်းစဉ်တိုးတက်ရေးအတွက် အလားအလာကောင်းများ ဖြစ်လေသည်။

ထို့အပြင် ဒုံးညောင်မိုင်းကျေးရွာရှိ မော်ကင်း (ဆလုံ) တိုင်းရင်းသား ရင်သွေးငယ်လေးများ ပညာရည်နို့သောက်စို့သင်ကြားလျက်ရှိသည့် အခြေခံပညာမူလတန်းကျောင်းတွင် မော်ကင်း (ဆလုံ) ရင်သွေးငယ် ၁၁၀ ခန့်အတွက်လည်း စာရေးကိရိယာနှင့် အာဟာရဒါနပြုနိုင်သည့်အတွက် မြိတ်ကျွန်းစုခရီးစဉ်အတွက် ပိုမို၍ အလှပန်းတင့်စေလေသည်။

မိုးလေကင်းစင်သည့် ပွင့်လင်းရာသီတွင် နေ့စဉ်ခရီးသည် ၆၀ မှ ၈၀ အထိ လာရောက်လေ့လာကြသည်။ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များတွင် ခရီးသည် ပိုမိုများပြားစွာလာရောက်လည်ပတ်ကြပြီး အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည်များ နှစ်ရက်တန်သည်၊ သုံးရက်တန်သည် ကျွန်းပေါ်တွင် ညအိပ်နေထိုင်ကြကာ ဒေသခံမော်ကင်း (ဆလုံ)တိုင်းရင်းသားများ၏ လူနေမှုပုံစံနှင့် မြန်မာ့ပင်လယ်ပြင်မှ မြိတ်ကျွန်းစု၏သဘာဝ



အလှများမှာ တစ်ခါရောက်ဖူးလျှင် အကြိမ်ကြိမ်ထပ်ခါ သွားရောက်ချင်သည်အထိ ဖမ်းစားနိုင်သည့် သဘာဝအလှများ ဖြစ်ပေသည်။သန့်ရှင်းလတ်ဆတ်သော ပင်လယ်လေကိုရှူရှိုက်ရင်း ပင်လယ်စာများ တဝစားကာ သဘာဝအလှတရားများကို ပြည့်ဝနှစ်ခြိုက်စွာ ခံစားနိုင်စေရန်အတွက် တစ်ခါတစ်ခေါက်လာရောက်လေ့လာကြပါရန် ဖိတ်ခေါ်လိုက်ရပါတော့သည်။ ။

**“ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များတွင် ခရီးသည်ပိုမိုများပြားစွာ လာရောက်လည်ပတ်ကြပြီး အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည်များ နှစ်ရက်တန်သည်၊ သုံးရက်တန်သည် ကျွန်းပေါ်တွင် ညအိပ်နေထိုင်ကြကာ ဒေသခံမော်ကင်း (ဆလုံ) တိုင်းရင်းသားများ၏ လူနေမှုပုံစံနှင့် မြန်မာ့ပင်လယ်ပြင်မှ မြိတ်ကျွန်းစု၏သဘာဝ အလှများမှာ တစ်ခါရောက်ဖူးလျှင် အကြိမ်ကြိမ်ထပ်ခါ သွားရောက်ချင်သည်အထိ ဖမ်းစားနိုင်သည့် သဘာဝအလှများဖြစ်”**

# တိုက်တွန်းနှိုးဆော်ချက်

မြန်မာနိုင်ငံသမိုင်းကြောင်း၏ နေ့ထူးနေ့မြတ်ဖြစ်သော (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်လေ့ရှိပါသည်။ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အချုပ်အခြာအာဏာပိုင်စိုးမှုဖြစ်သော မြန်မာ့လွတ်လပ်ရေးကို နယ်ချဲ့တို့လက်မှ ပြန်လည်ရယူနိုင်ခဲ့သည့် မမေ့အပ်သော နေ့တစ်နေ့လည်းဖြစ်ပါသည်။ မိမိတို့တိုင်းရင်းသားလူမျိုးအားလုံး၏ အသက်သွေး၊ ချွေးဖြင့် ရင်းနှီးပေးဆပ်ရယူခဲ့ရသော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုသောအားဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မိမိတို့၏ ရုံး၊ ကျောင်း၊ ဌာနဆိုင်ရာအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ၊ ပုဂ္ဂလိကပိုင်နေအိမ်များ၌ မြန်မာနိုင်ငံတော်အလံအား လွှင့်ထူသွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# သတိပေးနှိုးဆော်ချက်

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲအချိန်မှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၃ နာရီခွဲအချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်း အထိလည်းကောင်း။

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်း အထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလ လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှ လာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနား လမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြ ပါရန်။

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်း ကြားရှိ ကုန်သည်လမ်းပေါ်တွင်လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင် လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## လွတ်လပ်ရေးနေ့ည ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်များ ရန်ကုန်မြို့တော်ခန်းမရှေ့၌ တင်ဆက်မည်

**ရန်ကုန် ဇန်နဝါရီ ၃**

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်ကို အဆိုပါရက်ညပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ အနုပညာရှင်များ၏ အပျိုတော်၊ ကိုကြီးကျော်(သဘင်)၊ မြင်းခင်းတော်(သဘင်)၊ မြန်မာ့ကြွေးကြော်သံ(ဂီတ)၊ ပြည်တော်ဝင်(ဂီတ)၊ နှစ်ပါးသွား (သဘင်)၊ ခေတ်(၅)ခေတ် ယိမ်းအက(သဘင်)၊ ဗိုလ်ရှုသဘင်(ဂီတ)၊ ဂီတဗိမာန်(ဂီတ)၊ ပန်းရည်ဘဏ်တိုက်(သဘင်)၊ ထာဝရမြန်မာ၊ သံစုံတီးဝိုင်းနှင့် အဆိုအက(ဂီတ+သဘင်)၊ အငြိမ့်ခန်းတို့အပြင် နိုင်ငံကျော်အဆိုတော်များဖြစ်သည့် ခင်ညွန့်ရီ၊ မောင်သိန်းဝင်း၊ တက္ကသိုလ်လဲ့လဲ့၊ ဟေမာနေဝင်းနှင့် ဖိုးသောကြာတို့ကလည်း ပါဝင်ဖျော်ဖြေတင်ဆက် သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ယနေ့ နံနက် ၁၀ နာရီက ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့ တက်ရောက်ဖွင့်လှစ်၍ အမှာစကား ပြောကြားသည်။ ထို့နောက် ရုံးရှေ့တွင် ပြသထားသော လွတ်လပ်ရေးနေ့ မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင်များ၊ ကဗျာများ၊ အဆိုအမိန့်များကို တက်ရောက်လာသူများနှင့် ပျော်ပွဲရွှင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် အမက(၁) ကမာရွတ်မှ ကျောင်းသား ကျောင်းသူလေးများက လှည့်လည် ကြည့်ရှုခဲ့ကြသည်။



ကျောင်းသား ကျောင်းသူလေးများအတွက် ပျော်ပွဲရွှင်ပွဲများ ဆက်လက်ကျင်းပရာ အမက (၁) ကမာရွတ်မှ ကျောင်းသား ကျောင်းသူလေးများက အကျီဝတ်ပြိုင်ပွဲ၊ ပူဖောင်းဖောက်၊ အပ်နဖားထိုး၊ ဘောလုံးပစ်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - ထိန်လင်း**



ဂွမြို့နယ် အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူးကျင်းပသော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နဂါးလှေလှော်ပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်က ဂွမြို့ရွာမကမ်းနားပင်လယ်ကမ်းစပ်၌ ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများအား စတင်တာလွှတ်ပေးစဉ်။

**မြို့နယ်(ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဖြစ်ကြသော ဖူဆယ်၊ လွန်ဆွဲ၊ ထုပ်ဆီးတိုး (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲများ၏ တတိယလုပွဲနှင့် ဗိုလ်လုပွဲများကို ယနေ့နံနက် ၈ နာရီမှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားကွင်း၊ ရုံးအသီးသီးတွင် ကျင်းပသည်။

ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်း၌ ကျင်းပသော ထုပ်ဆီးတိုးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

လွန်ဆွဲပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် အမျိုးသားပွဲစဉ်များအဖြစ် ပြည်ထောင်စုရာထူးဝန်အသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကြရာ ပြည်ထောင်စုရာထူးဝန်အသင်းကလည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကြရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက လည်းကောင်း၊ အမျိုးသမီးပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အသင်းတို့ ယှဉ်ပြိုင်ကြရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းကလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းကလည်းကောင်း အသီးသီး အနိုင်ရရှိသည်။

ဖူဆယ်အားကစားရုံ၌ တတိယလုပွဲအဖြစ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကြရာ ကျန်းမာရေးနှင့်အာကစားဝန်ကြီးဌာနအသင်းက လေးဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းတို့ ယှဉ်ပြိုင်ကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငါးဂိုး-လေးဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ဇန်နဝါရီ ၄ ရက် လွန်ဆွဲပြိုင်ပွဲတွင် (အမျိုးသမီး) တတိယလုပွဲအဖြစ် ပြည်ထောင်စုရာထူးဝန် အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ (အမျိုးသား) တတိယလုပွဲအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းသည်လည်းကောင်း၊ (အမျိုးသမီး) ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်း၊ (အမျိုးသား) ဗိုလ်လုပွဲအဖြစ် ပြည်ထောင်စုရာထူးဝန်အသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့သည် အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သဖြင့် အားကစားကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## အင်းစိန်မြန်မာ့စီးပွားရေးဘဏ်တွင် တိုးမြှင့်ပင်စင်များအချိန်မီထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာတစ်ပြည်လုံးတွင် ပင်စင်ထုတ်ယူမှုအများဆုံး ဘဏ်တစ်ခုဖြစ်သော ရန်ကုန်မြို့အင်းစိန်ဘဏ်တွင် မြို့ပြပင်စင်နှင့် ကာကွယ်ရေးပင်စင်အတွက် ပင်စင်စား သုံးသောင်းကျော်ကို လစဉ်ပင်စင်လစာထုတ်ပေးလျက်ရှိရာ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် တိုးမြှင့်ပင်စင်လစာအမီထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့ပြပင်စင်နှင့် ကာကွယ်ရေးပင်စင်စားများအတွက် တိုးမြှင့်ပင်စင်ကိုတွက်ချက်ရာတွင် တပ်မတော်ပင်စင်စားတို့အတွက် CMA မှ ဝန်ထမ်းများက အင်းစိန်ဘဏ်တွင် ဇန်နဝါရီ ၂ ရက်မှစ၍ ဇန်နဝါရီ ၁၁ရက်အပြီး လူဦးရေအလိုက် တွက်ချက်ဆောင်ရွက်လျက်ရှိပြီး မြို့ပြပင်စင်စားများအတွက် တွက်ချက်ထားသော နှုန်းသစ်တိုးမြှင့်ပင်စင်လစာအတိုင်း ဇန်နဝါရီလတွင် ထုတ်ပေးနိုင်ရန် ပင်စင်ဦးစီးဌာန CMA နှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

“ပင်စင်ဦးစီးဌာနက စာရင်းနဲ့ CMA က စာရင်းရောက်လာပြီဆိုရင် ဘဏ်က တိုးမြှင့်ပင်စင်လစာကို ထုတ်ပေးလို့ရပါပြီ။ အင်းစိန်ဘဏ်မှာ မြို့ပြပင်စင်စား တစ်သောင်းကျော်နဲ့ ကာကွယ်ရေးပင်စင် နှစ်သောင်းကျော်၊ နိုင်ငံရေး ပင်စင် ၃၀၀ နီးပါးရှိတယ်။ တွက်ချက်ပြီးလို့ ရောက်လာတဲ့ စာရင်းအတိုင်း ထုတ်ပေးသွားမှာပါ။ မပါလာသေးတဲ့သူရှိရင်လည်း စာရင်းဆက်ပြီး ရောက်လာတာနဲ့ ချက်ချင်းထုတ်ပေးသွားမှာပါ”ဟု အင်းစိန်ဘဏ်မန်နေဂျာ ဦးတင်နုအောင်က ပြောသည်။

တိုးမြှင့်ပင်စင်လစာ ထုတ်ပေးရာတွင် မြန်မာတစ်ပြည်လုံးရှိ ဘဏ်များရင်ဆိုင်ရမည့် အခက်အခဲတစ်ခုမှာ ပင်စင်စားအချို့ မိမိပင်စင်ကိုတစ်ဝက်ရောင်းချထားသူများရှိရာ တိုးမြှင့်လစာတွင် အပြည့်မရရှိပါက ဘဏ်များက ပြန်လည်ဖြေရှင်းရခြင်း၊ အချို့မှာဘဏ်စာအုပ် (သို့) စမတ်ကတ်အားပေါင်နှံထားသူများလည်းရှိရာ တိုးမြှင့်လစာထုတ်ပေးရာတွင် ပေါင်နှံထားသော စာအုပ်အား စာအုပ်ပျောက်ဆုံးဟူ၍ အသစ် ပြန်လည်လျှောက်ထားခြင်းကြောင့် ပေါင်နှံသူနှင့် အပေါင်ခံသူတို့၏ ပြဿနာများရှိနေကြောင်းလည်း သိရသည်။

**သန်းထိုက်**

**ဓာတ်ပုံ -သန်းစိုး**



တိုးမြှင့်ပင်စင်လစာနှင့် ပတ်သက်သည့် ဘဏ်ကြေညာချက်များအား ပင်စင်ထုတ်ယူသူများက လေ့လာဖတ်ရှုနေစဉ်။

# Myanmar Cyber Security Challenge 2019 ပြိုင်ပွဲ နေပြည်တော်၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူငယ်များအကြား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာ ပြန့်ပွားစေရန်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ တိုးတက်လာစေရန် ရည်ရွယ်လျက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးပြီး Myanmar Cyber Security Challenge 2019 ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ Myanmar Cyber Security Challenge 2019 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော အသင်းများအတွက် ပြိုင်ပွဲဝင်လျှောက်လွှာများကို ဒီဇင်ဘာလဆန်းမှစ၍ ထုတ်ပေးလျက်ရှိပြီး ပြိုင်ပွဲဝင်လျှောက်လွှာများကို ဆိုက်ဘာလုံခြုံရေးဗဟိုဌာန မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့(mmCERT)၏ ဝက်ဘ်ဆိုက် www.mmcert.org.mm တွင် ဒေါင်းလုပ်ရယူနိုင်ကြောင်း၊ ပြိုင်ပွဲဝင်လျှောက်လွှာများကို ဇန်နဝါရီ ၁၀ ရက်ထက် နောက်မကျစေဘဲ မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့(mmCERT)၊ Oversea Communications Building ၊ ကမ္ဘာ့အေးဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်သို့ လူကိုယ်တိုင်ဖြစ်စေ၊ အီးမေးလ် mcsc2019@ncsc.gov.mm သို့ဖြစ်စေ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် Myanmar Cyber Security Challenge 2019 ပြိုင်ပွဲတွင် ဆုချီးမြှင့်မည့် အစီအစဉ်ကို ယခင်ဆုကြေးငွေများထက်တိုး၍ သတ်မှတ်ထားပြီး ပထမဆုကို ယခင်က ကျပ် ၁၀ သိန်းမှ ယခု ကျပ် ၁၅ သိန်း၊ ဒုတိယဆုကို ယခင်က ကျပ်ခုနစ်သိန်းမှ ယခု ကျပ် ၁၀ သိန်းနှင့် တတိယဆုကို ယခင် ကျပ်ငါးသိန်းမှ ယခု ကျပ်ခုနစ်သိန်းဟု ပြောင်းလဲသတ်မှတ်ထားကြောင်း သိရသည်။



ပြီးခဲ့သည့် Myanmar Cyber Security Challenge 2018 ပြိုင်ပွဲမှ ပြိုင်ပွဲဝင်များ

ပြိုင်ပွဲတွင် Web Securtiy, Forensics, Cryptogra-phy, Problem Solving, Reverse Engineering နှင့် Binary Exploits ဟု ကဏ္ဍခြောက်ခုကို ဖြေဆိုကြရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်မည့်အသင်းဝင်များသည် မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ကာ လက်ရှိတွင် တက္ကသိုလ်တစ်ခုခု၌ တက်ရောက်၍ ပညာသင်ကြားနေသူဖြစ်ရမည်ဖြစ်ကြောင်း၊ မည်သည့်တက္ကသိုလ် တက်ရောက်နေသူဖြစ်စေ အသက်ကန့်သတ်ချက်မရှိဘဲ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲတွင် အသင်းပေါင်း ၂၀ သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး တစ်သင်းလျှင် သုံးဦးပါဝင်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်သုံးဦးမပြည့်သည့် အသင်းများနှင့် အချက်အလက်ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသည့် အသင်းများကို လက်ခံမည်မဟုတ်ကြောင်း၊ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် စာရင်းပေးထားပြီးမှ လာရောက်ယှဉ်ပြိုင်ခြင်းမရှိသည့် ပြိုင်ပွဲဝင်များအား ပြိုင်ပွဲယှဉ်ပြိုင်ခွင့် ရာသက်ပန် ပိတ်ပင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပထမဆုရရှိသည့်အသင်းမှ အမှတ်အများဆုံး ပြိုင်ပွဲဝင်နှစ်ဦးအား စင်ကာပူတွင်ကျင်းပမည့် Singapore Cyber Conquest ပြိုင်ပွဲသို့ စေလွှတ်မည်ဖြစ်ကြောင်း၊ လာရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအနေဖြင့် နေပြည်တော် ကောင်စီ စည်ပင်ရိပ်သာတွင် တည်းခိုနိုင်ရေးနှင့် ပြိုင်ပွဲကျင်းပမည့်ရက်တွင် သွားလာရေးအတွက် ကြိုပို့ယာဉ်များကို ပြိုင်ပွဲကျင်းပရေးကော်မတီက စီစဉ်ပေးသွားမည်ဖြစ်ပြီး တည်းခိုစရိတ်နှင့် သွားလာစရိတ်များကိုလည်း ကော်မတီမှ ကျခံပေးသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအကြောင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၀၉၉၁၊ ၀၁-၆၅၆၆၈၅ သို့ ဆက်သွယ်မေးမြန်းနိုင်သလို mmCERT ၏ ဖေ့စ်ဘုတ်စာမျက်နှာ facebook.com/mmcert.team တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ဆိုက်ဘာရာဇဝတ်မှုများ၊ ဆိုက်ဘာခြိမ်းခြောက်မှုများ တိုးတက်များပြားလာသည့်အတွက် မြန်မာနိုင်ငံမှ လူငယ်လူရွယ်များအနေဖြင့် ဆိုက်ဘာလုံခြုံရေး၏ အရေးပါမှုကို သိရှိလာခြင်း၊ လူငယ်များအနေဖြင့် သတင်းအချက် အလက်လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာပြီး ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ပတ်သက်၍ ကာကွယ်နိုင်မည့်နည်းလမ်းများကို ပိုမိုသိရှိစေခြင်း၊ နိုင်ငံတကာ၏ စံသတ်မှတ်ချက်များနှင့်အညီ ထုတ်ထားသော မေးခွန်းများကို ဖြေဆိုခြင်းဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## အူရီဒူးကွန်ရက်ကို ဆိုက်ဘာတိုက်ခိုက်မှုများမှကာကွယ်ရန် နိုကီယာ၏ လုံခြုံရေးဝန်ဆောင်မှုများ စတင်သုံးစွဲ

**ရန်ကုန် ဇန်နဝါရီ ၃**

အူရီဒူးမြန်မာအနေဖြင့် ၎င်း၏ဆက်သွယ်ရေးနှင့် ICT အခြေခံအဆောက်အအုံများကို ဆိုက်ဘာခြိမ်းခြောက်မှုများမှ ကာကွယ်ရန်အတွက် နိုကီယာ၏ လုံခြုံရေးဝန်ဆောင်မှုများကို အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ကွန်ရက်ကို အဘက်ဘက်မှ လုံခြုံမှု အပြည့်အဝရှိစေရန်နှင့် လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ဝန်ဆောင်မှုများကို နိုကီယာက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr.Vikram Sinha က "ကျွန်တော်တို့ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းရမယ့် ထိရှလွယ်တဲ့ သတင်းအချက်အလက်များနဲ့ ပုဂ္ဂိုလ်ရေးအချက်အလက်များဟာ ကျွန်တော်တို့ရဲ့ ကွန်ရက်ပေါ်မှာ များပြားစွာရှိပါတယ်၊ နိုကီယာဟာ ကျွန်တော်တို့ကွန်ရက်ရဲ့ လုံခြုံမှုကို အပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်ခြင်းနဲ့ ဘယ်ချိုးဖောက်နှောင့်ယှက်မှုမျိုးကိုမဆို ခေတ်မီနည်းစနစ်များ အသုံးပြုပြီး ကာကွယ်နိုင်ခြင်းကြောင့် ရွေးချယ်ရခြင်း ဖြစ်ပါတယ်"ဟု ပြောသည်။

ကွန်ရက်များပေါ်တွင် ဆန်းသစ်သည့်နည်းပညာများကို အသုံးပြုသည့် malware များဖြင့် တိုက်ခိုက်မှုများ တိုးပွားလာနေပြီး ပုံမှန် သမားရိုးကျ တားဆီးမှုများဖြင့် ကာကွယ်ရန် မဖြစ်နိုင်တော့သဖြင့် ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်သည့် အူရီဒူးမြန်မာအနေဖြင့် ပြည့်စုံသော လုံခြုံရေးဝန်ဆောင်မှုများရရှိနိုင်ရန် နိုကီယာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## Realme စမတ်ဖုန်း အမှတ်တံဆိပ်သစ် မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံမှ စမတ်ဖုန်းသုံးစွဲသူများ ကြိုက်နှစ်သက်မည့် Realme အမည်ဖြင့် အသွင်သစ်ဆန်းသော စမတ်ဖုန်း အမျိုးအစားသစ်တစ်မျိုး ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီဖြစ်ကာ အဆိုပါ စမတ်ဖုန်းသစ် မိတ်ဆက်ပွဲကို ဇန်နဝါရီ ၁ ရက်က ရန်ကုန်မြို့ Melia ဟိုတယ်၌ ကျင်းပခဲ့သည်။ မိတ်ဆက်ပွဲသို့ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်၊ ယွန်းယွန်း၊ ကောင်းမြတ်စံ၊ X-Box နှင့် MMA ကစားသမား အောင်လအန်ဆန်တို့ တက်ရောက်ခဲ့သည်။

Realme စမတ်ဖုန်းသည် ကြီးမားသော မျက်နှာပြင်၊ ကြာရှည်ခံ ဘက်ထရီစနစ်များနှင့်ပေါင်းစပ်၍ ခေတ်ပေါ်ဒီဇိုင်းဆန်းများအဖြစ် ဖန်တီးထားသလို ဈေးနှုန်းအနေဖြင့်လည်း မြန်မာနိုင်ငံမှ စမတ်ဖုန်းသုံးစွဲသူများ အဆင်ပြေစေရန် သက်သာသော ဈေးနှုန်းများဖြင့် ပြင်ဆင်ထုတ်လုပ်ထားသည်။ Realme တံဆိပ် ဖုန်းများဖြစ်သော Realme M2 Pro နှင့် Realme C1 တို့ကို အိန္ဒိယနိုင်ငံ၌ တရားဝင်မိတ်ဆက်ခဲ့ရာ အောင်မြင်မှုများ ရခဲ့ပြီးဖြစ်ကြောင်း၊ ဖုန်းများသည် မျက်နှာပြင်ကြီးမားသကဲ့သို့ လူငယ်များဂိမ်းကစားရာတွင် အဆင်ပြေနိုင်သည့် ပါဝါသိုလှောင်စွမ်းအားမြင့်မားသော အမျိုးအစားဖြစ်ကာ ကင်မရာပိုင်းတွင်လည်း အထူးကောင်းမွန်အောင် လုပ်ဆောင်ထားကြောင်း သိရသည်။

**မိုးမခ**



## တယ်လီနောသုံးစွဲသူများ VoLTE ဝန်ဆောင်မှုကို စတင်အသုံးပြုနိုင်ပြီ

**ရန်ကုန် ဇန်နဝါရီ ၃**

နိုင်ငံတစ်ဝန်းရှိ တယ်လီနော 4G/LTE ကွန်ရက်ကို အသုံးပြုသူများသည် အသံအရည်အသွေး ပိုမြင့်ပြီး ကြည်လင်ပြတ်သားသော VoLTE(Voice over LTE) ဝန်ဆောင်မှုကို ဒီဇင်ဘာ ၂၈ ရက်မှစ၍ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်းနှင့် အဆိုပါဝန်ဆောင်မှုအရ ခေတ်မီနည်းပညာတစ်ခုဖြစ်သည့် VoLTE စနစ်ကို ထောက်ပံ့ပေးနိုင်သည့် ဟန်းဆက်များတွင် VoLTE ဖုန်းခေါ်ဆိုမှုများကို တယ်လီနောသုံးစွဲသူများကိုယ်တိုင် ပြုလုပ်သွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောမြန်မာ၏ VoLTE ဝန်ဆောင်မှုများကို သုံးစွဲလိုသည့် တယ်လီနောဆင်းကတ် အသုံးပြုနေသူများသည် VoLTE ဝန်ဆောင်မှုကို အခမဲ့ ရယူအသုံးပြုနိုင်မည်ဖြစ်ပြီး နံပါတ် *979*5*8# သို့ ဖုန်းခေါ်ဆို၍ ဝန်ဆောင်မှုရယူလိုပါက နံပါတ် ၂ ကိုရွေးချယ်ပြီး ရယူနိုင်မည်ဖြစ်ကာ ဝန်ဆောင်မှုကိုရပ်ဆိုင်းလိုပါက နံပါတ် ၁ ကိုရွေးချယ်၍ ရပ်ဆိုင်းနိုင်မည်ဖြစ်သည်။

ဝန်ဆောင်မှုများကို အသုံးပြုရာတွင် VoLTE စနစ်ကို ထောက်ပံ့ပေးနိုင်သည့် ဖုန်းများဖြင့်သာ အသုံးပြုနိုင်မည်ဖြစ်ပြီး လက်ရှိတွင် ပြည်တွင်း၌ရောင်းချနေပြီး တယ်လီနော၏ VoLTE စနစ်ကို အပြည့်အဝသုံးစွဲနိုင်သည့် စမတ်ဖုန်းများမှာ Samsung ၏ Note 8, Note 9, S8, S8+, S9, S9+ , A8 star , A8, J8 နှင့် A6 ဖုန်းများ၊ Huawei ၏ P10, P10 PLUS, Mate 9, Mate 10 Pro, P20, P20 Pro, Y9 2019, Mate 20, Mate 20 Pro, Y Max, Nova 3, Nova 3i, Nova 3e နှင့် Nova 2i စမတ်ဖုန်းများ၊ Xiaomi ၏ Redmi 6A, Redmi 6, Redmi Note6 pro, Mi 8 lite နှင့် Mi max 3 စမတ်ဖုန်းများနှင့် Vivo V9 စသည့် စမတ်ဖုန်းများဖြစ်ကြောင်း သိရသည်။

တယ်လီနောမြန်မာ၏ နည်းပညာဆိုင်ရာအရာရှိချုပ် Jai Prakash က "ကျွန်တော်တို့ရဲ့ VoLTE ဝန်ဆောင်မှုကို အသုံးပြုပြီးတော့ နိုင်ငံတစ်ဝန်းက တယ်လီနောရဲ့ 4G/LTE ကွန်ရက်အသုံးပြုသူအားလုံးဟာ အင်တာနက်သုံးနေစဉ်မှာပဲ ဖုန်းခေါ်ဆိုမှုတွေကို အထစ်အငေါ့မရှိ ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်၊ အခုအချိန်မှာ ကျွန်တော်တို့ရဲ့ 4G/LTE ကွန်ရက်ဟာ မြန်မာနိုင်ငံမှာရှိတဲ့ မြို့နယ်အားလုံးရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို လွှမ်းခြုံထားနိုင်ပြီဖြစ်တာကြောင့် တယ်လီနောအသုံးပြုသူတွေအနေနဲ့ နိုင်ငံရဲ့နေရာတိုင်းလိုလိုမှာ အင်တာနက်အသုံးပြုနေရင်း ဖုန်းခေါ်ဆိုတာတွေကို အဆင်ပြေချောမွေ့စွာနဲ့ တစ်ပြိုင်နက် ပြုလုပ်သွားနိုင်တော့မှာပါ"ဟု ပြောကြားသည်။

VoLTE ဆိုသည်မှာ ဖုန်းခေါ်ဆိုမှုများကို ပုံမှန် 2G သို့မဟုတ် 3G ကွန်ရက်များမှတစ်ဆင့် ခေါ်ဆိုသကဲ့သို့ မဟုတ်ဘဲ 4G/LTE ကွန်ရက်မှတစ်ဆင့် ခေါ်ဆိုရသည့် စနစ်ဖြစ်ပြီး LTE ကွန်ရက်မှတစ်ဆင့် Internet Protocol-IP ပေါ်တွင် အခြေခံထုတ်လွှတ်ပေးသည့် digital packet ဖုန်းခေါ်ဆိုခြင်း ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ VoLTE စနစ်ကို အသုံးပြုခြင်းဖြင့် LTE ကွန်ရက် ထောက်ပံ့ပေးသော အင်တာနက်ဒေတာ စီးဆင်းနှုန်းအတိုင်း ဖုန်းခေါ်ဆိုမှုဒေတာများ စီးဆင်းစေရန် ဖန်တီးထားသည့်အတွက် သာမန်ကွန်ရက်ဖုန်းခေါ်ဆိုမှုထက် အားသာချက်များစွာ ရှိမည်ဖြစ်သည်။

သာမန် LTE ကွန်ရက်ကို အသုံးပြုသူများသည် ဖုန်းခေါ်ဆိုမှုပြုလုပ်နေစဉ် အင်တာနက်ဒေတာ အသုံးပြုမှုကို ဖွင့်ထားမည်ဆိုပါက ဖုန်းခေါ်ဆိုမှုအရည်အသွေးမှာ လျော့ကျသွားမည်ဖြစ်သလို အင်တာနက်မှာလည်း 2G/3G သို့ ကျဆင်းသွားမည်ဖြစ်သည်။ VoLTE စနစ်တွင်မူ 4G/LTE ကွန်ရက်ပေါ်တွင် ဒေတာနှင့် ဖုန်းခေါ်ဆိုမှု နှစ်မျိုးစလုံးကို ထောက်ပံ့ပေးထားသည့်အတွက် မည်သို့သောအခြေအနေတွင်ဖြစ်စေ ဖုန်းခေါ်ဆိုသည့်အခါ အင်တာနက်ဒေတာကို 2G/3G သို့ ပြန်လည်ကျဆင်းသွားစေမည်မဟုတ်ဘဲ ဖုန်းခေါ်ဆိုမှုပြုလုပ်ရာတွင် ကြာမြင့်ချိန်(call setup time)ကိုလည်း ဖုန်းခေါ်ဆိုမှုအမျိုးအစား(VoLTE ကွန်ရက်မှ VoLTE ကွန်ရက် သို့မဟုတ် VoLTE ကွန်ရက်မှ အခြားကွန်ရက် သို့မဟုတ် VoLTE ကွန်ရက်မှ ကြိုးဖုန်းများ) အပေါ် မူတည်၍ လျှော့ချပေးသွားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် VoLTE စနစ်ဖြင့် ပိုမိုကောင်းမွန်သော ဖုန်းခေါ်ဆိုမှုအရည်အသွေးကို ရရှိနိုင်မည့်အပြင် အင်တာနက်အသုံးပြုလျှင်လည်း အထစ်အငေါ့မရှိသော အင်တာနက်အရည်အသွေးကို ရရှိမည်ဖြစ်၍ အွန်လိုင်းဂိမ်းများ ကစားရာတွင်လည်းကောင်း၊ ဒေါင်းလုပ်ဆွဲရာတွင်လည်းကောင်း ပြတ်တောက်သွားခြင်းမျိုးမရှိဘဲ မြန်ဆန်သောအင်တာနက်ကို တည်ငြိမ်စွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## Mytel နှင့် အငှားကားဝန်ဆောင်မှု အက်ပလီကေးရှင်း ကုမ္ပဏီ FastGo တို့ ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် ဇန်နဝါရီ ၃**

ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်သည့် Mytel သည် မြန်မာနိုင်ငံ၏ အငှားကားဝန်ဆောင်မှု လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ရန်အတွက် ဗီယက်နမ်အခြေစိုက် အငှားကားဝန်ဆောင်မှု အက်ပလီကေးရှင်းကုမ္ပဏီ FastGo နှင့် ပူးပေါင်း၍ ပြည်တွင်း၌ ဝန်ဆောင်မှုပေးအပ်နိုင်ရန် ဇန်နဝါရီ ၂ ရက်က MoU လက်မှတ်ရေးထိုးခဲ့ပြီး Mytel အနေဖြင့် FastGo ကုမ္ပဏီနှင့် ပူးပေါင်း၍ အငှားယာဉ်မောင်း ၁၀၀၀၀၀ ကျော်ဖြင့် ၂၀၁၉ ပထမ သုံးလပတ်အတွင်း စတင်ကာ ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများတွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ MoU အရ Mytel အနေဖြင့် မြန်မာနိုင်ငံရှိ FastGo အငှားယာဉ်မောင်းနှင့် FastGo ခရီးသည်များအား 2G/4G မိုဘိုင်းလ်ဝန်ဆောင်မှုများ ပေးအပ်သွားမည်ဖြစ်သည့်အပြင် FastGo အက်ပလီကေးရှင်း အသုံးပြုသူ အငှားယာဉ်မောင်းနှင့် ခရီးသည်များအား Mytel ၏ ပူးတွဲ e-wallet ဝန်ဆောင်မှုကို ငွေပေးချေမှု ပလက်ဖောင်းတစ်ခုအနေဖြင့်လည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထိုပူးပေါင်းမှုအရ အငှားယာဉ်မောင်းများအနေဖြင့် ခံစားခွင့်များစွာသာမက e-wallet ကိုလည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အငှားယာဉ်မောင်းများအနေဖြင့် e-wallet စနစ် အသုံးပြုခြင်းဖြင့် ငွေကြေးကိစ္စများအတွက် ဘဏ်များသို့သွားရောက်ချိန် သက်သာစေပြီး နီးစပ်ရာ Mytel အရောင်းဆိုင်များတွင် ငွေကြေးဝန်ဆောင်မှုများကို လွယ်ကူစွာ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ Mytel အနေနဲ့ FastGo ကုမ္ပဏီနဲ့ ပူးပေါင်းမှု MoU လက်မှတ်ရေးထိုးရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်၊ Mytel နဲ့ FastGo ကုမ္ပဏီနှစ်ခုက မိမိတို့နယ်ပယ်မှာရှိတဲ့ အားသာချက်တွေကို အရင်းခံပြီး မြန်မာနိုင်ငံမှာရှိတဲ့ ဈေးကွက်တိုးတက်မှု ရရှိအောင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ FastGo ကပေးတဲ့ ခံစားခွင့်တွေကို ယာဉ်မောင်းတွေသာမက ခရီးသည်တွေပါရရှိအောင် Mytel အနေနဲ့ အလေးပေးဆောင်ရွက်သွားမှာပါ၊ ကျွန်တော်တို့အနေနဲ့ နောင်အနာဂတ်မှာလည်း FastGo နဲ့အတူ express ဝန်ဆောင်မှုအပြင် ဈေးကွက်စီမံကိန်းများကို ပူးပေါင်းလုပ်ဆောင်သွားဖို့ရှိပါတယ်"ဟု Mytel ၏ ပြင်ပဆက်ဆံရေးအမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးက ပြောကြားသည်။

FastGo ခရီးသည်များသည် မိမိတို့ FastGo account များ ငွေဖြည့်ရန် Mytel အရောင်းဆိုင်များတွင် သွားရောက်ပြုလုပ်နိုင်ပြီး Mytel နှင့် FastGo ဝန်ဆောင်မှုနှစ်မျိုးလုံးမှ ခံစားခွင့်များ ရရှိမည်ဖြစ်ကြောင်း၊ Mytel အနေဖြင့် ယာဉ်မောင်းနှင့် ခရီးသည်ကြား ဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် လမ်းကြောင်းတစ်ခုအဖြစ် နှစ်ဦးနှစ်ဖက်လုံးကို ပံ့ပိုးပေးပြီး ခရီးသည်များတိုးပွားလာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ဘားအံမြို့နယ်မှ စပါးစိုက်ခင်းများအတွက် မြစ်ရေတင်ခြောက်ခုမှ စိုက်ပျိုးရေနှင့် အောင်ရေများ ပေးဝေလျက်ရှိ

**ဘားအံ ဇန်နဝါရီ ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း မိုးရွာသွန်းမှုများပြီး ရေကြီးရေလျှံမှုကြောင့် မိုးစပါးများ ထိခိုက်ပျက်စီးသွားခဲ့သော လယ်မြေများတွင် ရေကျနောက်စိုက်စပါးများကို လယ်မြေများ၊ ရေနက်ကွင်းများတွင် ပြန်လည်စိုက်ပျိုးခဲ့ရသည်။ အဆိုပါ ရေကျနောက်စိုက်စပါးများအတွက် အောင်ရေအခက်အခဲ မကြုံတွေ့စေရန် ဂျိုင်းကျေးရွာ လျှပ်စစ်မြစ်ရေတင်အပါအဝင် မြစ်ရေတင်ခြောက်ခုမှ ရေလုံလောက်စွာ ပေးဝေနိုင်ခဲ့ကြောင်းနှင့် မကြာမီ နွေစပါးများ စတင်စိုက်ပျိုးသည့်အခါ အဆင်သင့် ရေပေးဝေနိုင်ရေးအတွက်လည်း တောင်သူများနှင့် ညှိနှိုင်းပြီး ကွင်းဆင်းဆောင်ရွက်ထားကြောင်း ကရင်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ကရင်ပြည်နယ်အတွင်း ၂၀၁၈ နှစ်လယ်ပိုင်းက မိုးများခြင်းနှင့် ရက်ရှည်ရေကြီးမှုကြောင့် မိုးစပါးစိုက်ဧက ၃၄၀၀၀၀ ကျော်အနက် ဧကငါးသောင်းခွဲနီးပါး ရေနစ်မြုပ်ခဲ့ကာ ထိခိုက်မှု ဧက ၄၂၀၀၀ ကျော်နှင့် ပျက်စီးမှု ဧက သုံးသောင်းကျော် ရှိခဲ့ပြီး အဆိုပါ ထိခိုက်ပျက်စီးသည့် စိုက်ခင်းများအနက် ၁၉၈၅၆ ဧကကို ပြန်လည်စိုက်ပျိုးခဲ့သည်။

ဘားအံမြို့နယ်တစ်ခုတည်းတွင် မိုးစပါးစိုက်ဧက ၁၁၂၀၆၅ ဧကအနက် ရေကြီးနစ်မြုပ်မှု ၄၂၄၈၀ ဧကရှိပြီး ထိခိုက်မှု ၃၃၃၇၃ ဧကနှင့် ပျက်စီးမှု ၂၅၁၃၃ ဧကရှိခဲ့ကာ ပြန်စိုက်ဧကမှာ ၁၄၇၅၅ ဧက ရှိခဲ့သည်။ ရေကြီးနစ်မြုပ်မှုမှာ ရက်ရှည်ဖြစ်ခဲ့သောကြောင့် မိုးစပါးစိုက်လယ်မြေများကို ပြန်လည်ထူထောင်နိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကာ တစ်ပြည်နယ်လုံးအတိုင်းအတာအရ ဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် ဇွန်နှင့် ဇူလိုင်လအတွင်းက မိုးများပြီး ရေကြီးနစ်မြုပ်မှု ရက်ရှည်ဖြစ်ခဲ့သော်လည်း စက်တင်ဘာလလယ်ခန့်မှစ၍ မိုးရွာသွန်းမှု နည်းသွားခဲ့ပြန်သဖြင့် ထိခိုက်ပျက်စီးသွားသော မိုးစပါးစိုက်ပျိုးမြေများနှင့် ရေနက်ကွင်းများတွင် ပြန်လည်စိုက်ပျိုးပြီးစီးသည့် ရေကျနောက်စိုက် စပါးစိုက်ခင်းများမှာ အောင်ရေအခက်အခဲ ထပ်မံကြုံတွေ့ခဲ့ရသည်။ စိုက်ခင်းများအတွက် လိုအပ်သောအောင်ရေ ရရှိရေးအတွက် ချောင်းပိတ်၊ မြောင်းပိတ်၍ ရေတင်ခြင်း၊ ဒီရေ အတက်အကျရှိသည့် ဒေသများတွင် ရေတက်ချိန် ရေစုပ်စက်ငယ်များဖြင့် ရေစုပ်တင်ခြင်းများကို ဆောင်ရွက်မှုများရှိခဲ့ပြီး အချို့ရေမရနိုင်သည့်နေရာများတွင်မူ ဆက်လက်စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ကြောင်း ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

လက်ရှိအချိန်တွင်မူ မိုးစပါးများ ထိခိုက်ပျက်စီးသွားခဲ့သော လယ်မြေများတွင် ပြန်လည်စိုက်ပျိုးသည့် နောက်စိုက်စပါးခင်းများ၌ လိုအပ်သောအောင်ရေ ရရှိရန်အတွက် ဘားအံမြို့နယ်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်များဖြစ်သော တရုတ်လှမြစ်ရေတင်၊ ဘားကပ်မြစ်ရေတင်၊ ထုံးအိုင်မြစ်ရေတင်၊ ဇာသပြင်မြစ်ရေတင်၊ ဂျိုင်းမြစ်ရေတင်နှင့် သံလှယ်မြစ်ရေတင် စသည့် မြစ်ရေတင်စီမံကိန်း ခြောက်ခုဖြင့် နိုဝင်ဘာလမှစတင်ကာ ရေများပေးဝေလျက်ရှိသည်။

ဒေသခံ စပါးစိုက်တောင်သူများအနေဖြင့်လည်း ပြန်စိုက်ခဲ့ရသည့် နောက်ကျစိုက်ခင်းများအတွက် အောင်ရေရရှိရန် မြစ်ရေတင်များမှရေကိုသာ အဓိက အားထားနေရကြောင်း သိရသည်။ ဂျိုင်းကျေးရွာနေ တောင်သူဦးထွန်းငွေက "ကျွန်တော်က ဒီဒေသခံတစ်ဦးဖြစ်ပြီး အသက် ၂၀ အရွယ်ကတည်းက မိရိုးဖလာ လယ်လုပ်စားနေခဲ့ပါတယ်၊ အရင်က မိုးစပါးလုပ်ကိုင်ခဲ့ရာကနေပြီး ခုဆိုရင် မိုးစပါးအပြင် နွေစပါးကိုပါ ၁၀ ဧက လုပ်ကိုင်နေပါတယ်၊ ဒီနှစ်က ရေကြီးလို့ မိုးစပါးပျက်စီးခဲ့တာလည်းရှိလို့ သက်ဆိုင်ရာက မျိုးစပါးရယ်၊ မြေဩဇာရယ် ကူညီပေးတာလည်း ရှိပါတယ်၊ အဲဒီ ပြန်စိုက်ပျိုးခဲ့တဲ့ စပါးတွေအတွက်ရော၊ နောက်စိုက်ပျိုးမယ့် နွေစပါးအတွက်ရော မြစ်ရေတင်ကိုပဲ အားကိုးရတာမို့ အမြဲပဲလိုအပ်ပါတယ်"ဟုပြောသည်။

ယခုနှစ်တွင် မြစ်ရေတင်ခြောက်ခုမှ ရေပေးဝေနိုင်သည့် အကျိုးပြုဧကအဖြစ် ဧက ၁၇၂၀ လျာထားပြီး ဂျိုင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းအနေဖြင့် ယခင် ဒီဇယ်အင်ဂျင်ဖြင့် မြစ်ရေတင်ခြင်းမှ လျှပ်စစ်ဖြင့် မြစ်ရေတင်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က တည်ဆောက်ခဲ့ပြီးဖြစ်ရာ အကျိုးပြုဧက ၆၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်သည်။ ထို့အပြင် လျှပ်စစ်ဖြင့် မြစ်ရေတင်ပေးခြင်းကြောင့် လျာထားချက်ဧကလည်း ပြည့်မီကာ နွေစပါးသာမက ရေကျနောက်စိုက် မိုးစပါးစိုက်ခင်းများအတွက်လည်း ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဘားအံမြို့နယ် ဂျိုင်းကျေးရွာအုပ်စုအတွင်းမှ ရေပေးဝေနိုင်မှုမရှိသော အမြင့်ပိုင်းကျေးရွာများရှိ မြေများတွင်မူ ဆောင်းသီးနှံများဖြစ်သည့် ပဲတီစိမ်းနှင့် ပဲလွန်းဖြူများကို ဒေသခံတောင်သူများ စိုက်ပျိုးနေကြကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



# မကွေးမြို့ အမျိုးသမီးကလပ်အဖွဲ့ ဖွဲ့စည်းမှု နှစ်ပတ်လည်အခမ်းအနားကျင်းပ

**မကွေး ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် မကွေးမြို့၌ ဖွဲ့စည်းပေါ်ပေါက်ခဲ့သည့် Woman Club(မကွေး) ဖွဲ့စည်းမှု တစ်နှစ်ပြည့်သည့် နှစ်ပတ်လည် အခမ်းအနားကို ဇန်နဝါရီ ၁ ရက်က မကွေးမြို့ရှိ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ဆွေက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့စာကြည့်တိုက်များကို စာငှားစာဖတ်ရုံသက်သက် မဟုတ်တော့ဘဲ လူများစုဝေးတွေ့ဆုံနိုင်သည့်နေရာ၊ ဒေသခံများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် လူမှုအသိုင်းအဝိုင်းစုဝေးရာနေရာ(Community Centre)အဖြစ် ပုံဖော်ဆောင်ရွက်လျက်ရှိရာ ဒေသခံအဖွဲ့အစည်းအသီးသီးကလည်း ပူးပေါင်းပါဝင်အသုံးပြုနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဝါသနာတူသည့်ပြည်သူများ ပူးပေါင်း၍ စာပေဆိုင်ရာများ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စာပေချစ်မြတ်နိုးသူများပါဝင်သည့် Book Club၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Youth Club နှင့် အမျိုးသမီးများနှင့် ကလေးသူငယ် ဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်နိုင်ရန် Woman Club တို့ကို ဖွဲ့စည်းပေးထားကြောင်း၊ Woman Club များကို အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာဗဟုသုတ မြင့်မားရေး၊ အမျိုးသမီး အခွင့်အရေးများ ကာကွယ်ရေးနှင့် လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရေး စသည့် ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး Community Centre ခန်းမကိုလည်း အသုံးပြုစေခဲ့ခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်က Woman Club အဖွဲ့ တစ်နှစ်ပြည့် အမှတ်တရစကားပြောကြားပြီး Woman Club အဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူခိုင်က အဖွဲ့၏ ကြေညာချက်ကို ဖတ်ကြားကာ အဖွဲ့ဝင် ဒေါ်ဌေးယဉ်ဝင်းက အဖွဲ့၏ တစ်နှစ်တာ လှုပ်ရှားမှုများကို အစီရင်ခံတင်ပြသည်။

ထို့နောက် တစ်နှစ်တာ လှုပ်ရှားဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ အမျိုးသမီး စွမ်းဆောင်ရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအစီအစဉ်များ ပြုလုပ်ပြီးနောက် ဧည့်ပရိသတ်များအား မြန်မာ့ခြင်းလုံးအလှခတ်စွမ်းရည် ပြသကာ တေးသံရှင် အဆိုတော် မွန်းအောင်ကလည်း တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

Women Club(မကွေး)သည် တစ်နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ဆံထုံးမိတ်ကပ် အလှပြင်သင်တန်း၊ ပန်းအလှပြင်သင်တန်း၊ ယောဂကျင့်စဉ်သင်တန်း၊ မူကြိုဆရာဖြစ်သင်တန်း၊ စားဖိုမှူး အချက်အပြုတ်သင်တန်း၊ အမျိုးသမီး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်း စသည့်သင်တန်းများကို စုစုပေါင်းရှစ်ကြိမ် ဖွင့်လှစ်ခြင်း၊ ကလေးသူငယ်အခွင့်အရေး ဆိုင်ရာများနှင့် ကလေးသူငယ်ဥပဒေများ၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာများ၊ လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုအကြောင်း ပညာပေးပြဇာတ်တိုများ တင်ဆက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် လူမှုရေးဝန်ဆောင်မှု လုပ်ငန်းများအဖြစ် ဘိုးဘွားရိပ်သာတွင် အသုံးအဆောင်ပစ္စည်းနှင့် ငွေများ လှူဒါန်းခြင်း၊ ကလေးများအား အာဟာရဒါန ကျွေးမွေးခြင်း၊ ဓမ္မစကူးလ်ကျောင်းများတွင် အလှူငွေများနှင့် ရေသန့်များ လှူဒါန်းပေးခြင်း၊ သီတဂူမြင့်မိုရ်ရုံ မျက်စိအထူးကုဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် သက်ငယ်မုဒိမ်းမှုများတွင် တရားလွှတ်တော်ရှေ့နေများဖြင့် လိုက်ပါကူညီပေးခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး (ဇဖဲ)**




# (၈၁)နှစ်မြောက် ကရင်နှစ်သစ်ကူးပွဲတော်ကို ကျိုက်ဒုံမြို့၌ စည်ကားစွာ ကျင်းပမည်

**ကျိုက်ဒုံ ဇန်နဝါရီ ၃**

ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်မည့် (၈၁)နှစ်မြောက် ကရင်နှစ်သစ်ကူးပွဲတော်ကို ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အမှတ်(၂)ရပ်ကွက် မြို့မအားကစားကွင်း၌ မုခ်ဦးအပါအဝင် ကြိုတင်ပြင်ဆင်မှုများကို တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

(၈၁)နှစ်မြောက် ကရင်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကိုလည်း ဒီဇင်ဘာ ၁၃ ရက်မှစ၍ ကျင်းပလျက်ရှိပြီး ကျိုက်ဒုံမြို့ပေါ်နှင့် ကျေးရွာများမှ ဘောလုံးအသင်း စုစုပေါင်း ၂၃ သင်း၊ ပိုက်ကျော်ခြင်း၊ အမျိုးသား အမျိုးသမီး ဘော်လီဘောအသင်းများ ပါဝင်ယှဉ်ပြိုင်နေကြပြီး ဆုပေးပွဲအခမ်းအနားကို ကရင်နှစ်သစ်ကူးနေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် နှစ်သစ်ကူးပွဲတော်ကျင်းပချိန်တွင်လည်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ ဒုံးယိမ်းပြိုင်ပွဲများ၊ ဇာတ်သဘင်များ စသည့် အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြခန်းများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရ သည်။ **မြို့နယ် (ပြန်/ဆက်)**

## သတင်းတိုများ

### ပခုက္ကူ၌ လွတ်လပ်ရေးနေ့ ဘော်လီဘောပြိုင်ပွဲကျင်းပ

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာ ဘော်လီဘောပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်မှစ၍ ပခုက္ကူခရိုင် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့ပြီး ၄ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ပခုက္ကူမြို့ပေါ်မှ အသင်းတစ်သင်းနှင့် ကျေးရွာများမှ အသင်းငါးသင်း ပါဝင်ကြပြီး သုံးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကာ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပ၍ ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်းနှင့် ဆုဖလားများ၊ တစ်ဦးချင်းဆုများ ပေးအပ်မည်ဖြစ်ကြောင်း၊ အလားတူ လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် ကြက်တောင်ရိုက်နှင့် စားပွဲတင်တင်းနစ် ပြိုင်ပွဲများကိုလည်း ကျင်းပနေကြောင်း သိရသည်။ **ဆလိုင်းကိုကီး**

### လွတ်လပ်ရေးနေ့ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ နေပြည်တော်၌ကျင်းပ

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Youth Club တို့ ပူးပေါင်း၍ အထက်တန်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်များမှ အထက်တန်း ကျောင်းသားကျောင်းသူ ၂၅ ဦးက လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာ ဉာဏ်စမ်းပဟေဠိမေးခွန်းများကို ယှဉ်ပြိုင်ဖြေဆိုခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလူနှင့် Youth Club ဥက္ကဋ္ဌ ဦးညွန့်ဝေတို့က အမှာစကားပြောကြားပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများနှင့် ငွေသားဆုများ ချီးမြှင့်ကာ ဆုတံဆိပ်များ လှူဒါန်းပေးသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **ခရိုင် (ပြန်/ဆက်)**

# မချမ်းဘောမြို့နယ်၌ HIV နှင့် မူးယစ်ဆေးဝါးဆိုင်ရာအန္တရာယ်များလျှော့ချရေးလုပ်ငန်း အသိပေးရှင်းလင်း

**မချမ်းဘော ဇန်နဝါရီ ၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန National AIDS Programme (NAP-Kachin)နှင့် Medical Action Myanmar(MAM) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မူးယစ်ဆေးဝါးဆိုင်ရာ အန္တရာယ်များ လျှော့ချရေးနှင့် HIV ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းစဉ်များ အကြောင်း အသိပေးရှင်းလင်းပွဲကို ဇန်နဝါရီ ၂ ရက်က မချမ်းဘောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မလိခခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းက အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးဆိုင်ရာ အန္တရာယ်များ လျှော့ချရေးနှင့် HIV ရောဂါ ကာကွယ်ကုသရေးတို့နှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းနှင့် သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ရှင်းလင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **ဖုန်ကန် (ပူတာအို)**

**ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း၊ ဇရပ်၊ ကန်၊ လမ်း ဒါယိကာမကြီး**

## ဒေါ်လှဝင်း

**အသက်(၈၀)**

ဦးလှအောင်၏ဇနီး၊ ဦးဖိုးထူး-ဒေါ်ခင်ညို မိတ်ကပ်မယု(ကိုမာ)၊ (ကိုနိုင်ဦး)၊ ကိုဝင်းအောင်၊ ဗိုလ်ကြီးထွန်းထွန်းလတ်(ငြိမ်း)-ဒေါ်ခင်ယုမွန်(အထက-၁၊ ဒဂုံ၊ ကျောင်းအကျိုးတော်ဆောင်)၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကျော်-ဒေါ်ခင်ယုမြတ်တို့မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၃-၁-၂၀၁၉ရက် ညနေ ၃း၁၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၉ရက်တွင် အမှတ် ၃၆၊ ပိတောက်ပင်လမ်း၊ အောက်ကြည့်မြင်တိုင်မြို့နယ် ဗိုလ်ကြီးထွန်းထွန်းလတ်(ငြိမ်း)-ဒေါ်ခင်ယုမွန်နေအိမ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် မင်္ဂလာဒုံမြို့နယ်၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကျော်-ဒေါ်ခင်ယုမြတ်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ကန်၊ လမ်းဒါယိကာမကြီး**

**ဒေါ်လှဝင်း အသက်(၈၀)**

၃-၁-၂၀၁၉ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှဝင်း အသက်(၈၀) နာမကျန်းဖြစ်စဉ် အဘက်ဘက်မှလိုလေသေးမရှိအောင် ကုသပေးခဲ့ကြပါသော အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ခွဲစိတ်ကုသမှုပါရဂူ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဝေနှင့် ခွဲစိတ်ဆရာဝန်များ၊ မေ့ဆေးနှင့် အထူးကြပ်မတ်ကုသမှုဌာနမှ ဒုတိယဗိုလ်မှူးကြီး ချမ်းမြေ့နှင့် ဆရာဝန်၊ သူနာပြုအဖွဲ့များ၊ ကျောက်ကပ်ကုသမှု ပါရဂူ ဗိုလ်မှူး ထိန်လင်းနှင့် ကျောက်ကပ်ကုသမှုဆိုင်ရာ ဆရာဝန်နှင့်သူနာပြုများ၊ အထွေထွေကုသမှု ပါရဂူများ၊ ခွဲစိတ်ဆောင်(၁)မှ ဆရာဝန်နှင့် သူနာပြုများ၊ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)မှ အစာအိမ်နှင့်အူလမ်းကြောင်း ကုသမှုပါရဂူ ဒုတိယဗိုလ်မှူးကြီး ဒေါ်အေးမင်းစိုးနှင့်ပါရဂူများ၊ ကူညီဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးပို

**ထားဝယ်**

**အသက်(၉၆)နှစ်**

ထားဝယ်မြို့နေ (ဦးကျင်ချွန်း-ဒေါ်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ဖြူပန်းစိုးရိုလမ်း၊ အမှတ် ၅၀/ခ နေ ဦးဘွန်စိန်-(ဒေါ်မြစိန်)၊ (ဦးလှထွန်း-ဒေါ်ဖြူ ဖြူဝင်း)၊ ဦးကျော်ညဏ်လင်း-ဒေါ်သန်းသန်းဦး၊ ဦးစိုးဝင်း-ဒေါ်ခင်သီတာအေး တို့၏ မိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီး၊ (ဦးကိုကို၊ ရေကြောင်းအင်ဂျင်နီယာချုပ်၊ ငြိမ်း)၏ ဇနီးသည် ၂-၁-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းအေး [အထက်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း)]

**အသက်(၇၅)နှစ်**

ပြင်ဦးလွင်မြို့နေ (ဦးဘဇင်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးစိုးမြင့်-တကက/စရ၊ ငြိမ်း)၏ဇနီး၊ ဦးဖုန်းမြင့်အေး(လျှပ်စစ်နှင့်စွမ်းအင်)-ဒေါ်သင်းသင်းဝေ(အမက၊မြိုင်မြို့)၊ဒေါ်မာလာမြင့်အေး(စက်မှုဝန်ကြီးဌာန)၊ဦးသန့်ဇင်မြင့်အေး(သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန) - ဒေါ်အယ်နီပိုင်(CAN Myanmar Construction Co.,Ltd))တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃-၁-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆေးရုံမှ ကျေးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ တိုက် ၅၃၁၁၊ အခန်း ၃၆၊ ဝဏ္ဏသိဒ္ဓိ ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးစံမိုဝေ

**VOA Washington D.C (မြန်မာပိုင်း)**

**အသက်(၆၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၇၁)နေ (ဦးစံဝေ-ဒေါ်ခင်လှ)တို့၏သား၊ ဒေါက်တာထူးတင့်ဝေ-ကိုသန့်ဇင်၊ ကိုသန့်သုဝေ၊ Simon Sonmo Waiတို့၏ဖခင်၊ (ဒေါ်စန္ဒာဦး)၊ ဒေါ်သီဂီထိုက်(VOA,USA)၏ချစ်လှစွာသော ခင်ပွန်းသည် ၁-၁-၂၀၁၉ရက် (အင်္ဂါနေ့)တွင် အမေရိကန်ပြည်ထောင်စု၊ Mary Land ပြည်နယ် Suburban ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အများသိစေရန် ကြေညာချက်**

၁။ မင်္ဂလာတောင်ညွန့်မြို့နယ်၊သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁)၊ မြေကွက်အမှတ် (၁နှင့်၂/ဘီ)၊ သိမ်ဖြူလမ်းနှင့် ကန်ပတ်လမ်းထောင့်၊ အမှတ်(၁နှင့်၂/ဘီ)တွင်(၅)ထပ်တိုက်(Roof Slab၊ Lift ပါ) အဆောက်အဦဆောက်လုပ်ရန် ဦးခင်မောင်လတ် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်၊အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန)အမည်ဖြင့် ဤဌာနမှ (၁-၄-၂၀၁၅) ရက်စွဲပါ စာအမှတ်၊ ၁၄၂၆/ပြင်ပ/စည်ပင်-ယာ/အုံ(ပုံစံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ(၅)ထပ်တိုက်အဆောက်အဦ ဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးကျော်ဝင်း(LC-328)အစား လိုင်စင်ရကန်ထရိုက်တာ ဦးခင်မောင်လတ်(LC-876)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် ဦးခင်မောင်လတ် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်) နှင့် လိုင်စင်ရကန်ထရိုက်တာ(၂)ဦးမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါကခိုင်လုံသောအထောက်အထားများဖြင့်ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
အင်ဂျင်နီယာဌာန(အဆောက်အအုံ)
အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ဒေါ်ကျင် အသက်(၈၇)နှစ်

မော်လမြိုင်မြို့နယ်၊ ဒိုင်းဝန်ကွင်းရပ်နေ (ဦးဟုတ်လှိုင်-ဒေါ်ပျော့)တို့၏သမီး၊ ရွှေပြည်သာမြို့နယ်၊ (၃၆)ရပ်ကွက်၊ ပြည်နဝဒေးလမ်း၊ အမှတ် (၁၂၂/၁)နေ ဦးရွှေခင်၏ဇနီး၊ ဦးခင်ဇော်(ပညာရေး-ငြိမ်း)၊ ဦးအောင်သွင်-ဒေါ်ဟန်ဝင်းရီ(ကျောင်းအုပ်ကြီး၊ အလက-သာယာကုန်း၊ သထုံမြို့)၊ ဗိုလ်ကြီးသိန်းဇော်မင်း(ငြိမ်း၊ စက်ရုံမှူး Yangon Crown သံမဏိစက်ရုံ)-ဒေါ်ခင်စုရီ၊ ဗိုလ်မှူးကြီးကျော်ဇေယျ(လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တနင်္သာရီတိုင်း)-ဒေါ်တင်တင်စီတို့၏မိခင်၊ မောင်ရဲစစ်မင်း၊ မောင်စွမ်းထက်နိုင်၊ မောင်ဘုန်းသွင်ထက်၊ မအေးသီရိကျော်တို့၏အဘွားသည် ၃-၁-၂၀၁၉ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့်၁၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်-၁၀၀၀ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက် ၁၁ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)တွင် ရွှေပြည်သာမြို့နယ်၊ (၃၆)ရပ်ကွက်၊ ပြည်နဝဒေးလမ်း၊ အမှတ်၁၂၂/၁နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင်

**အသက်(၈၇)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီးကျော်ဇေယျ (လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး)-ဒေါ်တင်တင်စီတို့၏ မိခင် ဒေါ်ကျင် အသက်(၈၇)နှစ်သည် ၃-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲပါသည်။

**တေဇ (၂၂)မှ သူငယ်ချင်းများ**

---

**ရဟန်း၊ ကျောင်း၊ ကန် ဒါယိကာမကြီး**

## ဒေါ်ခင်လှဲ့လှဲ့ဟန် အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁) ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ် (33/D) နေ (ဦးဘဟန်-ဒေါ်ခင်တင့်)တို့၏သမီး၊ (ဦးကြွေ-ဒေါ်ဆင့်)တို့၏သမီးချွေးမ၊ (ဦးမြင့်လွင်)၏ချစ်လှစွာ သောဇနီး၊ ဦးသက်လွင်ဦး (AMPW Technology Machinary Co.,Ltd)၊ ဦးကျော်မင်းလွင်(Chief Officer)၊ Capt: ဦးအောင်ဝင်းလွင် (Master Mariner)-ဒေါ်ယမုံအေး(ပြည့်ပြည့်ရတနာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏မိခင်၊ မောင်သန့်ထူးလွင်(ဒုတိယတန်း B ၊ အထက-၁၊ ဒဂုံ)၏ ချစ်လှစွာ သောအဘွားသည် ၂-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါက်တာ ဘီရော်

**M.B,B.S(MDY)**

**အသက်(၆၇)နှစ်**

မန္တလေးမြို့နေ (ဦးရာမ-ဒေါ်နာနီ)တို့၏သား၊ ဦးမျိုးစန်း(လ/ထ-ထွေ/ဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်နန်းအိအိခိုင်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဦးစိုင်းထက်ထက်နိုင်၊ ဦးစိုင်းသက်ပိုင်စိုး-ဒေါ်ကေဇာဦး၊ ဦးစိုးသီဟကျော်(ထွေ/အုပ်၊ ကျောက်ဆည်)-ဒေါ်နန်းခင်မြတ်နိုးတို့၏ဖခင်၊ မပိုးကြယ်စင်ဖြူ၊ မထက်မှူးသီရိ တို့၏အဘိုး၊ ပျဉ်းမနားမြို့နေ ဒေါ်နန်းမြအုံ၏ချစ်လှစွာသောခင်ပွန်းသည် ၃-၁-၂၀၁၉ ရက် နံနက် ၈နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အရာခံဗိုလ်ချစ်ဆွေ (ငြိမ်း)

**(ရတခ)**

**အသက်(၆၅)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဝဲလောင်ရွာနေ (ဦးရန်မောင်-ဒေါ်နှင်းလှိုင်)တို့၏သား၊ (ဒေါ်မြဝင်းရည်)၏ ခင်ပွန်း၊ မောင်ဇော်မျိုးဆွေ၊ မောင်ပြည့်စုံဆွေတို့၏ဖခင်သည် ၂-၁-၂၀၁၉ရက် တွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ရက်တွင် နေပြည်တော်၊ ကျေးကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်လွင်

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ် ၅နေ (ဦးသင်းလှိုင်-ဒေါ်ထွန်း)တို့၏သား၊ ဦးစန်းလွင်၊ ဦးတင့်လွင်တို့၏ညီ၊ ဦးစိန်လွင်၊ ဒေါ်အေးအေးသန့်၊ (ဦးထင်ကျော်)၊ ဒေါ်အေးအေးစန်း၊ ဦးသိန်းလွင်တို့၏အစ်ကို၊ ဒေါ်သီတာရွှေ၏ခင်ပွန်း၊ မနှင်းဝင့်အောင်၊ မောင်ငြိမ်းသူအောင်၊ မခင်ဖြိုးဖြိုးအောင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၉ရက် နံနက်တွင် ပဲခူးမြို့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးနန္ဒစိုး (စစ်ကိုင်း) အသက်(၄၃)နှစ်

**ဒု-ဦးစီးမှူး(စိုက်ပညာ၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်)**

**(B.Agr-2000)**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နေ ဦးထွန်းတင်-ဒေါ်တင်ရီ၊ စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်နေဦးတင်နု-ဒေါ်မာကြည်တို့၏မြေး၊ ဦးရဲမြင့်နိုင်-ဒေါ်သန်းသန်းနု၊ ဒေါ်လီလီနုတို့၏တူ/သား၊ ဦးလှစိုး-ဒေါ်စန်းစန်းနုတို့၏တစ်ဦးတည်းသောသား၊ မစန္ဒာစိုး၊ ကိုဟန်ထွန်းအောင်-မမြရတနာစိုး၊ ကိုအောင်ထူးကျော်-မဖြိုးရတနာစိုး၊ မသူသူဟန်၊ မအိမွန်အေး၊ မအယ်လ်နုနု နိုင်တို့၏အစ်ကို၊ မောင်ညီသူရစိုး၊ မောင်ဘုန်းထက်မြတ်တို့၏ဖခင်၊ ဒေါ်သရဖီမြင့်ဆွေ၏ခင်ပွန်းသည် ၃၀-၁၂-၂၀၁၈ရက် ညတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၉ရက်တွင် စစ်ကိုင်းမြို့၊ ယုန်ဖြူသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၉ရက် (စနေနေ့)တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ အမှတ် ၅၃၄၂၊ အခန်း ၂၃နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ပဓာနနာယကဆရာကြီး**

## ဒေါ်ပညာစာရီ

**(သဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ)**

**သက်တော်(၇၁)နှစ်၊ သိက္ခာတော် (၆၂)ဝါ**

ပြင်ဦးလွင်မြို့၊ ဇယန်းသီလရှင်စာသင်တိုက်၊ သီပေါမြို့ ရွှေမောင်းသီလရှင်စာသင်တိုက်၊ တန့်ယန်းမြို့ ရွှေမောင်းသီလရှင်ပရဟိတကျောင်းတို့၌ နေထိုင်တော်မူသော ဆရာကြီး ဒေါ်ပညာစာရီသည် (၁၃၈၀ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ရက်) ၃-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်မြို့၊ အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ရန်ကုန်မြို့၊ ဇယန်းသီလရှင်စာသင်တိုက်သို့ နေ့ချင်းပင့်ဆောင်သွားခဲ့ပြီး သီလရှင်ဆရာကြီး၏ ရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့် နှစ်၊ ပြာသိုလပြည့်ကျော် ၂ရက်) ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင်မြို့၊ (၈)မိုင် ထုံးဘိုသုသာန်၌ ဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

---

**ကျေးဇူးအထူးတင်ရှိခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးခင်မောင်လွင် (အုတ်ဖို)

**မန်နေဂျာ(ငြိမ်း)၊ စက္ကူ/ဓာတ်ပုံ(ကုန်သွယ်ရေး)**

**အသက်(၈၅)နှစ်**

ကျေးဇူးရှင်ဖခင်ကြီး ဦးခင်မောင်လွင်သည် ၂၁-၁၂-၂၀၁၈ရက် နံနက် ၂း၂၀နာရီတွင် မြင့်မြတ်သောဘုံဘဝသို့ကူးပြောင်းသွားခဲ့ပါသည်။ ဖခင်ကြီး၏ နောက်ဆုံးအချိန်ထိ လိုလေသေးမရှိ စေတနာအပြည့်အဝဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သော မဟာမြိုင်အထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်/ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ဖခင်ကြီးအတွက် ဘာသာရေးဆိုင်ရာကိစ္စအဝဝကို ပြီးပြည့်စုံစွာစီမံဆောင်ရွက်ပေးတော်မူသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအားလည်းကောင်း၊ ဖခင်ကြီးကွယ်လွန်သွားချိန်တွင် ဖခင်ကြီးအားရည်စူး၍ လှူဖွယ်ပစ္စည်းများဖြင့် ကုသိုလ်ပြုပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးအားလည်းကောင်း၊ ကျန်ရစ်သူမိသားစုအား ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း၊ စာ၊ E-mail, Social Media တို့မှဖြစ်စေ အားပေးစကားပြောကြားလျက် ဖခင်ကြီးအား ဆုတောင်းမေတ္တာများ ပို့သပေးကြသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအား လည်းကောင်း၊ ဖခင်ကြီးအားရည်စူး၍သင်္ကန်း၊ ပရိက္ခရာ၊ လှူဖွယ်ပစ္စည်းများဖြင့် ကုသိုလ်ပြုပေးကြပါသော အလှူရှင်အားလုံးတို့အားလည်းကောင်း၊ ဖခင်ကြီး၏ဈာပနတွင် ပန်းခြင်းပေးပို့ကြသူများ၊ နောက်ဆုံး ခရီးဖြစ်သော ဈာပနသို့ လိုက်ပါပို့ဆောင်ပေးကြသူများ၊ နာရေးကာလတွင် အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ပြည်ထဲရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့် မိသားစုဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုဝင်များ၊ စစ်တက္ကသိုလ် အပတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့်မိသားစုဝင်များ၊ Promart Co.,Ltd မှမိတ်ဆွေများ၊ အထက-၄၊ စမ်းချောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ဆွေမျိုးမိတ်ဆွေများနှင့် ရပ်မိ ရပ်ဖများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လစ်ဟာသည်များရှိခဲ့လျှင် ခွင့်လွှတ်ပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ကျေးဇူးအထူးတင်ရှိခြင်း

## ဒေါ်ကျင်မြိုင် (ဖြူး)

**အသက်(၈၂)နှစ်**

၂၂-၁၂-၂၀၁၈ရက် (စနေနေ့) ည ၁၀း၃၅နာရီတွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကျင်မြိုင်(ဖြူး)၏နာရေးကိစ္စတွင် အဘက်ဘက်မှလိုလေသေးမရှိ ကူညီပံ့ပိုးပေးခဲ့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဝိုင်းဝန်းလုပ်အားပေးကူညီပေးကြသော Popular Plastic Group ၏မိသားစုဝန်ထမ်းများ၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက် သတင်းမေးမြန်း အားပေးနှစ်သိမ့်ကြပါသော ရပ်နီးရပ်ဝေးမှမိတ်ဆွေများ၊ ဆွေမျိုးသူငယ်ချင်းများအားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများဖြင့် ဂါရဝပြုပေးပို့ခဲ့ကြသော ဆွေမျိုးသူငယ်ချင်းမိတ်ဆွေများအားလည်းကောင်း၊ သတင်းစာများတွင် ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြပေးကြပါသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း Phone,E-mail,Viber, Weachat, Facebook များဖြင့် နှစ်သိမ့်အားပေးကြသော အစိုးရဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲ အရာရှိများ၊ Customer များနှင့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမောင်ကိုကို

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ ဥဇ္ဇနာ(၁၀)လမ်းနေ (ဦးဘသိန်း-ဒေါ်တင်လှ)တို့၏သား၊ (ဦးမြဖေ-ဒေါ်မယ်တင်) တို့၏သားသမက်၊ (ဦးထွန်းကြိုင်)-ဒေါ်ခင်နုတို့၏မောင်၊ (ဦးအောင်မြင့်-ဒေါ်ခင်ရီ)၊ ဦးမောင်မြင့်-ဒေါ်ခင်သန်းဦး၊ (ဦးသိန်းလွင်)-ဒေါ်ခင်ချို၊ ဦးမောင်တင့်၊ (ဦးအေးကြွယ်)-ဒေါ်ချိုလေး၊ ဒေါ်ထွေးရီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကျောင်းကြီးရပ်ကွက်၊ အောင်စည်းခံဘုရားလမ်း၊ အမှတ် ၆၀နေ ဒုတိယဗိုလ်မှူးကြီး သန်းဇော်ဌေး-မယဉ်လှမျိုးနွယ်၊ ကိုနေကျော်လင်းတို့၏ဖခင်၊ မောင်သောင်းဟိန်းစံ၊ မောင်ရှိန်လွန်းအုပ်တို့၏အဘိုး၊ ဒေါ်ခင်သန်း(ခ) ဒေါ်အေးအေးမြိုင်၏ ချစ်လှစွာသော ခင်ပွန်းသည် ၃၁-၁၂-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂- ၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သင်္ဃန်းကျွန်းကြီး၊ကျောင်းကြီးရပ်ကွက်၊ အောင်စည်းခံဘုရားလမ်း၊ အမှတ်၆၀နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**သွေးသည် အသက်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ရဟန်းဒါယကာကြီး**

## ဒုအရာခံဗိုလ်မောင်သန်း (ငြိမ်း)

**အသက်(၆၉)နှစ်**

ဒေါ်ထက်ထက်ခိုင်(ဦးစီးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး)၏ ဖခင် ဒုအရာခံဗိုလ်မောင်သန်း (ငြိမ်း) အသက်(၆၉)နှစ်သည် ၁-၁-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

## ဦးမောင်မောင်တာဦး(ခ)ဦးသန်းညွန့်ဇော်

**အသက်(၅၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ ပြည်တော်သာအိမ်ရာ၊ အမှတ် ၆၂နေ [ဦးတင်အုံးအေး(စစေ-ငြိမ်း)-ဒေါ်လှမြင့်]တို့၏သား၊ ပုသိမ်မြို့၊ သင်္ဘောကျင်းရေကျော်ရပ်ကွက်နေ (ဦးကျင်ရှိန်)-ဒေါ်စောသိန်းတို့၏သားသမက်၊ ဒေါ်ခင်သောင်း၏တူ၊ ဒေါ်ခင်နွယ်နွယ်အေး(ကထိက၊ သမိုင်းဌာန၊ ပုသိမ်တက္ကသိုလ်-ငြိမ်း)၏မောင်၊ ပုသိမ်မြို့၊ ဈေးတန်းရပ်၊ အမှတ် ၄၉နေ ဒေါ်ငွေးငွေးရီ၏ခင်ပွန်း၊ (ဦးထွန်းမင်းလတ်)-ဒေါ်မြတ်လေးမွန်(ပုသိမ်မြို့နယ်စည်ပင်)၊ (မအိဇာရည်ဦး)တို့၏ဖခင်၊ မရွှေရည်မြသွေး၊ မောင်ရွှေရည်သုတတို့၏အဘိုးသည် ၉-၁၁-၂၀၁၈ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စန်းအေး(ခ)မကြီး

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၆၅နေ (ဦးခင်လှိုင်-ဒေါ်အေးသိန်း)တို့၏သမီး၊ ဒေါ်မြင့်မြင့်အေး၊ ဦးစိန်အောင်-ဒေါ်ပပဝင်း၊ (ဦးအောင်ဆန်းဦး)၊ (ဦးအောင်ဆန်းထူး)တို့၏အစ်မသည် ၂-၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ည၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# အလောင်းတော်ကဿပ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကပိုင်-အလောင်းတော်ကဿပဘုရား ရာသီလမ်းဖွင့်

**ယင်းမာပင် ဇန်နဝါရီ ၃**

၂၀၁၉ ခုနှစ် (၅၁)ကြိမ်မြောက် အလောင်းတော်ကဿပ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကပိုင်-အလောင်းတော်ကဿပဘုရား ရာသီလမ်းဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ကပိုင်ကျေးရွာတွင် ယနေ့ နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လှ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေ၊ ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းရီတို့က အလောင်းတော်ကဿပ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကပိုင်-အလောင်းတော် ကဿပဘုရား ရာသီလမ်းမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယင်းမာပင်မြို့နယ် ကသီးကုန်းကျေးရွာ မဟာဝိသုဒ္ဓါရာမကျောင်းတိုက် ဆရာတော် ဦးဝိစိတ္တနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့က မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဖွင့်ပွဲသို့ တက်ရောက်လာသူများ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ဇေယျာနိုင်စည်တော်ကြီးအဖွဲ့နှင့် ဒိုးပတ်ဝိုင်းအဖွဲ့များအား ဆုတော်ငွေများပေးအပ်ကာ ဘုရားဖူးရာသီလမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အလောင်းတော်ကဿပဘုရားသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်မည်ဆိုပါက မုံရွာ-တရော်ကျင်း ကပိုင်လမ်း၊ မုံရွာ-ယင်းမာပင်-ကုန်းရွာကပိုင်လမ်း၊ မုံရွာ-ယင်းမာပင်-လည်ပေါက် ကပိုင်လမ်း၊ *စာမျက်နှာ ၁၂ ကော်လံ ၅* ❁



အလောင်းတော်ကဿပဘုရား စံကျောင်းတော်သို့ လာရောက်ဖူးမြော်သူများကို တွေ့ရစဉ်။



# စစ်တွေမြို့၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၃**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့၌ ကျင်းပရာ အမျိုးသား ၄၀၀ နှင့် အမျိုးသမီး ၂၀၀ စုစုပေါင်း ၆၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြသည်။ **(အပေါ်ပုံ)**

အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို ဆတ်ရိုးကျတံတားထိပ်မှ စတင်တာလွှတ်ပေးပြီး စစ်တွေမြို့နာရီစင်၊ နာရီစင်မှ ကမ်းနားလမ်းတစ်လျှောက်၊ ကမ်းနားလမ်းမှ ဝန်ကြီးများရုံး ရှေ့လမ်း၊ ဝန်ကြီးများရုံးရှေ့လမ်းမှ ဧည့ဝတီအားကစားကွင်းအထိ ယှဉ်ပြိုင်စေခဲ့ရာ အမျိုးသား မီနီမာရသွန်ပြိုင်ပွဲတွင် မောင်သန်းထွန်းနိုင်(မင်းပြား)က ပထမ၊ မောင်ဇော်ပိုင်(နတလ)က ဒုတိယနှင့် မောင်မြင့်လင်း(နတလ)က တတိယ ပန်းဝင်ခဲ့ကြပြီး အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် မဖြူဖြူခိုင်(စစ်တွေက) ပထမ၊ မသူဇာခင်(နတလ)က ဒုတိယနှင့် မဖြိုးအေးလှိုင်(နတလ)က တတိယ ပန်းဝင်ခဲ့ကြသည်။

"ဒီနေ့ မီနီမာရသွန်ပြိုင်ပွဲမှာ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူအားလုံး ပါဝင်ယှဉ်ပြိုင်ဖို့ *စာမျက်နှာ ၁၂ ကော်လံ ၁* ✳

# မြန်မာ့လက်ရွေးစင် ဘယ်နောက်ခံလူ သိန်းသန်းဝင်း ထိုင်းလိဂ်သို့ ပြောင်းရွှေ့

ရန်ကုန် ဇန်နဝါရီ ၃

**ရတနာပုံအသင်း၏ မြန်မာ့လက်ရွေးစင် ဘယ်နောက်ခံလူ သိန်းသန်းဝင်း** (အောက်ပုံ) **သည် ထိုင်းလိဂ်သို့ ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး ရတ်ချာဘူရီအသင်းနှင့် တစ်ရာသီ အငှားစာချုပ်ချုပ်ဆိုခဲ့သည်။**

သိန်းသန်းဝင်းသည် ရတ်ချာဘူရီအသင်းနှင့် ဇန်နဝါရီ ၂ ရက်က ဆေးစစ်မှုခံယူခဲ့ပြီး အောင်မြင်ခဲ့သောကြောင့် ယင်းနေ့ ညနေပိုင်းမှာပင် စာချုပ်ချုပ်ဆိုကာ တရားဝင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ သိန်းသန်းဝင်းသည် ဒီဇင်ဘာလကတည်းက ရတ်ချာဘူရီအသင်းနှင့် သဘောတူညီမှုရခဲ့သော်လည်း ဇန်နဝါရီပထမပတ်မှသာ စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်သည်။ သိန်းသန်းဝင်းသည် ထိုင်းလိဂ်သို့ ပြောင်းရွှေ့ကစားမည့် ခြောက်ဦးမြောက် မြန်မာကစားသမားဖြစ်ပြီး ထိုင်းလိဂ်-၁ တွင် ကစားမည့် ငါးဦးမြောက် မြန်မာကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ၂၀၁၉ ရာသီ ထိုင်းလိဂ်-၁ ပြိုင်ပွဲတွင် မြန်မာကစားသမားများအနက် မြောင်တောင်အသင်းတွင် အောင်သူ၊ ဆာမတ်ပရာခန် အသင်းတွင် ကျော်ကိုကို၊ ချောင်ဘူရီအသင်းတွင် စည်သူအောင်နှင့် ဇော်မင်းထွန်း၊ ရတ်ချာဘူရီအသင်းတွင် သိန်းသန်းဝင်းတို့ ပါဝင်ကစားမည်ဖြစ်သည်။ သန်းထက်အောင်မှာမူ ထိုင်းလိဂ်-၂ ကလပ်ဖြစ်သည့် ဆာမတ်ဆာခွန်အသင်းတွင် သွားရောက်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**




● စည်းကမ်းကို အုတ်မြစ်ချသည် စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော . . .
UEC
ကကက-၁၃/၂၂/၂၇၅
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG မှ တက္ကသိုလ်ဝင်တန်းထိ
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP

၂၀၁၉-၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-Con တပ် အိပ်ခန်းများနှင့် စာသင်ခန်းများထားရှိသည်။

DAY CAMP - (၄)တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း - English 4 - skills၊ ပန်းချီ၊ တွန်ဖျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်၊

■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်၊ (ကျောင်းကားရှိသည်၊)

■ (၄)ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်၊

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 7800 20647 , 09 7938 93725,09 7938 93726 ,09 7910 10526
ကျောင်းသူဆောင် ● ခြံအမှတ် (၁၅ A နှင့် B)၊ စံရိပ်မြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● ခြံအမှတ် (၄)၊ စံရိပ်မြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

# မြန်မာ့အလင်း

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ သောကြာနေ့


# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏



# ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက် ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး အဲဒီလို တူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့ အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်



# အထွတ်အမြတ်တွေး လွတ်လပ်ရေး



- နှစ်ပေါင်းသိန်းသန်း၊ ကိန်းဂဏန်း အသချေ်
  သည်ရေမြေ သည်တောင်တော၊ သာမောတည်ရှိနေ
  အလှဝေ မြန်မာ့မြေ၊ တို့ဌာနေ အမွေအနှစ်
  ကမ္ဘာမကျေ၊ မြန်မာပြေ (ပြည်)
  မြန်မာတွေမြတ်နိုး ချစ်ကြသည်တည့်လေ။
- မြန်မာ ဟူသည့်အရင်းအမြစ်၊ ဆန်းစစ်ကြည့်လေလျှင်
  ကချင် ကယား ကရင် ချင်း၊ သွေးရင်းဗမာ မွန်ပင်
  ရခိုင် ရှမ်းပါဝင်၊ တိုင်းရင်းသားတွေစုံလင်ကြောင်း
  ပေါင်းစုညီညာ၊ နေထိုင်လာ
  နှစ်တွေရှည်ကြာညောင်း ခဲ့ပြီတည့်လေး။
- ကံမကောင်း အကြောင်းမလှ၊ အတိတ်ကတစ်ခါဆီ
  အချုပ် အခြာအာဏာတန်ခိုး၊ နွမ်းညှိုးခဲ့ရသည်
  ရွှေမှန်ကင်း အစစ်သည်၊ ထင်းတလီဖြစ်ခဲ့ရ
  နယ်ချဲ့အကြံအစည်၊ ဉာဏ်ပလီ
  တိုင်းပြည် ကျွန်ဘဝရောက်ရသည်တည့်လေး။
- မြန်မာ့လွတ်လပ်ရေးအတွက်၊ သွေးအသက်ပေါင်းများစွာ
  ပြည်သူတွေ အထပ်ထပ်၊ ပေးဆပ်ခဲ့ရပါ
  တစ်ပြည်လုံးညီညာ၊ တော်လှန်ကာတိုက်ထုတ်
  နယ်ချဲ့အိမ်ပြန်၊ အချိန်တန်
  နိုင်ငံ အဟုတ် လွတ်လပ်ခဲ့ပြီတည့်လေး။
- တွေးထုတ်အဖြေညှိ၊ သတိထားကြအစဉ်သာ
  လွတ်လပ်ရေး မဆုံးရှုံးဖို့၊ တိုင်းရင်းသားတို့ညီညွတ်ပါ
  လွတ်လပ်ရေးဆိုသည်မှာ၊ ရှိတဲ့အခါ မသိသာပြေား
  မရှိတော့သည်အခါ၊ ရဖို့ရာ
  သွေးသက်များစွာ ပေးဆက်သွားရတတ်သည်တည့်လေး။

တိုင်းရင်းသား ညီနောင်များ အထွတ်အမြတ်တွေးစေ့ချင်။
ရိုင်းပင်းအား ပြည်ထောင်တစ်လွှား လွတ်လပ်ရေးနေ့တွင်။

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်

မြင်းမူမောင်နိုင်မိုး



အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုရန် လန်ဒန်မြို့သို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ကို တွေ့ရစဉ်။
(ဝဲမှယာ ဦးဘဖေ၊ ဗြိတိသျှ ဝန်ကြီးချုပ် ကလီးမင့် အက်တလီ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးတင်ထွဋ်၊ လော့ဒ်ပီသစ်လောရင့်)
(မြန်မာ့လွတ်လပ်ရေးအတွက် ပထမဆုံးချုပ်ဆိုသည့် အောင်ဆန်း-အက်တလီစာချုပ်ကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်တွင် လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ် ၁၀ ၌ လက်မှတ်ရေးထိုးခဲ့ကြသည်)



လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလတွင် ဗိုလ်ချုပ်အောင်ဆန်း ထုလုအား မိန့်ခွန်းပြောကြားစဉ်။


၁၉၄၅ ခုနှစ်က မြန်မာ့တပ်မတော်တပ်ဖွဲ့ဝင်များနှင့် ထောက်ခံသူပြည်သူများကို တွေ့ရစဉ်။

**အချပ်ပို (ဃ) မှ**

ဒီနိုင်ငံတိုးတက်ဖို့၊ ဒီနိုင်ငံအောင်မြင်ဖို့၊ ဒီနိုင်ငံ တည်ငြိမ်အေးချမ်းဖို့၊ ဒီနိုင်ငံခေတ်မီဖွံ့ဖြိုးဖို့အတွက် နိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လက်တွဲကြိုးပမ်းကြမှသာ ခိုင်မာအားကောင်းတဲ့ အရွေ့တစ်ခုကို ရရှိနိုင်တာ ဖြစ်ပါတယ်။ တစ်ခါတစ်ခါကျတော့ ကိုယ့်တစ်ဦးချင်းဆိုတာနဲ့ နိုင်ငံဆိုတာနဲ့ ယှဉ်ကြည့်လိုက်တော့ သိပ်ကို အလှမ်းဝေးသွားတယ်လို့ ထင်မြင်မိတတ်ပါတယ်။ ဒီလိုထင်သွားပြီးတဲ့နောက်မှာ တိုင်းပြည်တိုးတက်ရေးဟာ ကိုယ်နဲ့သိပ်မဆိုင်သလိုမျိုး ခံယူမိသွားတတ်ပြန်ပါတယ်။

### နိုင်ငံတိုးတက်မှုနှင့် နိုင်ငံသားတစ်ဦးချင်းစီ တိုးတက်မှုဆက်နွှယ်

တကယ်တော့ ဒီနိုင်ငံကြီးကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေနဲ့ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒါတွေကို ခရိုင်တွေနဲ့ စုစည်းတည်ဆောက်ထားတာ ဖြစ်ပါတယ်။ ခရိုင်တွေကို မြို့နယ်တွေနဲ့၊ မြို့နယ်တွေကို မြို့တွေ၊ ရပ်ကွက်တွေ၊ ကျေးရွာအုပ်စုတွေ၊ ကျေးရွာတွေနဲ့၊ ကျေးရွာတွေကို အိမ်ထောင်စုတွေနဲ့ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ အိမ်ထောင်စုတွေ၊ မိသားစုတွေကို အိမ်ထောင်စုဝင်တွေ၊ မိသားစုဝင်တွေနဲ့ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနိုင်ငံကြီးကို ဒီနိုင်ငံသား တစ်ဦးချင်းစီနဲ့ စုစည်းတည်ဆောက် ထားတယ်လို့ပြောနိုင်မှာ ဖြစ်ပါတယ်။ ဒီတော့ နိုင်ငံကြီးတစ်ခုလုံးရဲ့တိုးတက်အောင်မြင်မှုဟာ နိုင်ငံသားတစ်ဦးချင်းစီရဲ့ တိုးတက်အောင်မြင်မှုနဲ့ ဆက်နွှယ်မှုရှိနေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

တိုင်းပြည်အတွက် ဘာလုပ်ပေးနိုင်မလဲဆိုတဲ့အတွေးမျိုး တွေးကြည့်လိုက်တဲ့အခါ အစကတော့ ကိုယ်လုပ်နိုင်တာဘာမှမရှိဘူးလို့ ထင်ရပေမယ့် တကယ်သေသေချာချာ ပြန်တွေးကြည့်လိုက်မယ်ဆိုရင်တော့ ကိုယ်လုပ်နိုင်တာတွေ တော်တော်များများရှိနေတယ်ဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ် အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ တို့တာဝန် အရေးသုံးပါးဆိုတာကြီး အကြောင်းတွေးလိုက်တော့ အလွန့်အလွန်ကို ကြီးကျယ်နေတာကြီးတွေဖြစ်တဲ့အတွက် ကိုယ်နဲ့ သိပ်မဆိုင်ဘူး၊ ဒီအတွက် ကိုယ်လုပ်ပေးနိုင်တာဘာမှသိပ်မရှိဘူးလို့ ထင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဆိုတာ တိုင်းရင်းသားတစ်ဦးချင်း တစ်ဦးချင်းစီကနေ အခြေတည်လာတာဖြစ်ပြီး အဲ့ဒီတိုင်းရင်းသားဆိုတဲ့အထဲမှာ ကိုယ်လည်း တစ်ဦးတစ်ယောက်အဖြစ် ပါဝင်နေတာကိုကြည့်ခြင်းအားဖြင့် ဒီအရေးမှာ ကိုယ်လည်းပဲ တစ်ထောင့်တစ်နေရာ ကနေ ပါဝင်နေတယ်ဆိုတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမြင်ခြင်းအားဖြင့် ဒီအရေးမှာ ကိုယ့်ရဲ့အခန်းကဏ္ဍဟာလည်း သိပ်တော့မသေးလှဘူးဆိုတာကို သိနိုင်မှာ ဖြစ်ပါတယ်။

### လွတ်လပ်ရေးအမွေ တန်ဖိုးမြှင့်

လွတ်လပ်ရေးနေ့တွေအတွက် နှစ်စဉ်နှစ်စဉ် အမျိုးသားရေးဦးတည်ချက်တွေ ချမှတ်ခဲ့ကြသလို ဒီနှစ်အတွက်လည်း ဦးတည်ချက် (၅) ရပ်ချမှတ်ထားတာကို အားလုံးတွေ့မြင်သိရှိကြ ပြီးဖြစ်မှာပါ။ ဒီနေရာမှာ ကိုယ်နဲ့ ဘယ်အချက် တွေနဲ့ ဘယ်လိုသက်ဆိုင်နေသလဲဆိုတာကို ကြည့်ပြီး ကိုယ်စွမ်းနိုင်ရာဘက်က အားဖြည့်ကူညီလိုက်မယ်ဆိုရင်၊ တိုင်းရင်းသားပြည်သူ တစ်ဦးချင်းတစ်ဦးချင်းစီက ပူးပေါင်းဆောင်ရွက်လိုက်မယ်ဆိုရင် ဒီဦးတည်ချက်တွေ ပိုမိုအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းရင်းနဲ့ ဘိုးဘေးတွေချန်ရစ်ခဲ့တဲ့ လွတ်လပ်ရေးအမွေကို တန်ဖိုးမြှင့်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဦးတည်ချက်တွေထဲက တစ်ချက်ဖြစ်တဲ့ မူးယစ်ဆေးဝါးသုံးစွဲမှု တားဆီးကာကွယ်ရေး ဆိုပါတော့။ တစ်နိုင်ငံလုံးမူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက် ရေးဆိုတာကြီးနဲ့ ယှဉ်ကြည့်လိုက်ရင် ကိုယ်ဘာမှ လုပ်ပေးနိုင်တာမရှိဘူးလို့ ထင်ရပါလိမ့်မယ်။ ဒါပေမယ့် အနည်းဆုံးတော့ ကိုယ့်ကိုယ်ကိုယ်စောင့်ထိန်းနိုင်ပါတယ်။ ဒီတစ်သက်လုံး မူးယစ်ဆေးမသုံးဘူးဆိုတဲ့ သန္နိဋ္ဌာန်မျိုးချမှတ် ပြီးတော့ လုံးဝရှောင်ကြဉ်နိုင်ပါတယ်။ ဒါဘာမှ မခက်ပါဘူး။ ကိုယ့်စိတ်ကိုယ်ပိုင်တာဖြစ်တဲ့အတွက် ကိုယ်မူးယစ်ဆေးမသုံးဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ကိုယ့်ဘာသာချမှတ်နိုင်ပါတယ်။ ဒါနဲ့အတူပဲ ကိုယ့်မိသားစုဝင်တွေထဲမှာများ မူးယစ်ဆေးသုံးနေတဲ့သူ တစ်ယောက်ယောက်ရှိနေသလား၊ ဒါဆိုရင် သူ့ကို ဆေးပြတ်သွားအောင် ဘယ်လိုကုသမှုပေးမလဲ၊ ဘယ်လိုစောင့်ရှောက်မှုတွေလုပ်ပြီး သူဆေးပြတ်သွားအောင် ပံ့ပိုးကူညီပေးမလဲ၊ ဒါကိုစဉ်းစားပြီး သက်ဆိုင်ရာ ဆေးရုံဆေးခန်းက တာဝန်ရှိသူတွေနဲ့ ချိတ်ဆက်ပြီး ကိုယ့်မိသားစုဝင်တစ်ယောက် မူးယစ်နွံအတွင်းက ပြန်လည်ရုန်းထွက်နိုင်အောင် ကူညီပေးနိုင်ပါတယ်။ ဒါလည်း သိပ်တော့မခက်ဘူး ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုပါပဲ။ ဒီက တစ်ဆင့်တက်ကြည့်ရင် ကိုယ့်သူငယ်ချင်းတွေထဲမှာ၊ ကိုယ့်ပတ်ဝန်းကျင်မှာ၊ ကိုယ်နေထိုင်တဲ့ရပ်ထဲရွာထဲမှာ မူးယစ်ဆေးသုံးနေတဲ့သူတွေ ရှိနေသလား၊ ရှိနေရင် သူတို့အတွက် ကိုယ်စွမ်း နိုင်ရာဘက်ကနေ ကူညီဖေးမပေးရင်းနဲ့ သူတို့တွေ မူးယစ်ဆေးပြတ်သွားဖို့အတွက် ဆောင်ရွက်ပေးနိုင်ပါတယ်။ ကိုယ်စီကိုယ်စီက ဒီလိုပူးပေါင်း ဆောင်ရွက်လိုက်ကြမယ်ဆိုရင် တစ်ချိန်ချိန်မှာတော့ မူးယစ်ကင်းစင်တဲ့မိသားစု၊ မူးယစ်ကင်းစင်တဲ့ ကျေးရွာ၊ မူးယစ်ကင်းစင်တဲ့ရပ်ကွက်တွေဖြစ်လာပြီး နောက်ဆုံးမှာ မူးယစ်ကင်းစင်တဲ့ နိုင်ငံတစ်ခုအဖြစ် ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

**လွတ်လပ်ရေးနေ့တွေအတွက် နှစ်စဉ်နှစ်စဉ် အမျိုးသားရေးဦးတည်ချက်တွေ ချမှတ်ခဲ့ကြသလို ဒီနှစ်အတွက်လည်း ဦးတည်ချက် (၅) ရပ်ချမှတ်ထားတာကို အားလုံးတွေ့မြင်သိရှိကြ ပြီးဖြစ်မှာပါ။ ဒီနေရာမှာ ကိုယ်နဲ့ ဘယ်အချက်တွေနဲ့ ဘယ်လိုသက်ဆိုင်နေသလဲဆိုတာကို ကြည့်ပြီး ကိုယ်စွမ်းနိုင်ရာဘက်က အားဖြည့် ကူညီလိုက်မယ်ဆိုရင်၊ တိုင်းရင်းသားပြည်သူ တစ်ဦးချင်းတစ်ဦးချင်းစီက ပူးပေါင်းဆောင်ရွက် လိုက်မယ်ဆိုရင် ဒီဦးတည်ချက်တွေ ပိုမိုအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။**

တစ်ဦးချင်း တစ်ယောက်ချင်းကနေ တစ်မိသားစု၊ တစ်မိသားစုကနေ တစ်ရပ်ကွက်၊ ဒီလိုနဲ့ တစ်ဆင့်တစ်ဆင့် တက်တက်သွားရင်း၊ ကိုယ့်ပတ်ဝန်းကျင်မှာရှိနေတဲ့ ပြုပြင်စရာလေးတွေကို တတ်နိုင်သမျှ ကူညီပြုပြင်ဆောင်ရွက်သွားရင်းနဲ့ တစ်စတစ်စ ပိုမိုကျယ်ပြန့်လာတဲ့ အောင်မြင်တိုးတက်မှုတွေကို ရရှိလာနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်စီကိုယ်စီ ပူးပေါင်းဆောင်ရွက်မှုတွေ အားကောင်းလာတဲ့ နောက်ဆုံးမှာတော့ တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးဆိုတဲ့အဆင့်ကို သူ့အလိုလိုရောက်ရှိသွားမှာဖြစ်ပါတယ်။ နေရာ တကာမှာ ကိုယ်နဲ့မဆိုင်ဘူး၊ ကိုယ်နဲ့မဆိုင်ဘူး ဆိုတဲ့ အတွေးမျိုးတွေ များလာရင်တော့ အနုတ် လက္ခဏာဘက်ကို ရွေ့ရွေ့သွားမှာဖြစ်ပါတယ်။

လွတ်လပ်ရေးနေ့ရောက်တိုင်းရောက်တိုင်း နောက်ကိုပြန်ကြည့်မယ်၊ လက်ရှိအခြေအနေကို သုံးသပ်မယ်၊ ရှေ့ကိုမျှော်ကြည့်ပြီး အားအင်တွေမွေးမယ်၊ ရှေ့ခရီးတစ်လျှောက်မှာ အင်တိုက် အားတိုက်ပူးပေါင်းပါဝင် ဆောင်ရွက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်တွေချမှတ်လိုက်မယ်၊ ဒီသုံးချက်လောက်ကိုတော့ လူတိုင်းလူတိုင်း၊ နိုင်ငံသားတိုင်း ဆောင်ရွက်သင့်တယ်လို့ ထင်မြင်မိပါတယ်။ အတိတ်ကအတိတ်မှာကျန်ခဲ့ပြီဆိုပေမယ့် အတိတ်ကိုအတိတ်အတိုင်း ထားရစ်ခဲ့လို့ မရပါဘူး။ သူ့အပေါ်မှာ ပြန်လည်ဝေဖန်သုံးသပ်ပြီးတော့ ဆင်ခြင်စရာ၊ သင်ခန်းစာယူစရာတွေကို ဖော်ထုတ်ကြရမှာ ဖြစ်ပါတယ်။ အတိတ်သမိုင်းကို ပြန်လည်ဆင်ခြင်နိုင်ဖို့အတွက် ကတော့ အတိတ်က ဖြစ်ရပ်တွေကို ကြီးတဲ့မျိုးဆက်တွေက ငယ်ရွယ် တဲ့ မျိုးဆက်တွေဆီကို အတွေ့အကြုံ ဗဟုသုတတွေ၊ အသိအမြင်တွေကို လက်ဆင့်ကမ်းမျှဝေသွားကြရမှာ ဖြစ်ပါတယ်။ ပစ္စုပ္ပန်အခြေအနေ အရပ်ရပ်ကိုလည်း တာဝန်ရှိသူတွေနဲ့အတူ တိုင်းရင်းသားပြည်သူ အားလုံးက ဝိုင်းဝန်းဆင်ခြင် သုံးသပ်ပြီးတော့ ရှေ့ကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုသွားကြမလဲဆိုတဲ့ လမ်းစဉ်တွေကို ဝိုင်းဝန်းဖော်ထုတ်ကြရမှာ ဖြစ်ပါတယ်။

### တိုင်းပြည်ရဲ့အနာဂတ် ပိုမိုတောက်ပလာနိုင်

တိုင်းပြည့်အရေး၊ နိုင်ငံ့အရေးဆိုတာ ကိုယ်နဲ့သိပ်မဆိုင်လှဘူးလို့ တွေးမယ်ဆိုရင်တော့ မဆိုင်ဘူးလို့ ထင်ချင်စရာရှိပေမယ့် သေသေချာချာ ပြန်တွေးကြည့်လိုက်ရင်တော့ ဒီနိုင်ငံအတွက် ကိုယ်လုပ်ပေးနိုင်တာတွေလည်း ရှိနေသေးပါလားဆိုတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ စေ့စေ့တွေးလေ ရေးရေးပေါ်လေဖြစ်လာမှာ ဖြစ်ပါတယ်။ တွေးမိသမျှလေးတွေအတိုင်း၊ တတ်နိုင်သမျှ အတိုင်းအတာလေးနဲ့ အားဖြည့် ကူညီလိုက်မယ်ဆိုရင်တော့ တစ်ဦးချင်းတစ်ဦးချင်းစီရဲ့ အားထုတ်ကြိုးပမ်းမှုများနဲ့အတူ ရှေ့ခရီးမှာ ဒီတိုင်းပြည်ရဲ့အနာဂတ် ပိုမိုလင်းလက်တောက်ပလာနိုင်မှာ ဖြစ်ပါတယ်။

လွတ်လပ်ရေးနေ့ရောက်တိုင်းရောက်တိုင်း ဒီနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီနိုင်ငံအတွက် ကိုယ်လုပ်ပေးနိုင်တာ ဘာများရှိပါလိမ့်ဦးမလဲလို့တွေးပြီး ရလာတဲ့ အတွေးလေးတွေနဲ့ ကိုယ်စွမ်းနိုင်ရာဘက်ကနေ ပါဝင်အားဖြည့်ဆောင်ရွက်ကြမယ်ဆိုရင်တော့ တစ်ဖြည်းဖြည်းနဲ့အားလုံး မျှော်လင့်နေတဲ့ ရွှေပြည်တော်ဟာ မျှော်တိုင်းမဝေးတော့တဲ့အခြေအနေကို ရောက်ရှိလာနိုင် မှာ ဖြစ်ပါတယ်။

အမျိုးသားစာဆိုတော်ကြီး အဘိုးဆရာ ဇော်ဂျီကတော့ “သင်သေသွားသော်၊ သင်ဖွား သောမြေ၊ သင်တို့မြေသည်၊ အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏” လို့ ရေးဖွဲ့လမ်းညွှန်ခဲ့ပါ တယ်။ ကိုယ့်ရွာကိုယ့်မြေ တိုးတက်ရေး၊ ကိုယ့် ဒေသ ကိုယ့်နိုင်ငံ တိုးတက်ရေးအတွက် တစ်ယောက်တစ်လက် ဝိုင်းဝန်းကြိုးပမ်းကြ ရင်းနဲ့ ဘိုးဘေးတွေ ချန်ထားခဲ့တဲ့ လက်ဆင့်ကမ်းအမွေကို တန်ဖိုးမြှင့်ကြပါစို့လို့ တင်ပြလိုက်ရပါတယ်။ ။


ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ရန်ကုန်မြို့သို့ ဝင်ရောက်လာသည်ကို တွေ့ရစဉ်။

# တန်ဖိုးမြှင့်ရမယ့် အမွေ

**သိုက်စိုးထွန်း (နတ်ရွာ)**

တစ်ချိန်တုန်းက သူ့ကျွန်ဘဝ ရောက်ခဲ့ဖူးတယ်ဆိုတဲ့အတွေးဟာ တကယ်တော့ တွေးကြည့်ရုံနဲ့ကို သွေးပျက်စရာကောင်းနေပါတယ်။ ကိုယ့်တိုင်းပြည်ကို တခြားနိုင်ငံက လူတွေကလာပြီး အုပ်ချုပ်၊ အိမ်ရှင်တွေက မောင်မင်းလူကလေးတွေ၊ ကျေးတော်မျိုး ကျွန်တော်မျိုးတွေဖြစ်၊ မခေါ်ဘဲ အတင်းရောက်လာတဲ့ ဧည့်စိမ်းတွေက အိမ်ဦးခန်းမှာ နေရာဝင်ယူပြီး ဘုရားထူးခံ သခင်ကြီးတွေဖြစ်၊ ကိုယ့်ရေကိုယ့်မြေ ကိုယ့်သယံဇာတတွေကို စိတ်တိုင်းကျထုတ်ယူသုံးစွဲ၊ လူကိုလည်း ချမ်းသာမပေး၊ ခြေအဆေးခံရတဲ့ အိုင်ငယ်တွေဖြစ်လိုဖြစ်၊ ဒီလိုအဖြစ်မျိုးတွေက ကံကောင်းလို့ အခုခေတ်မှာ မကြုံရပေမယ့် တကယ့်နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်တွေ့ကြုံခဲ့ရတဲ့ ဘိုးဘေးတွေမှာ ဘယ်လောက်များ စိတ်မသက်မသာဖြစ်ကြ ရှာလိမ့်မလဲဆိုတာကို တွေးမိပြန်တော့ တွေးမိတိုင်း ရင်နင့်စရာတွေပါ။

### အသက်များစွာရင်းပြီးရယူ

နှောင်းခေတ်လူတွေအတွက်ကတော့ အချုပ်အခြာအာဏာပိုင်လွတ်လပ်တဲ့ နိုင်ငံတစ်ခုမှာ ရှင်သန်နေထိုင်ခွင့်ရတာကိုက ကံကောင်းခြင်း တစ်ရပ်ဖြစ်ပါတယ်။ ရှေးကဘိုးဘေးတွေလို သူ့ကျွန်အဖြစ်နဲ့ ရုန်းကန်ရတဲ့ဘဝမှာ မနေကြရတော့ဘူး။ လွတ်လပ်စွာပဲ မွေးဖွားခဲ့သလို၊ လွတ်လပ်စွာပဲ ကြီးပြင်းခဲ့ကြရတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီနေ့တည်ရှိနေတဲ့ မျိုးဆက်တွေအတွက် ရှေးကဘိုးဘေးတွေက လွတ်လပ်ရေးကို အမွေအဖြစ်ပေးခဲ့ကြလို့ ဖြစ်ပါတယ်။ ဒီအမွေကို ဘိုးဘွားတွေက အသက်ပေါင်းမြောက်မြားစွာနဲ့ရင်းပြီး အရယူပေးခဲ့ကြရတာပါ။ လွတ်လပ်ရေးကြိုးပမ်းမှုကာလကိုက နှစ်ပေါင်းများစွာကြာခဲ့တာ ဖြစ်ပါတယ်။ ၁၈၈၅ ခုနှစ်ကနေ ၁၉၄၇ ခုနှစ် အထိ ကြာမြင့်ခဲ့ပါတယ်။

ဘိုးဘေးတွေက နှစ်ပေါင်းများစွာ အနုနည်း၊ အကြမ်းနည်း၊ နည်းမျိုးစုံနဲ့ တွန်းလှန်တိုက်ခိုက်ပြီးမှရလာတဲ့ လွတ်လပ်ရေးကို သားမြေးမြစ်တွေအတွက် အမွေတစ်ရပ်အဖြစ် လက်ဆင့်ကမ်း အပ်နှင်းထားပေးခဲ့ကြတာ ဖြစ်ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်မှာ ကျားကြောက်လို့ ရှင်ကြီးကိုးခဲ့ရတာလည်း ရှိသလို ရှင်ကြီးက ကျားထက်ဆိုးခဲ့တဲ့အတွက် ရှင်ကြီးကိုပါ ဝိုင်းဝန်းတွန်းလှန်ခဲ့ကြရပြန်ပါတယ်။ ဘာပဲဖြစ်ဖြစ် တိုင်းပြည်ချစ်စိတ်နဲ့ အားလုံးအတူလက်တွဲကြိုးပမ်းခဲ့ကြလို့သာ ဒီနေ့ဒီအချိန်မှာ လွတ်လပ်စွာရပ်တည်နေနိုင်တာ ဖြစ်ပါတယ်။ ဒီအမွေကို ချန်ခဲ့နိုင်တာ ဖြစ်ပါတယ်။ အခုဆိုရင် ဒီအမွေအနှစ်ကို လက်ခံရရှိခဲ့တာ နှစ်ပေါင်း ၇၀ ကျော်လာခဲ့ပြီ ဖြစ်ပါတယ်။

လွတ်လပ်ရေးနေ့ရောက်တိုင်း လုပ်ဆောင်သင့်တဲ့အချက် သုံးချက်လောက်ရှိတယ်လို့ ယေဘုယျအားဖြင့် ယူဆမိပါတယ်။ ပထမတစ်ချက်က လွတ်လပ်ရေးအလင်းရောင်ကို ဆောင်ကြဉ်းပေးခဲ့ကြတဲ့ ဘိုးဘေးတွေရဲ့ ဂုဏ်ကျေးဇူးတွေကို အောက်မေ့ဆင်ခြင်ကြရမှာ ဖြစ်ပါတယ်။ လွတ်လပ်ရေးတိုက်ပွဲဝင် ကာလအတွင်းမှာ သွေးမြေကျပြီး အသက်ဆုံးခဲ့ရရှာသူတွေ၊ တိုက်ပွဲဝင်ကာလတုန်းက ရှင်သန်

ဘိုးဘေးတွေက နှစ်ပေါင်းများစွာ အနုနည်း၊ အကြမ်းနည်း၊ နည်းမျိုးစုံနဲ့ တွန်းလှန်တိုက်ခိုက်ပြီးမှရလာတဲ့ လွတ်လပ်ရေးကို သားမြေးမြစ်တွေအတွက် အမွေတစ်ရပ်အဖြစ် လက်ဆင့်ကမ်း အပ်နှင်းထားပေးခဲ့ကြတာ ဖြစ်ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်မှာ ကျားကြောက်လို့ ရှင်ကြီးကိုးခဲ့ရတာလည်း ရှိသလို ရှင်ကြီးက ကျားထက်ဆိုးခဲ့တဲ့အတွက် ရှင်ကြီးကိုပါ ဝိုင်းဝန်းတွန်းလှန်ခဲ့ကြရပြန်ပါတယ်။

ကျန်ရစ်ခဲ့ကြပေမယ့် ယနေ့အချိန်မှာ သက်ရှိထင်ရှား မရှိရှာတော့တဲ့သူတွေကို အောက်မေ့တသ သတိရရင်း ဦးညွတ်ဂါရဝပြုကြသင့်သလို၊ ရည်စူးကုသိုလ်တွေပြုပြီး အမျှအတမ်းပေးဝေကြသင့်သလို၊ သက်ရှိထင်ရှားရှိနေသေးတဲ့ လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်ကြီးတွေကိုလည်း တတ်စွမ်းသမျှ ဂါရဝထားပြီး ချီးကျူးဂုဏ်ပြုပူဇော်မှုတွေ ပြုလုပ်သင့်ပါတယ်။ လွတ်လပ်ရေးအမွေပေးခဲ့ကြသူတွေရဲ့ ကျေးဇူးတရားကို ထာဝရဦးထိပ်ပန်ဆင်လျက်ရှိကြောင်း ပြသကြရမှာ ဖြစ်ပါတယ်။ လက်တွေ့မှာလည်း အကောင်အထည်ဖော် ဆောင်ရွက်နေကြတာကို တွေ့ရမှာ ဖြစ်ပါ တယ်။

ဒုတိယတစ်ချက်ကတော့ အတိတ်ကိုမမေ့ဖို့ ပြန်ပြောင်းအောက်မေ့ဆင်ခြင်မှုတွေ ပြုလုပ်သင့်တာ ဖြစ်ပါတယ်။ အတိတ်က ဘာကြောင့် သူ့ကျွန်ဘဝကျရောက်ခဲ့ရသလဲ၊ ဘယ်ကဏ္ဍတွေမှာ အားနည်းခဲ့လို့ ပြန်လည်တွန်းလှန်မှုတွေမပြု နိုင်ခဲ့တာလဲ၊ တိုက်ပွဲဝင်ကာလ ဘာ့ကြောင့် ကြာကြာရှည်ရှည်ဖြစ်ခဲ့ရတာလဲ၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလမှာရော ဘယ်အချက်တွေမှာ အားနည်းခဲ့လို့ အကွဲကွဲအပြဲပြဲ ဖြစ်ခဲ့ကြရသလဲ စသည်အားဖြင့် အပြန်ပြန်အလှန်လှန် သုံးသပ်ဆင်ခြင်မှုတွေ ပြုလုပ်သင့်ပါတယ်။ ပြန်လည်သုံးသပ်မှုတွေကရလာတဲ့ အသိတွေကို သင်ခန်းစာအဖြစ် ဖော်ထုတ်ပြီးတော့ ရှေ့လုပ်ငန်းစဉ်တွေမှာ လစ်ကွက်ဟာကွက်နည်းနိုင်သမျှနည်းအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ဗြိတိသျှရေတပ်က ရန်ကုန်ဆိပ်ကမ်းသို့ ၁၈၂၄ ခုနှစ် မေလတွင် ဝင်ရောက်ခဲ့သည့် သရုပ်ဖော်ပုံကို တွေ့ရစဉ်။



### တိုင်းပြည်ထူထောင်ရေး ပူးပေါင်းပါဝင်

တတိယအချက်ကတော့ လွတ်လပ်ရေးအမွေကို ဆောင်ကြဉ်းပေးခဲ့တဲ့ ဘိုးဘေးတွေရဲ့ဆန္ဒကို တတ်စွမ်းသမျှ ဖြည့်ဆည်းနိုင်ဖို့ သုံးသပ်ဆင်ခြင်ရင်း ရှေ့ခရီးအတွက် စိုင်းပြင်းကြရမှာ ဖြစ်ပါတယ်။ ဘိုးဘေးတွေ မျှော်မှန်းခဲ့တဲ့ပုံစံနဲ့ ဒီနေ့ဒီအချိန်မှာ ဆောင်ရွက်နေတဲ့ ဒီတိုင်းပြည်ရဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်တာကိုလည်း လွတ်လပ်ရေးအမွေပေးခဲ့တဲ့ ဘိုးဘေးတွေအပေါ်မှာ ကျေးဇူးတုံ့ပြန်ခြင်းတစ်ရပ်လို့ မှတ်ယူနိုင်မှာ ဖြစ်ပါတယ်။

လွတ်လပ်ရေးဆိုတာ အမွေအနှစ်တစ်ရပ် ဖြစ်တယ်ဆိုပေမယ့် ဒီအမွေကို ခက်ခက်ခဲခဲ အရယူပြီး ချန်ရစ်ခဲ့ကြရတာဖြစ်ပါတယ်။ အမွေဆိုတဲ့သဘောအရ မျိုးဆက်တစ်ခုနဲ့တစ်ခုကြားမှာ လက်ဆင့်ကမ်းထိန်းသိမ်းရင်းနဲ့ သူ့တန်ဖိုးကို မြင့်မားသထက်မြင့်မားလာအောင် ဆက်လက်ထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ အမွေအနှစ် တစ်ရပ်ဟာ တန်ဖိုးတက်လာသလား၊ တန်ဖိုးပြန်လည်ကျဆင်းသွားသလားဆိုတာကို အချိန်ကာလတစ်ခုနဲ့တစ်ခုအကြားမှာရှိတဲ့ ကွာဟချက်တွေကို နှိုင်းယှဉ်သုံးသပ်ခြင်းအားဖြင့် တိုင်းတာနိုင်ပါတယ်။ ဒီကနေ့ဒီအချိန်မှာ တည်ရှိနေတဲ့ နိုင်ငံတော်ရဲ့တန်ဖိုး၊ တစ်နည်းအားဖြင့် လွပ်လပ်ရေးအမွေရဲ့တန်ဖိုး မြင့်မားသထက် မြင့်မားလာစေဖို့အတွက်ကတော့ ဒီကနေ့ လက်ရှိနိုင်ငံသားအားလုံးမှာ တာဝန်ရှိနေတာ ဖြစ်ပါတယ်။

မိဘနဲ့ သားသမီးကြားမှာ ပေးလေ့ရှိကြတဲ့ ဥပမာနဲ့ပြောရရင် အနုဇာတ၊ အဝဇာတ၊ အတိဇာတရယ်လို့ သားသမီးသုံးမျိုးရှိပါသတဲ့။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆွေဂုဏ် မျိုးဂုဏ် စတဲ့အချက်တွေမှာ ကိုယ့်မိဘလက်ထက်ကလောက် ကောင်းအောင်၊ တိုးတက်အောင် မစွမ်းဆောင်နိုင်သူကို အနုဇာတ သားသမီးလို့ဆိုပြီး မိဘလက်ထက်ကအတိုင်းပဲ ဆက်လက်ထိန်းသိမ်းထားနိုင်သူကိုတော့ အဝဇာတ သားသမီးလို့ ဆိုလိုတယ်လို့ သိရပါတယ်။ အခြေအနေအရပ်ရပ်ကို ကိုယ့်မိဘလက်ထက်က ထက်သာလွန်အောင်စွမ်းဆောင်နိုင်သူတွေကိုတော့ အတိဇာတသားကောင်း သမီးကောင်းတွေလို့ ရည်ညွှန်းကြပါသတဲ့။ တိုင်းပြည်ရဲ့ အခြေအနေအရပ်ရပ်ကို တိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းကြရင်းနဲ့ အတိဇာတ သားသမီးများအဖြစ် ခံယူကြရရင်းနဲ့ ဒီအမွေကို တန်ဖိုးမြှင့်ကြရမှာ ဖြစ်ပါတယ်။

### နိုင်ငံသူ နိုင်ငံသားအားလုံး တာဝန်ရှိ

အများအားဖြင့် တိုင်းပြည်တည်ဆောက်ရေးဟာ တိုင်းပြည်ရဲ့အကြီးအကဲတွေ၊ ခေါင်းဆောင်တွေမှာသာ တာဝန်ရှိတာပဲလို့ ယူဆထားပြီး ကိုယ်နဲ့တော့ သိပ်မဆိုင်သလိုမျိုး ထင်မြင်မိတတ်ကြပါတယ်။ ဒါပေမယ့် သေချာပြန်စဉ်းစားကြည့်ရင် အကြီးအကဲတွေမှာ တာဝန်ရှိသလိုပဲ ဒီတိုင်းပြည် ဒီနိုင်ငံမှာနေထိုင်ကြတဲ့ နိုင်ငံသူနိုင်ငံသားအားလုံးမှာလည်း ကိုယ်စီကိုယ်စီတာဝန်တွေရှိကြတယ်ဆိုတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ အကြီးအကဲတွေကတော့ ဘာကိုလိုလားတယ်၊ ဘယ်ကိုသွားကြမယ်၊ ဘယ်ကိုဦးတည်တယ်ဆိုတဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ၊ ရည်မှန်းချက်၊ ဦးတည်ချက်တွေကို ချမှတ်ကြပြီးတော့ ဒီရည်မှန်းချက်၊ ဦးတည်ချက်တွေ အကောင်အထည်ဖော်ဖို့ အတွက်ကျတော့ အားလုံးရဲ့ ပူးပေါင်းပါဝင်မှုရရှိမှသာ အောင်မြင် ထိရောက်နိုင်တာ ဖြစ်ပါတယ်။

မိသားစုတစ်ခုနဲ့ ဥပမာပေးရရင် မိသားစု တစ်ခုတိုးတက်အောင်မြင်ဖို့အတွက် အိမ်ထောင်ဦးစီးမှာ တာဝန်ရှိသလို မိသားစုဝင်အားလုံးမှာလည်း တာဝန်ရှိပါတယ်။ အိမ်ထောင်ဦးစီး တစ်ယောက်တည်း ရုံးကန်လှုပ်ရှားနေရတာမျိုးထက် မိသားစုဝင်အားလုံးတက်ညီလက်ညီ ကြိုးစားအားထုတ်ကြတာက ပိုပြီးတော့ အောင်မြင်မှုရနိုင်ပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက်ကလည်း ဒီဥပမာအတိုင်းပါပဲ။ **အချပ်ပို (၈) သို့**

## လွတ်လပ်ရေးအဓိဋ္ဌာန်

❖ လွတ်လပ်မြန်မာ ပြည်သာယာဖို့
တစ်ဖြာလုံ့လ ဝီရိယဖြင့်
ထူးစွာသူများ ဇာနည်အားဖြင့်
မနားဆောင်တည် တင့်ခဲ့သည်။

❖ လွတ်လပ်နိုင်ငံ ချုပ်ခြာစံဖို့
အမှန်ကြိုးစား ပြည်သူ့အားဖြင့်
ထကြွားစွမ်းအင် ပြည့်သခင်တို့
အမြင့်လွှားကြွယ် ပေးဆပ်ထယ်။

❖ လွတ်လပ်ပြည်သူ ငြိမ်းစေမှုသား
ရွယ်ထူပင်လုံ စွမ်းအဟုန်ဖြင့်
မတုန်မလှုပ် သူတိုက်ထုတ်သည်
သေးနုပ်သူများ အဖျက်အား။

❖ မြို့ပြနိုင်ငံ ရွှေတိုင်းစံသည့်
အမှန်တို့ပြည် ရွှေမြန်ပြည်ကား
တည်ကြည်ခန့်ညား ကမ္ဘာလွှားထိ
ကျော်ကြားအံ့လောက် ဂုဏ်ရည်ပေါက်သည်
ထွန်းတောက်သာသနာ ဝေစည်ဖြာ။

❖ တိုင်းရင်းသားစုံ ပူအေးကြုံလည်း
မဖြုံငါတို့ ညီစေတို့က
ဘေးတို့အဖျက် ဝင်လာစွက်လည်း
တွဲလက်ညီစေ တိုက်မသေ့ဖြင့်
တို့တွေလွတ်လပ် ချုပ်ခြာအပ်သည့်
မြင့်မြတ်ဘိုးဘေး တို့မျိုးသွေးဖြင့်
မနေးကာကွယ် ကမ္ဘာတည်ရယ်ထိ
ပြုနှယ်တို့များ ညီစေအားဖြင့်
ထကြွားဆောင်မည် ဓိဋ္ဌာန်တည်။ ။

ရေချမ်း (မန်း)